ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်၊ ကြာသပတေးနေ့ (14-8-2014) (၇၉၃၂)


ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

**မိုးရွာသွန်းမှု**

၁၃-၈-၂၀၁၄

| | | |
|---|---|---|
| မြောက်ဦး | ၃ ဒသမ ၄၆ | လက်မ |
| တောင်ကုတ် | ၃ ဒသမ ၄၃ | လက်မ |
| လောင်းလုံ | ၂ ဒသမ ၄၈ | လက်မ |
| လှိုင်းဘွဲ့ | ၂ ဒသမ ၃၅ | လက်မ |
| ရေး | ၂ ဒသမ ၂၀ | လက်မ |
| သံတွဲ | ၁ ဒသမ ၉၇ | လက်မ |
| မြစ်ကြီးနား | ၁ ဒသမ ၉၃ | လက်မ |
| ရွှေကျင် | ၁ ဒသမ ၈၉ | လက်မ |

# ဇမ္ဗူသီရိအထူးကုဆေးရုံကြီးနှင့် ဇမ္ဗူသီရိဖောင်ဒေးရှင်းတို့ ဒုတိယအကြိမ် အခမဲ့မျက်စိခွဲစိတ်ကုသ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကြည့်ရှုအားပေးပြီး နေကာမျက်မှန်များ လက်ဆောင်ပေးအပ်

**နေပြည်တော် ဩဂုတ် ၁၃**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ဇမ္ဗူသီရိအထူးကုဆေးရုံကြီးနှင့် ဇမ္ဗူသီရိဖောင်ဒေးရှင်းတို့ ပူးပေါင်းစီစဉ်ဆောင်ရွက်သည့် ဒုတိယအကြိမ် အခမဲ့ မျက်စိကုသစောင့်ရှောက်မှုကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါဆေးရုံကြီး၌ ပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကြည့်ရှုစစ်ဆေးအားပေးသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များနှင့်အတူ ဇမ္ဗူသီရိဆေးရုံ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ ဇမ္ဗူသီရိဖောင်ဒေးရှင်းမှ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဆေးရုံခွဲစိတ်ကုသဆောင်၌ အထူးကုဆရာဝန်ကြီး ဒေါက်တာဆွေဦးလွင်၊ ဒေါက်တာ ဇေဇီကျော်နှင့် ဒေါက်တာဝင်းပပအောင်တို့က မျက်စိဝေဒနာရှင်များအား ခွဲစိတ်ကုသပေးနေမှုများကို လှည့်လည်ကြည့်ရှုပြီး မျက်စိခွဲစိတ်ကုသရန် စောင့်ဆိုင်းနေသည့် မျက်စိဝေဒနာရှင်များနှင့် ခွဲစိတ်ကုသပြီး မျက်စိဝေဒနာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

**စာမျက်နှာ ၈ ကော်လံ ၆ သို့ ☆**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မျက်စိစမ်းသပ်ကုသမှုခံယူကြမည့် ဝန်ထမ်းများနှင့် မိဘိုသုဝန်ထမ်းမိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)



# ဓမ္မစေတီခေါင်းလောင်းဆယ်ယူမှု လာကြည့်သူများခြင်းကြောင့် သမ္ဗန်သမားများ အလုပ်ဖြစ်နေ

သတင်းနှင့်ဓာတ်ပုံ-ထက်ခိုင်(စမ်းချောင်း)

**ရန်ကုန် ဩဂုတ် ၁၃**

ရန်ကုန်မြို့၏ မြစ်သုံးစင်းဆုံရာနေရာတွင် ဓမ္မစေတီခေါင်းလောင်းဆယ်ယူရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိရာ အဆိုပါဆယ်ယူသည့်နေရာသို့ သွားရောက်ကြည့်ရှုသူများခြင်းကြောင့် သမ္ဗန်သမားများ အလုပ်ဖြစ်နေကြကြောင်း သိရှိရသည်။

**စာမျက်နှာ ၈ ကော်လံ ၃ သို့ ❖**




ကြေးမုံစာတည်းရှုထောင့် ၁၄-၈-၂၀၁၄၊ ကြာသပတေးနေ့

# ရေပြည့်ရေလျှံ လျှော့ချနိုင်

ကမ္ဘာကြီးပူနွေးလာမှုကြောင့် ဝင်ရိုးစွန်းဒေသ ရေခဲကန္တာရများအရည်ပျော်လာသည်။ ကမ္ဘာ့သမုဒ္ဒရာကြီးများသို့ စီးဝင်အားဖြည့်ပေးလာမှုကြောင့် ကမ္ဘာ့ရေထုမြင့်တက်လာခဲ့သည်။ ကျွန်းနိုင်ငံများ၊ ပင်လယ်ကမ်းစပ်နှင့်နီးရာ မြေနိမ့်ဒေသများ အန္တရာယ်နှင့် ကြုံလာရသည်။ အထူးသဖြင့် ကမ္ဘာ့မြို့ကြီးများသည် ပင်လယ်နှင့်နီးရာ ဒေသများတွင်ရှိနေရာ ကြိုတင်ပြင်ဆင်အသင့်ပြင်ထားမှ တော်ကာကျမည့်အခြေအနေတွင်ရှိနေသည်။

အထူးသဖြင့် ကမ္ဘာ့လူဦးရေ၏ငါးရာခိုင်နှုန်းဝန်းကျင်ခန့်ရှိသော ကမ်းရိုးတန်းနေပြည်သူ သန်း ၆၀၀ တို့သည် လာမည့်သက္ကရာဇ် ၂၁၀၀ အရောက်တွင် ရေကြီးရေလျှံမှုဒဏ်နှင့် ကြုံတွေ့နိုင်ကြောင်း၊ သို့ဖြစ်၍ ကမ်းရိုးတန်းဒေသရှိ ကမ္ဘာ့နိုင်ငံများ ထိုရေလျှံမှုဒဏ်မှ ကာကွယ်နိုင်ရေးအတွက် ရေနုတ်မြောင်းများတည်ဆောက်ခြင်းနှင့် အခြားအကာအကွယ်များ တည်ဆောက်ခြင်းများတွင် ရင်းနှီးမြှုပ်နှံကြိုတင်လုပ်ဆောင်ထားသင့်ကြောင်း ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုဖိုရမ်အဖွဲ့က သတိပေးထားသည်။

မိမိတို့နိုင်ငံရှိ အချို့မြို့သည်လည်း ပင်လယ်ကမ်းစပ်တွင်တည်ရှိနေရာ ရန်ကုန်မြို့အပါအဝင် မြို့ကြီးတချို့သည် ပင်လယ်ဒီရေဝင်ထွက်ရာ မြေနိမ့်လွင်ပြင်များတွင် ရှိနေသည်။ ရမ်းဗြဲ၊ မာန်အောင်၊ ရှင်မဖြူကျွန်းများ၊ ကိုကိုးကျွန်း၊ မြိတ်ကျွန်းစုများတွင်လည်း မြို့ပြကျေးရွာများနှင့် စည်စည်ကားကားရှိနေသည်။ ကမ္ဘာနှင့်အဝှမ်းကြုံနေရသည့် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ကြုံတွေ့ရဖွယ်ရှိသော နေရာဒေသများဖြစ်နေသည်။

ပစိဖိတ်သမုဒ္ဒရာထဲက တီရိဘာတီကျွန်းစုသည် ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာမှုဒဏ်ကို ဦးစွာခံနေကြရပြီဖြစ်သည်။ သန္တာကျွန်း ၃၀ ခန့်နှင့် ဖွဲ့စည်းထားသော ဤကျွန်းစုနိုင်ငံလေးနေပြည်သူများ လက်ရှိထက်အခြေအနေပိုဆိုးလာပါက ဖီဂျီကျွန်းနိုင်ငံသို့ ပြောင်းရွှေ့နေထိုင်ကြရတော့မည့်အခြေအနေဖြစ်လာနေပြီ။

ရန်ကုန်မြို့တွင်လည်း မိုးရွာလိုက်သည်နှင့် လမ်းများရေပြည့်ရေလျှံကာ သွားရေးလာရေး အခက်ကြုံလာနေရပြီ။ ယခင်က ယခုကဲ့သို့ ဆိုးဆိုးရွားရွားမရှိခဲ့။ လက်ရှိပင်လယ်ရေမြင့်တက်လာနေမှုနှင့်လည်း ဆက်စပ်နိုင်သည်။ တစ်ဖက်တွင် ရေပြင်မြင့်တက်၊ အခြားတစ်ဖက်တွင် မြေပြင်နိမ့်ကျနှင့် ဆိုနိုင်သည်။

ရန်ကုန်မြို့ပြဖွံ့ဖြိုးရေးတွင် ဤအချက်များသည် အဓိကထားရမည့်ပြဿနာရပ်များ ဖြစ်လာနေသည်။ နှစ်စဉ် တိုးပွားလာနေသည့် လူဦးရေကလည်း ဘူးလေးရာဖရုံဆင့်ဆိုသလို မြို့ပြအတွက် ဝန်ထုပ်ဝန်ပိုး ပိုလာရသည်။ ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ရန်ကုန်မြို့တွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီက ငွေကျပ် ၅၅ ဘီလီယံသုံးစွဲသွားမည်ဟု သိရသည်။

မြို့တွင်းရှိ တောင်မြောက်သွယ်တန်းလမ်းများကို တိုးချဲ့ခြင်း၊ လမ်းဘေးဝဲယာပလက်ဖောင်းများ ပြုပြင်ခြင်း၊ ရေမြောင်းများ၊ မြောင်းအဖုံးများကို အသစ်ပြုလုပ်ခြင်း၊ ပြုပြင်ခြင်း စသည်များကို အလေးထားဆောင်ရွက်သွားမည်ဟုသိရသည်။ ရေကြီးရေလျှံခြင်းမှ သက်သာခွင့်ရစေရန် ရေမြောင်းများတိုးချဲ့ခြင်း၊ ရေစုပ်စက်များဖြင့် ရေစုပ်ထုတ်ခြင်းအပြင် အရေးကြီးဆုံးအချက်တစ်ရပ်မှာ ရေသိုလှောင်ကန်များတူးဖော်သိုလှောင်ခြင်းပင်ဖြစ်သည်။

တစ်ချိန်က ရန်ကုန်မြို့ပြဖွဲ့တည်ခဲ့မှုတွင် ယခုလိုရေစုကန်များ တူးဖော်ပေးထားခဲ့သည်။ ထိုကန်များကျေးဇူးကြောင့် မိုးတွင်းလမ်းများ ရေပြည့်ရေလျှံမရှိခဲ့သလောက်ဟု သိရသည်။ အကြောင်းအမျိုးမျိုးကြောင့် ထိုကန်များ မြင်ကွင်းမှပျောက်သွားသည်။ ဤသို့ဖြင့် မြစ်ရေ၊ မိုးရေများ လမ်းပေါ်သို့ ပြန့်ကြရောက်လာခဲ့ရသည်။ ဤသို့ဖြင့် ရန်ကုန်မြို့တွင်းလမ်းများ မိုးရေတက်ရေ တဖွေးဖွေးနှင့် ဖွေးဖွေးလှုပ်လှုပ်ဖြစ်သွားသည်။

ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်ဖြစ်သည့် ကျောက်တံတား၊ လမ်းမတော်၊ လသာ၊ ဗိုလ်တထောင်၊ ပုဇွန်တောင်နှင့် ပန်းဘဲတန်းမြို့နယ်များတွင် ရေကြီးရေလျှံဖြစ်ပွားမှုလျော့ကျစေရန် စစ်တမ်းကောက်ယူအချက်အလက်စုဆောင်း ဆောင်ရွက်လျက်ရှိနေကြောင်း သိရသည်။

မျက်မှောက်ကာလ ရာသီဥတုဖောက်ပြန်မှုကြောင့် ပင်လယ်ရေမြင့်တက်လာမှုကို မတားဆီးနိုင်သော်လည်း မြေအောက်ရေရယူမှုကို စနစ်တကျရှိစေရေး၊ မြို့နယ်များတွင် သင့်တော်သည့်နေရာ၌ ရေစုကန်များကို ပြန်လည်ဖော်ထုတ်ပေးရေးများကို ဆောင်ရွက်လာနိုင်ပါက ရန်ကုန်မြို့၏ စီးပွားရေးအချက်အချာနေရာ မြို့တွင်းမြို့နယ်များတွင် ရေပြည့်ရေလျှံမှုကို အတိုင်းအတာတစ်ခုထိလျှော့ချလာနိုင်မည်ဖြစ်ပါသည်။ သို့ဆိုပါလျှင် စီးပွားရေးမြို့တော်ရန်ကုန်၏မြို့ပြဂုဏ်အင် မြို့ပြအလှပိုပြင်လာမည်မှာ အမှန်ဖြစ်ပါကြောင်း။ ။

# တရားမဝင်နိုင်ငံဖြတ်ကျော်သွားရောက်သူအား လွှဲပြောင်းပေးအပ်

**တာချီလိတ် ဩဂုတ် ၁၃**

မလေးရှားနိုင်ငံသို့ တရားမဝင်လမ်းကြောင်းဖြင့် သွားရောက်ရာမှ လာအိုနိုင်ငံတွင်ထိန်းသိမ်းခံခဲ့ရသော မြန်မာနိုင်ငံသားတစ်ဦးအား ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို ဩဂုတ် ၁၂ ရက်က လာအိုနိုင်ငံ ဘော်ကဲယိုးပြည်နယ် တုန်းဖိန်းမြို့နယ် မိုင်းမောဆိပ်ကမ်း၌ ပြုလုပ်ရာ မိုင်းမော လေးနိုင်ငံ နယ်စပ်စစ်ဆေးရေးဂိတ် လူဝင်မှုကြီးကြပ်ရေးဦးစီးမှူး Mr.Hom Phan Khan Tha Seng နှင့်တာချီလိတ်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာလွင်တို့က လွှဲပြောင်းပေးအပ်ခြင်းလက်မှတ်ရေးထိုးကြကာ တရားမဝင်နိုင်ငံဖြတ်ကျော်သွားလာခဲ့သူအား လာအိုနိုင်ငံ တာဝန်ရှိသူများက



မြန်မာတာဝန်ရှိသူများထံ တရားဝင်လွှဲပြောင်းပေးအပ် လက်ခံရယူကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ပြည်တော်သာကျေးရွာနေ အဘဦးကမ်းခင်သာ၏သားဖြစ်သူ အသက်(၁၉)နှစ်အရွယ်ရှိ ချင်းတိုင်းရင်းသား မောင်ခန်းကျင်သည် မလေးရှားနိုင်ငံသို့ တရားမဝင်လမ်းကြောင်းမှ သွားရောက်ရာတွင် လာအိုနိုင်ငံအတွင်းမှ တရားမဝင်ဖြတ်ကျော်သွားလာစဉ် လာအိုနိုင်ငံတာဝန်ရှိသူများက ဖမ်းဆီးပြီး လာအိုနိုင်ငံဥပဒေအရ တစ်နှစ်နှင့်နှစ်လတာ ဖမ်းဆီးအရေးယူခံခဲ့ရကာ ပြစ်ဒဏ်စေ့သည့်အချိန်တွင် မြန်မာနိုင်ငံဘက်သို့ တရားဝင်လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်သည်။ မောင်ခန်းကျင်အား ၎င်း၏ဇာတိ ကလေးမြို့နယ်သို့ ပြန်လည်သွားရောက်နိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မောင်ယဉ်ကျေး)**

# မြို့နယ်ရဲတပ်ဖွဲ့မှူးသင်တန်းဖွင့်

**ဇီးပင်ကြီး ဩဂုတ် ၁၃**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး သင်တန်းအမှတ်စဉ် (၅၁) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၁ ရက်က မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရဲအရာရှိလေ့ကျင့်ရေးကျောင်း (ဇီးပင်ကြီး) အစည်းအဝေးခန်းမ(၂)တွင် ကျင်းပသည်။အခမ်းအနားသို့ ရဲအရာရှိလေ့ကျင့်ရေးကျောင်း ကျောင်းအုပ်ကြီး ရဲမှူးကြီး မိုးမောင်သန်း၊ ဒုတိယကျောင်းအုပ်ကြီး၊ နည်းပြမှူးချုပ်၊ ဌာနခွဲမှူးများ၊ ဒုတိယဌာနခွဲမှူးများ၊ ဘာသာရပ်ဆိုင်ရာနည်းပြများ၊ သင်တန်းသား ရဲမှူးခြောက်ဦး၊ ဒုတိယရဲမှူး ၄၄ ဦး စုစုပေါင်း ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ရဲအုပ်ကျော်မိုး)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဩဂုတ် ၁၃**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၇၅၀၀၀ | - | ၆၇၆၀၀၀ |
| မန္တလေး | ရွှေဈေး | ၆၇၅၀၀၀ | - | ၆၇၆၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၂၀၀ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၄၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၉၇၁. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၉၇. ၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၅၇. ၆၈ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၀. ၂၇၃ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၃. ၉၆ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၅. ၈၉၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၉၄၉. ၄၅ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၄. ၅၃၈ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၉၀၀. ၇၈ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၇၆. ၅၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**






# ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း
# ကရင်ပြည်နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်




**နေပြည်တော် ဩဂုတ် ၁၃**

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် ဒုတိယဝန်ကြီး ဗိုလ်ချုပ်တင်အောင်ချစ်၊ ဦးတင်ငွေ၊ ဒေါက်တာဒေါ်သိန်းသိန်းဌေး၊ တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည့် ကရင်ပြည်နယ် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ညှိနှိုင်းအစည်းအဝေးသို့ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်နယ်ရေးရာကော်မတီဝင်များ၊ ခရိုင်/မြို့နယ် အထောက်အကူပြုကော်မတီဝင်များ၊ ငြိမ်းချမ်းရေးအဖွဲ့ဝင်များ၊ NGO၊ INGO များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း**(အပေါ်ယာပုံ)**က နိုင်ငံတော် အစိုးရအနေဖြင့် ပြည်ထောင်စုကြီးဖွံ့ဖြိုးတိုးတက်ရန် ဘက်စုံကဏ္ဍစုံမှ ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စနစ်တစ်ခုမှ တစ်ခုသို့ ပြောင်းလဲရာတွင် ညင်သာချောမွေ့စွာ ကူးပြောင်းနိုင်ရေးသည် အရေးကြီးပါကြောင်း၊ ဒေသတစ်ခုနှင့် တစ်ခု တစ်နေရာနှင့်တစ်နေရာ ဆူကြုံနိမ့်မြင့် ကွာဟမှုများ လျော့နည်းပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး တစ်ပြိုင်နက်တည်း မျှတစွာဖွံ့ဖြိုးတိုးတက်ရန်အတွက် မိမိတို့တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အချင်းချင်း ကျောသား ရင်သား မခွဲခြားဘဲ အားလုံးဖွံ့ဖြိုးတိုးတက်စေရမည်ဟူသော မွန်မြတ်သည့် ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝအရင်းအမြစ်၊ လူ့စွမ်းအားအရင်းအမြစ်များနှင့် နည်းပညာအရင်းအမြစ်များ ပေါင်းစပ်ဆောင်ရွက်နိုင်ရန် ကဏ္ဍစုံမှ အကောင်အထည်ဖော်လျက် ရှိပါကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများ အရည်အသွေးမြင့်မားရန် ကြိုးပမ်းအကောင်အထည်ဖော်လျက် ရှိပါကြောင်း၊ ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် ရလဒ်ကောင်းများရရှိ၍ ကျေးရွာများ၊ မြို့နယ်များ၊ ဒေသများအဖြစ် အဆင့်ဆင့် ဖြစ်ပေါ်လာစေရေးအတွက် ဒေသခံတိုင်းရင်းသားညီအစ်ကိုမောင်နှမများ အားလုံး စည်းလုံးညီညွတ်စွာ အတူတကွ ဝိုင်းဝန်းလက်တွဲ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

နိုင်ငံတော်အစိုးရသည် ပြုပြင်ပြောင်းလဲရေးမူဝါဒများ ချမှတ်၍ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူများကလည်း ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ကြရန်ဖြစ်ပြီး ပြည်ထောင်စုအစိုးရနှင့် ပေါင်းစပ်ညှိနှိုင်း၍ တက်ညီလက်ညီ ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းမှု ရရှိလာသည်နှင့်အမျှ ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၈)ရပ်ဖြင့် တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့ဒေသ သဘာဝနှင့် ကိုက်ညီသည့် အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ခေတ်စနစ်နှင့်အညီ ပြည်သူ့ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မိမိတို့တာဝန်ကျရာ နေရာဒေသများတွင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ဒေသဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရသည် ပထမအဆင့်ပြောင်းလဲမှုအဖြစ် နိုင်ငံတော်တည်ငြိမ်ရေးနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့ပါကြောင်း၊ ဒုတိယအဆင့်အနေဖြင့် စီးပွားရေး၊ လူမှုရေး ပြုပြင်ပြောင်းလဲမှုများကို ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး တတိယအဆင့်အနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ဒီမိုကရေစီနိုင်ငံတော်အတွက် အုတ်မြစ်များချမှတ်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွား လိုအပ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရာတွင် အချိန်အတိုင်းအတာတစ်ခုရှိရန် လိုအပ်ပြီး အချိန်ယူလုပ်ဆောင်ရန်လည်း လိုအပ်ပါကြောင်း၊ ကောင်းမွန်သည့် အုပ်ချုပ်မှု၊ သန့်ရှင်းသည့် အစိုးရဖြစ်ရန်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲမှုများတွင် တာဝန်သိမှု၊ တာဝန်ခံမှုနှင့် တာဝန်ယူမှုဟူသည့် ပွင့်လင်းမြင်သာသည့် အကျိုးဝင်မှုများကို အလေးထားဆောင်ရွက်လျက် ရှိပါကြောင်း၊ အောက်ခြေတွင် လုပ်ဆောင်နိုင်ရန် တာဝန်ယူခွင့်ပြုလျက်ရှိသကဲ့သို့ အောက်ခြေ တာဝန်ရှိသူများကလည်း အဖွဲ့အစည်းအဆင့်ဆင့်ကို တာဝန်ခံ၍ အပြန်အလှန်ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ကရင်ပြည်နယ်သည် သဘာဝသယံဇာတအရင်းအမြစ်များ ပေါများကြွယ်ဝပြီး ရေမြေသဘာဝအရင်းအမြစ် စသည့်အခြေခံကောင်းများ ရှိပါကြောင်း၊ ယခင်က မတည်ငြိမ်မအေးချမ်းခဲ့သည့်အတွက် ခေတ်နောက်ကျကျန်ခဲ့သည်များကို ယခုခေတ်မီဖွံ့ဖြိုးတိုးတက်ရန် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးများက မိမိတို့သက်ဆိုင်ရာ ကဏ္ဍများအလိုက် အသီးသီးရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးတို့က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ဒေသတည်ငြိမ်အေးချမ်းပြီး ဒေသတွင်းစည်းလုံးညီညွတ်မှုရှိမှသာ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါကြောင်း၊ ယခုဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်နယ်အဆင့်ဆောင်ရွက်ပေးနိုင်သည်များကို အကောင်အထည်ဖော် ဆောင်ရွက်ပေးကြရမည်ဖြစ်ပြီး ပြည်ထောင်စုအဆင့် ဆောင်ရွက်ပေးရမည့်ကိစ္စရပ်များကို ပြည်ထောင်စုအဆင့်က ညှိနှိုင်းဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း၊ ဆောင်ရွက်ရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ တည်ငြိမ်အေးချမ်းပြီး ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာသည်နှင့်အမျှ ငြိမ်းချမ်းခြင်း၏ အသီးအပွင့်များကို ရယူခံစားနိုင်မည် ဖြစ်ကြောင်းဖြင့် ပြောကြားပြီး တက်ရောက်လာကြသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။ **(သတင်းစဉ်)**

## သတင်းထောက်များ မွမ်းမံသင်တန်းဖွင့်မည်

**နေပြည်တော် ဩဂုတ် ၁၃**

မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် သတင်းရေးသားနေကြသော သတင်းထောက်များ သွက်လက်ထက်မြက်သောသတင်းများ ရေးသားနိုင်ရေးနှင့် လုပ်ငန်းသဘောသဘာဝများကို ပိုမိုသိရှိနားလည်နိုင်ရေးအတွက် သတင်းထောက်များမွမ်းမံသင်တန်း (၂/၂၀၁၄)ကို ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ဖွင့်လှစ်မည်ဖြစ်သည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ (အရှေ့ပိုင်း)နှင့် ကယားပြည်နယ်အတွင်းရှိ မြို့နယ်များမှ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းထောက်များ ဖုန်း-၀၆၇-၃၆၀၂၅၊ ၀၆၇-၃၆၀၂၈ နှင့် ၀၁-၂၉၂၈၃၂ တို့သို့ ဆက်သွယ်သတင်းပို့နိုင်ပါသည်။ **(ကြေးမုံ)**




# ပြည်ထောင်စုဝန်ကြီး ဦးငြေးအောင် နေပြည်တော်ရှိ ဟိုတယ်များမှ
# အထွေထွေမန်နေဂျာများနှင့် စားသောက်ဆိုင်လုပ်ငန်းရှင်များအား တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၃**

နေပြည်တော်တွင် ကျင်းပမည့် (၄၆) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဒုတိယအကြိမ် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ကြမည့် ဧည့်သည်တော်များနှင့် ကိုယ်စားလှယ်များ အဆင်ပြေစွာတည်းခိုနေထိုင်ရေးနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ဥတ္တရသီရိဟိုတယ်ဇုန်ရှိ မောင့်ပလဲဆင့်ဟိုတယ်၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးငြေးအောင်**(အပေါ်ပုံ)** တက်ရောက်ပြီး အမှာစကားပြောကြားရာတွင် မကြာခင်က (၄၇)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများကို ကျင်းပခဲ့ပါကြောင်း၊ ယခုလကုန်ပိုင်းတွင်လည်း (၄၆)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ဆက်လက်ပြီး ဒုတိယအကြိမ် အာဆီယံထိပ်သီးအစည်းအဝေးကို ယခုနှစ်နှောင်းပိုင်းတွင် ကျင်းပသွားရန် အစီအစဉ် ရှိပါကြောင်း၊ နေပြည်တော်ရှိ ဟိုတယ်များအနေဖြင့် မိမိတို့ဟိုတယ်အလိုက် ဆောင်ရွက်ရန်ကျန်ရှိသည့် စီမံကိန်းလုပ်ငန်းများအား သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးအောင် ယခုမှစ၍ ကြိုးစားဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် အထွေထွေမန်နေဂျာများက သိရှိလိုသည့်အချက်များကို မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းပြောကြားခြင်း၊ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခြင်းတို့ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဟသ်ာတ-လှိုင်သာယာ ရထားလမ်းပိုင်းမှ လှိုင်သာယာ-ညောင်တုန်း ရထားလမ်းပိုင်းအား ရထားပြေးဆွဲမှု ယာယီရပ်ဆိုင်းထားမည်

**နေပြည်တော် ဩဂုတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးကို ဆက်သွယ်၍ ဧရာဝတီမြစ်ကို ဖြတ်သန်းဖောက်လုပ်ထားသော ဟသ်ာတ-လှိုင်သာယာ ရထားလမ်းကို ၂၀၁၄ ခုနှစ် မေ ၂၄ ရက်မှ စတင်ဖွင့်လှစ်ပြေးဆွဲခဲ့သည်။

အဆိုပါရထားလမ်းဖောက်လုပ်စဉ်က ညောင်တုန်းနှင့် လှိုင်သာယာ လမ်းပိုင်းတွင် ငါးကန်များ၊ ရေနက်ကွင်းများကို ဖြတ်သန်းဖောက်လုပ်ခဲ့ရာ ယခု မိုးရာသီအတွင်း ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးများတွင် မိုးရွာသွန်းမှုများခြင်းကြောင့် ရထားလမ်းတာပေါင်များ နိမ့်ကျွံမှုများ ဖြစ်ပေါ်ခဲ့သည်။

သို့ဖြစ်၍ ခရီးသွားလုပ်သားပြည်သူများ လိုရာခရီးသို့ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် လမ်းပိုင်းမြေနိမ့်ကျွံချို့ယွင်းမှုများ ဖြစ်ပေါ်နေသော လှိုင်သာယာ-ညောင်တုန်းလမ်းပိုင်းကို လိုအပ်သော ပြုပြင်မှုများ ဆောင်ရွက်နိုင်ရန် မိုးတွင်းကာလအတွင်း လှိုင်သာယာနှင့် ညောင်တုန်းလမ်းပိုင်းအား ရထားပြေးဆွဲမှုအစီအစဉ်များကို ယာယီရပ်ဆိုင်းထားမည်ဖြစ်သည်။

ဟသ်ာတ-လှိုင်သာယာ လမ်းပိုင်းတွင် ဟသ်ာတ-ညောင်တုန်းလမ်းပိုင်းအား ယခင်ပြေးဆွဲမှုအတိုင်း ဆက်လက်ပြေးဆွဲသွားမည်ဖြစ်ပြီး ညောင်တုန်း-လှိုင်သာယာ လမ်းပိုင်းအား လမ်းပိုင်းပြုပြင်နေချိန်ကာလအတွင်း ခေတ္တရပ်ဆိုင်းထားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## မုံရွာစီးပွားရေးတက္ကသိုလ် စာအုပ်ဈေးရောင်းပွဲတော်ကျင်းပ

**မုံရွာ ဩဂုတ် ၁၃**

မုံရွာစီးပွားရေးတက္ကသိုလ် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် စာအုပ်ဈေးရောင်းပွဲတော်ကို ဩဂုတ် ၁၃ ရက်တွင် ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။ မုံရွာစီးပွားရေးတက္ကသိုလ်အနေဖြင့် ပထမဦးဆုံးအကြိမ်ပြုလုပ်ခြင်းဖြစ်ပြီး မုံရွာမြို့ပေါ်မှ အောင်မင်္ဂလာစာအုပ်ဆိုင်နှင့် အဓိပတိစာအုပ်ဆိုင်များမှ သုတရသဆိုင်ရာနှင့် ဘာသာရပ်ဆိုင်ရာစာအုပ်များ ခင်းကျင်းပြသရောင်းချခဲ့ကြောင်း၊ ဩဂုတ် ၁၅ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

စာအုပ်ဈေးရောင်းပွဲတော်ကို မုံရွာစီးပွားရေးတက္ကသိုလ်စာကြည့်တိုက်ဌာနမှ ဦးစီးကျင်းပခြင်းဖြစ်ပြီး မုံရွာစီးပွားရေးတက္ကသိုလ်တာဝန်ခံပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခဌာနမှူးများ၊ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများက စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **(ကြေးမုံ)**

# အီရတ်နိုင်ငံ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ကာဒစ္စတန်ဒေသသို့ အမေရိကန်တပ်ဖွဲ့ဝင် ၁၃၀ ခန့် ဆိုက်ရောက်လာ

ဝါရှင်တန် ဩဂုတ် ၁၃

**အမေရိကန် သမ္မတ ဘာရတ်အိုဘားမား၏ အစိုးရအဖွဲ့က နောက်ထပ်တပ်ဖွဲ့ဝင် ၁၃၀ ခန့်ကို အီရတ်နိုင်ငံသို့ စေလွှတ်လိုက်ပြီဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး ချပ်ဟေဂဲလ်က ဩဂုတ် ၁၃ရက်တွင် ပြောကြားလိုက်သည်။**

အီရတ်နိုင်ငံ၌ သဘောထားတင်းမာသည့် စစ်သွေးကြွများကို အစိုးရတပ်ဖွဲ့က ချေမှုန်းနိုင်စေရန် အမေရိကန်အစိုးရက ကူညီလျက်ရှိသည်။ အီရတ်နိုင်ငံ ကာဒစ္စတန်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြို့တော် အာဘီးလ်အနီးရှိ ဒေသတစ်နေရာသို့ အမေရိကန်တပ်ဖွဲ့ဝင်များ ဩဂုတ် ၁၃ ရက်အစောပိုင်းက ဆိုက်ရောက်ခဲ့ကြကြောင်း ကာလီဖိုးနီးယားပြည်နယ်၌ တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံရာတွင် ဟေဂဲလ်က ပြောကြားသည်။

အီရတ်နိုင်ငံ မြောက်ပိုင်းသို့ စေလွှတ်လိုက်သော အမေရိကန်တပ်ဖွဲ့များသည် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်နိုင်ရန် လေ့လာမှုများ ပြုလုပ်သွားကြမည်ဖြစ်သည်။

ဆွန်နီစစ်သွေးကြွများက ပိတ်ဆို့ထားမှုကြောင့် ဆင်ဂျားတောင်ပေါ်၌ ပိတ်မိနေသော အီရတ်အရပ်သားများအတွက် လောလောဆယ် လေကြောင်းမှ ရိက္ခာချပေးလျက်ရှိသည်။ ယခုရောက်ရှိလာသော အမေရိကန်တပ်ဖွဲ့ဝင်များသည် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး နည်းလမ်းများကို လေ့လာသွားမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ထိုစဉ်အတွင်း အီရတ်အစိုးရအဖွဲ့အတွင်း အာဏာလွန်ဆွဲမှုများ ဖြစ်ပေါ်လျက်ရှိသည်။ အီရတ်နိုင်ငံ၌ အစိုးရအဖွဲ့သစ် ဖွဲ့စည်းနိုင်ရေးအတွက် သမ္မတက စီစဉ်ဆောင်ရွက်နေသော်လည်း ရာထူးမှ နုတ်ထွက်ပေးရန် အိမ်စောင့်အစိုးရဝန်ကြီးချုပ် နူရီအယ်လ်မာလီကီက ငြင်းဆိုလျက်ရှိသည်။

မိမိ အာဏာစွန့်ရေးမှာ ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံး၏ ဆုံးဖြတ်ချက်အရသာ ဖြစ်သင့်ကြောင်း၊ မိမိ၏ ပြိုင်ဘက်တစ်ဦးအား အစိုးရအဖွဲ့သစ် ဖွဲ့စည်းနိုင်ရေးအတွက် တာဝန်ပေးရန် သမ္မတဖာဘူးဒ်မာဆမ်က ဆုံးဖြတ်ခဲ့ခြင်းကို လက်ခံနိုင်မည်မဟုတ်ကြောင်း မာလီကီက ပြောကြားသည်။

**ရိုက်တာ။**



ကာဒစ္စတန်ဒေသ၌ ဖြန့်ကြက်ထားသော ကာ့ဒ်လုံခြုံရေးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။



အနောက်အာဖရိကဒေသသို့ ခရီးသွားရောက်ခြင်း မပြုကြရန် တရုတ်(တိုင်ပေ)၌ ကျန်းမာရေးသတိပေးချက် ထုတ်ပြန်ထားသည်။

# အီဘိုလာဗိုင်းရပ်စ်ကူးစက်မှုမှ ကာကွယ် တရုတ်(တိုင်ပေ)၌ ဇာတ်တိုက်လေ့ကျင့်

**တိုင်ပေ ဩဂုတ် ၁၃**

တရုတ်(တိုင်ပေ)၌ အီဘိုလာဗိုင်းရပ်စ်ရောဂါ ကူးစက်ပျံ့နှံ့မှု မရှိစေရေးအတွက် မြို့တော် တိုင်ပေရှိ တောင်ယွန်းနိုင်ငံတကာလေဆိပ်၌ ရောဂါပိုးဖော်ထုတ်ခြင်းဆိုင်ရာ ဇာတ်တိုက်လေ့ကျင့်မှုကို ပထမဆုံးအကြိမ် ပြုလုပ်ခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို)က ဩဂုတ် ၁၃ ရက်တွင် ပြောကြားသည်။

အီဘိုလာဗိုင်းရပ်စ်ရောဂါ ခြိမ်းခြောက်လျက်ရှိသော ဂီနီ၊ လိုင်ဘေးရီးယား၊ ဆီယာလီယွန်တို့ ပါဝင်သော အနောက်အာဖရိကဒေသသို့ ပြည်သူများသွားရောက်မှုမှာ နည်းပါးသော်လည်း ပြည်သူ့ ကျန်းမာရေးဆိုင်ရာ ကြိုတင်ကာကွယ်ရေးစီမံချက်အရ အီဘိုလာရောဂါပိုး ဝင်ရောက်လာခြင်းမရှိရန် နိုင်ငံတကာလေဆိပ်၌ ဇာတ်တိုက်လေ့ကျင့်မှုတစ်ရပ်ကို ပြုလုပ်ခြင်းဖြစ်သည်။

အီဘိုလာရောဂါသည် ဗိုင်းရပ်စ်ရောဂါပိုးတစ်မျိုးဖြစ်သော်လည်း ယင်းရောဂါပိုးကို လေမှတစ်ဆင့် သယ်ဆောင်နိုင်ခြင်းမရှိကြောင်း၊ရောဂါပိုးရှိသူလူ(သို့မဟုတ်) တိရစ္ဆာန်၏ တံတွေး၊ သွေး၊ ခန္ဓာကိုယ်မှ ထွက်သော အရည်တို့နှင့် တိုက်ရိုက်ထိတွေ့ကိုင်တွယ်ခြင်း၊ အဆိုပါ သွေးနှင့် ခန္ဓာကိုယ်မှ အရည်များ ထိတွေ့ထားသော အရာဝတ္ထုများနှင့် ထိတွေ့ကိုင်တွယ်ခြင်းတို့မှတစ်ဆင့် ကူးစက်နိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

အီဘိုလာဗိုင်းရပ်စ်ပိုးကို လွန်ခဲ့သည့် ဆယ်စုနှစ်လေးစုက ပထမဆုံးတွေ့ရှိခဲ့သည်။ ယခုနှစ်အစောပိုင်းမှစ၍ ယင်းရောဂါပိုးကူးစက်ခံရမှုကြောင့် ၁၀၁၃ ဦး သေဆုံးခဲ့ရပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

**ပီတီအိုင်။**

# ချီလီနိုင်ငံတကာလေဆိပ်တွင် ဒေါ်လာ ၁၀သန်းကျော် ဓားပြတိုက်

စန်တီယာဂို ဩဂုတ် ၁၃

**ချီလီနိုင်ငံ မြို့တော် စန်တီယာဂို၌ အင်္ဂါနေ့တွင် မျက်နှာဖုံးစွပ် သေနတ်သမား ရှစ်ဦးက ငွေသယ်သံချပ်ကာ ကားတစ်စီးအား အပိုင်စီးကာ ဒေါ်လာ ၁၀သန်းကျော် လုယူသွားခဲ့ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။**

အဆိုပါ ဓားပြတိုက်မှုသည် ချီလီသမိုင်းတွင် အကြီးမားဆုံးဖြစ်သည်။

စန်တီယာဂို နိုင်ငံတကာလေဆိပ်၏ ကုန်တင်ကုန်ချနယ်မြေ၌ အမေရိကန် အာမခံကုမ္ပဏီ ဘရင့်ပိုင်ဆိုင်သည့် ကားတစ်စီးပေါ်မှ ငွေများကို သယ်ချနေသော အစောင့်များအား လူဆိုးများက ချုပ်နှောင်ကာ ငွေများကို လုယူသွားခဲ့ကြခြင်းဖြစ်သည်။

၎င်းငွေများသည် ချီလီနိုင်ငံမြောက်ပိုင်း ကိုပီယာပိုမြို့ရှိ သတ္တုတူးဖော်ရေးလုပ်ငန်းများနှင့် ဘဏ်များသို့ ပေးပို့မည့်ငွေများဖြစ်သည်ဟု ဆိုသည်။

ဒေသစံတော်ချိန် နံနက် ၆နာရီ ၂၁မိနစ်ခန့်တွင် ဓားပြများသည် အလုပ်သမားဟန်ဆောင်လျက် အဖြူရောင် ဗင်ကားတစ်စီးဖြင့် ရောက်ရှိလာကြသည်ကို လုံခြုံရေးကင်မရာတွင် တွေ့ရှိရသည်။

နိုင်ငံတကာလေဆိပ်၌ ငွေသယ်သံချပ်ကာယာဉ်ကို ဓားပြတိုက်သည့်နေရာအား ရဲတပ်ဖွဲ့က စစ်ဆေးခဲ့သည်။ ၎င်းငွေများကို နိုင်ငံမြောက်ပိုင်းသို့ ပို့ရန်အတွက် လေယာဉ်ပေါ်တင်ပေးရန် ဖြစ်သည်။

နှစ်မိနစ်ကြာပြီးနောက် ထိုဗင်ကားသည် လေဆိပ်မှ ထွက်ခွာသွားသည်ကို ကင်မရာတွင် တွေ့ရသော်လည်း ဓားပြများကိုမူ မတွေ့ရပေ။

ချီလီပြည်ထဲရေးဝန်ကြီးက လေဆိပ်လုံခြုံရေးမှာ ရှက်ဖွယ်ရာကောင်းသည်ဟု ပြောသည်။ ဓားပြများသည် ဗင်ကားနှစ်စီးဖြင့် ဆန့်ကျင်ဘက်အရပ်သို့ ထွက်ပြေးသွားခဲ့ကြပြီး လမ်းပေါ်၌ သံမှိုများ ကြဲချခဲ့ကြသည်ဟု ဒေသဆိုင်ရာမီဒီယာများက ဖော်ပြသည်။

ဗင်ကားတစ်စီးကို ပလပ်မြေတစ်ကွက်ပေါ်တွင် တွေ့ရှိခဲ့ရပြီး ကားတွင်း၌ ဘာမျှမရှိဟု ဆိုသည်။

အဆိုပါ ဓားပြများသည် အဆင့်အတန်းမြင့်စွာ ဖွဲ့စည်းထားသည့် လူဆိုးဂိုဏ်းဝင်များဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးက ပြောသည်။

**ဘီဘီစီ။**



ဆန်တီယာဂိုနိုင်ငံတကာလေဆိပ် ကုန်စည်ခန်း၌ ရဲတပ်ဖွဲ့ဝင်များ စစ်ဆေးနေစဉ်။

# ကူရိုင်းကျွန်းစု၌ ရုရှားစစ်ရေးလေ့ကျင့်မှု တရားဝင်ကန့်ကွက်မည်ဟု ဂျပန်ပြော

**တိုကျို ဩဂုတ် ၁၃**

ပိုင်နက်နယ်မြေ အငြင်းပွားလျက်ရှိသော ကူရိုင်းကျွန်းစု၌ ရုရှားနိုင်ငံက စစ်ရေးလေ့ကျင့်မှုပြုလုပ်နေသည်ဆိုသော သတင်းများ ပေါ်ထွက်လာခြင်းနှင့် ပတ်သက်၍ ဂျပန်နိုင်ငံက ရုရှားနိုင်ငံကို တရားဝင်ကန့်ကွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ဩဂုတ် ၁၃ ရက်တွင် ပြောကြားလိုက်သည်။

ကူရိုင်းကျွန်းစုတွင် ရုရှားနိုင်ငံက စစ်ရေးလေ့ကျင့်မှုပြုလုပ်ခြင်းနှင့် ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် တရားဝင် ကန့်ကွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် အာဘေး၏ ပြောကြားချက်ကို ကိုးကားလျက် ဂျီဂျီသတင်းအေဂျင်စီက သတင်းထုတ်ပြန်သည်။

**အငြင်းပွား**

ရုရှားနိုင်ငံ၏ အရှေ့ဖျားဒေသ ပင်လယ်ကမ်းရိုးတန်းကမ်းလွန်၌ ကူရိုင်းကျွန်းစုတည်ရှိပြီး ယင်းနိုင်ငံနှင့် ဂျပန်နိုင်ငံအကြား ကာလရှည်ကြာစွာ ပိုင်နက်အငြင်းပွားမှုဖြစ်ပေါ်လျက်ရှိသည်။

ရုရှားနိုင်ငံသည် ကူရိုင်းကျွန်းစု၌ စစ်ရေးလေ့ကျင့်နေခြင်း ရှိမရှိ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက လောလောဆယ် အတည်ပြုနိုင်ခြင်း မရှိသေးပေ။

**ဖျက်သိမ်း**

ယူကရိန်းနိုင်ငံ၏ ကရိုင်းမီးယားကျွန်းဆွယ်အား ရုရှားနိုင်ငံက ယင်း၏ ပိုင်နက်နယ်မြေအတွင်း သွတ်သွင်းခဲ့ခြင်းဖြစ်စဉ်တွင် ပါဝင်ပတ်သက်နေသူ အထက်တန်းတာဝန်ရှိသူများကို ဂျပန်နိုင်ငံက အရေးယူပိတ်ဆို့မှု ပြုလုပ်ရန် ထုတ်ပြန်ကြေညာခဲ့ပြီးနောက် ဩဂုတ်လနှောင်းပိုင်းတွင် ဂျပန်ဝန်ကြီးတစ်ဦးနှင့် တွေ့ဆုံမည့် အစီအစဉ်ကို ရုရှားဘက်က ဖျက်သိမ်းခဲ့သည်။

**ကျိုဒို။**

# ဩဂုတ်လ တစ်ပတ်အတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု

**နေပြည်တော်  ဩဂုတ်  ၁၃**

ဩဂုတ် ၄ ရက်မှ ၁၀ ရက်အထိ တစ်ပတ်အတွင်း တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ ဘိန်း ၁၁ မှု (အလေးချိန် ၄၃ ဒသမ ၀၂၇ ကီလို)၊ ဘိန်းဖြူ ၆၃ မှု (အလေးချိန် ၇ ဒသမ ၅၆၅၇ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၂ မှု (ဆေးပြား ၂ ဒသမ ၀၂၇၁ သန်း)၊ အဆင့်နိမ့်ဘိန်း ၈ မှု (အလေးချိန် ၃ ဒသမ ၈၂၉ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား အကြေမှုန့် ၁ မှု (အလေးချိန် ၈၅ ဒသမ ၆၂ ကီလို)၊ ကဖင်း ၁ မှု(အလေးချိန် ၄၈ ဒသမ ၀၀၈ ကီလို)၊ အခြားမှု ၇ မှု အမှုပေါင်း ၁၅၃ မှု ဖမ်းဆီးခဲ့ရာတွင် အမျိုးသားတရားခံ ၁၆၆ ဦး၊ အမျိုးသမီးတရားခံ ၄၄ ဦး စုစုပေါင်းတရားခံ ၂၁၀ တို့အား ဥပဒေအရ အရေးယူခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# မန္တလေးမြို့တွင်စိတ်ကြွရူးသွပ်ဆေးပြား ၁၅၅၂ ပြား သိမ်းဆည်းရမိ

**နေပြည်တော်  ဩဂုတ်  ၁၃**

မန္တလေး အမှတ်(၁၈) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၁ ရက်တွင် အောင်မြေသာစံမြို့နယ် ရွှေဝါရောင်ရပ်ကွက် (၁၅) လမ်း၊ (၈၀×၈၁) လမ်းကြား အမှတ်(၄)ရှိ ကမ်ဘာဒူး၏ နေအိမ်အား ရှာဖွေရာ ၎င်းနှင့်အတူ လပြည့်စိုး ကိုတွေ့ရှိရပြီး ၎င်းတို့နှစ်ဦး ထိုင်နေသည့် ကြမ်းပြင်ပေါ်မှ 88/1 စာတန်းပါနီညိုရောင် စိတ်ကြွရူးသွပ်ဆေးပြား ၅၈၂ ပြား၊ လက်ကိုင်ဖုန်း နှစ်လုံးနှင့် နေအိမ်ရှေ့တွင် ရပ်ထားသော လပြည့်စိုး၏ ယာဉ်အတွင်း ထိုင်ခုံပေါ်ရှိ ကျောပိုးအိတ်အတွင်းမှ 88/1 စာတန်းပါ နီညိုရောင်စိတ်ကြွရူးသွပ်ဆေးပြား ၉၇၀ နှင့် မြန်မာငွေကျပ် ခုနစ်သိန်းတို့အား သိမ်းဆည်းရမိသဖြင့် ကမ်ဘာဒူး(ခ)ဆန်ဂျေး (၂၆) နှစ်၊ လပြည့်စိုး (ခ)ဖိုးသား (၃၇ )နှစ်တို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**(ရဲပြန်ကြား)**



**ကမ်ဘာဒူး နှင့် လပြည့်စိုး တို့အား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။** (ရဲပြန်ကြား)

# ကွတ်ခိုင်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၄၇၀ သိမ်းဆည်းရမိ

**နေပြည်တော်  ဩဂုတ်  ၁၃**

မူဆယ် အမှတ်(၂၂) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၁ ရက် တွင် ကွတ်ခိုင်မြို့နယ် ရပ်ကွက်(၈) ကွတ်ခိုင်-ကောင်းခါးသွား ကားလမ်းမပေါ်တွင် ကောင်းခါးမှ ကွတ်ခိုင်ဘက်သို့ လအိုင် မောင်းနှင်ပြီး အိုက်ဆမ် လိုက်ပါလာသော ဆိုင်ကယ်အားရှာဖွေရာ အိုက်ဆမ် ဝတ်ဆင်ထားသော အကျီအိတ်ကပ်အတွင်းမှ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၄၇၀ အား သိမ်းဆည်းရမိသဖြင့် လအိုင်(၃၂နှစ်)၊ အိုက်ဆမ်(၂၃ နှစ်) တို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

**(ရဲပြန်ကြား)**



**မလှဌေးရီအား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။** (ရဲပြန်ကြား)

# ပင်လောင်းမြို့နယ်တွင် ဘိန်းဆီခဲ တစ်ကီလို သိမ်းဆည်းရမိ

**နေပြည်တော်  ဩဂုတ်  ၁၃**

ပင်လောင်း အမှတ်(၂၆) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၁ ရက်တွင် ပင်လောင်း-လွိုင်ကော်ကားလမ်း မိုင်တိုင် အမှတ်(၆၁/၀)တွင် ပင်လောင်းဘက်မှ ဖယ်ခုံဘက်သို့ ဦးကျန်မိုး ဆိုသူ မောင်းနှင်သည့် ခရီးသည်တင် ဟိုင်းလပ်စ်ယာဉ်အား ရှာဖွေရာ ခရီးသည် မလှဌေးရီ၏ လက်ဆွဲခြင်းအတွင်းမှ ဘိန်းဆီခဲ တစ်ကီလိုအား သိမ်းဆည်းရမိသဖြင့် မလှဌေးရီ(၄၄ နှစ်) အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**(ရဲပြန်ကြား)**



**လအိုင် နှင့် အိုက်ဆမ်တို့အား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ နှင့်အတူ တွေ့ရစဉ်။** (ရဲပြန်ကြား)

# လားရှိုးမြို့နယ် ဟိုပိတ်တွင် ငွေကျပ် ၁၆ သိန်းကျော်တန်ဖိုးရှိ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**လားရှိုး  ဩဂုတ်  ၁၃**

မူးယစ်တပ်ဖွဲ့စု (၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၁ ရက် ည ၆ နာရီ ၄၅ မိနစ်ခန့်က သက်သေများနှင့်အတူ သတင်းအရ လားရှိုးမြို့နယ် ဟိုပိတ်အေးရှားဝေါလ်တိုးဂိတ်အနီးတွင် စောင့်ဆိုင်းနေစဉ် သိန်းနီမြို့မှ လားရှိုးမြို့ဘက်သို့ သိန်းအောင် မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ သိန်းအောင် လွယ်ထားသည့် လွယ်အိတ်အတွင်းမှ ပလတ်စတစ်အကြည်ဖြင့်ထည့်လျက် ဘိန်းဖြူမှုန့် အလေးချိန် ၁၃ ဂရမ်ခန့်စီပါ ဆပ်ပြာခွက်နှစ်ခွက်အားလည်းကောင်း၊ ၎င်းဝတ်ဆင်ထားသည့် သားရေဂျာကင်အကျီဲဝဲဘက်အိတ်ကပ်အတွင်းမှ အနီရောင် ပလတ်စတစ် ဆပ်ပြာခွက်အတွင်း ပလတ်စတစ်အကြည်ဖြင့်ထည့်လျက် ဘိန်းဖြူမှုန့် အလေးချိန် ၁၃ ဂရမ်ခန့်စီပါ ဆပ်ပြာခွက်သုံးခွက်အားလည်းကောင်း စုစုပေါင်း ဆပ်ပြာခွက် ငါးခွက်အတွင်းမှ ဘိန်းဖြူမှုန့် အလေး ချိန် ၆၅ ဂရမ်ခန့်နှင့်ယာဘက်အိတ်ကပ်အတွင်း ပလတ်စတစ်ကပ်ခွာအိတ်ဖြင့်ထည့်လျက် ၈၈ နှင့် ၁ စာတန်း တစ်ဖက်စီပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ပါ တစ်ထုပ် (အလေးချိန် ၂၀ ဂရမ်ခန့်) တို့အား ရှာဖွေသိမ်းဆည်းပြီး စစ်ဆေးဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါးများသုံးစွဲရန်နှင့် ရောင်းချရန် သယ်ဆောင်လာသူ သိန်းအောင် (၃၄) နှစ် ကျောက်ဖြူကျေးရွာ နမ့်ဆန်မြို့နယ်နေသူအား လားရှိုးမြို့ နယ်မြေရဲစခန်းက မယ(ပ) ၃၉/ ၂၀၁၄၊ မူး/စိတ်ပုဒ်မ ၁၅/၁၉(က)/ ၂၁ အရ အရေးယူထားကြောင်း သိရသည်။

**ဘော်မြေသား(iprd)**

**မူးယစ်ဆေးဝါး အန္တရာယ်အကြောင်း ဆွေးနွေးကြစို့**






# စိတ်သည် အရာရာမှာ စိုးမိုးသည်

မန်းခင်ခင်

ကျွန်မတို့ လူ့လောကနယ်ပယ်သည် အလွန်ရှုပ်ထွေးလှပါသည်။ အဘယ်ကြောင့်ဆိုသော် အဆင်မပြေသည့်ကိစ္စများ ရှိနေ၍ဖြစ်ပါသည်။ ဘာကြောင့်အဆင်မပြေသနည်း။ ဝီရိယနည်းလို့လား၊ အလုပ်အကိုင်မမှန်လို့လား၊ စိတ်ကိုမထားတတ်လို့လား၊ စေတနာနည်းလို့လား၊ အထက်အောက် လူမှုဆက်ဆံရေးမကောင်းလို့လား၊ ဆန္ဒတွေစောနေလို့လား၊ စဉ်းစားဉာဏ် နည်းနေလို့လား၊ ကိုယ်လိုရာကို ဆွဲတွေးလို့လား၊ လောဘ၊ ဒေါသ၊ မောဟ များ ရှေ့ရောက်နေလို့လား၊ စိတ်များဇောကပ်ပြီး ကိုယ်ဖြစ်ချင်သလို မဖြစ်လို့ လားစသည့် စဉ်းစားစရာများအား ကြိမ်ဖန်များစွာ စဉ်းစားကြည့်မိပါသည်။

မိမိကိုယ်တိုင်လည်း လူ့ပတ်ဝန်းကျင်နှင့် မကင်းနိုင်သဖြင့် ထိုအခက် အခဲများစွာနှင့်ကြုံခဲ့ဖူးပါသည်။ သို့သော် လူတိုင်းသည် စားဝတ်နေထိုင်နိုင် ရေးအတွက် အသက်ရှင်နေကြရပါသည်။ လူ့ဘောင်မှာနေစဉ် မိဘ၊ ခင်ပွန်း၊ ဇနီး၊ သားသမီး၊ ဆွေမျိုးသားချင်းများနှင့် ပတ်ဝန်းကျင်ရှိလူများနှင့်ဆက်ဆံ၍ နေကြရပါသည်။ ထို့ကြောင့် လူနှင့်ပတ်ဝန်းကျင်ဆိုသည် ခွဲခြား၍မရပါ။ ပတ်ဝန်းကျင်ဆိုသည်မှာ လူနှင့်သတ္တဝါ၊ ရေ၊ မြေ၊ တော၊ တောင်အားလုံး ပါဝင်ပါသည်။

လူနှင့် လူချင်းဆက်ဆံခြင်းသည် ပြေလည်၍အဆင်ပြေစွာ၊ အေးချမ်း ပြည့်စုံစွာနေနိုင်ရန် ကြိုးစားကြရပါသည်။ အဘယ်ကြောင့်ဆိုသော် သတ္တဝါ အားလုံးသည် တစ်ဦးကိုတစ်ဦး မှီခိုအားထားရပါသည်။ လူတွေကို မှီပြီး သတ္တဝါများမှာလည်း ရှင်သန်စေပါသည်။ ထို့အတူ ရေ၊ မြေ၊ တော၊ တောင်များကလည်း လူသတ္တဝါတွေအတွက် သဘာဝတရားက ဖန်တီး၍ ရပ်တည်ပေးပါသည်။

> **မိမိအလုပ်သည် စေတနာမှန်ပြီး စိတ်၏တည်ကြည်မှုကြောင့် အောင်မြင်မှုများရရှိရမည်။ အောင်မြင်မှုများ အချိန်ကောင်း အခါကောင်း ရရှိနိုင်ပါသည်။ ထို့ကြောင့် တစ်ချိန်တည်း တစ်ပြိုင်တည်း ပြည့်စုံချင်တာတွေအားလုံး ရရှိမည်သာ။ လူ၏စိတ်စွမ်းအားသည် အလွန်ပင် ထက်မြက်၏။**

သို့သော် သဘာဝကပေးသော အရာအပြင် လူသည်ပို၍လိုလားမှုမပါ၊ မျှတစွာကြည့်ကြပြီး လိုသည်ထက်မပိုရ၊ ပိုကဝန်လေးတတ်ပါသည်။ ပျက်စီး ခြင်းဘက်ကို ရောက်တတ်ပါသည်။ လောဘကြီးက အပြစ်ဖြစ်ပြီး အကျိုးကို ယုတ်စေသည်။ ထို့ကြောင့် လောဘ၊ ဒေါသ၊ မောဟသည်လည်း လိုအပ် သည်ထက်ပိုက အမှန်းပွားတတ်ပါသည်။

ထို့ကြောင့် စိတ်ကို သတိနှင့်ယှဉ်၍ တည်ဆောက်ဖို့လိုပါသည်။ မိမိစိတ် ကသာ မိမိဘဝကို ပြုပြင်နိုင်သည်။ စိတ်ထားဖြူစင်ကာ သန့်ရှင်းလျှင် ဘယ်အရောင် ဘယ်လိုဆိုး၍မရပါ။ မတရားတာ၊ တရားတာဆုံးဖြတ်မှုမှန်သည်။ စိတ်မည်းပါက ဆုံးဖြတ်မှုမှားတတ်ပါသည်။ လူပညာရှိသည် အတွေးအခေါ် မှန်သည်။ လူမိုက်သည် အတွေးအခေါ်မှားစမြဲပါ။ စိတ်ကိုပြုပြင်ရာမှာ မိမိသာ အဓိကဖြစ်ပါသည်။

စိတ်ပိုင်းဆိုင်ရာအားနည်းသူသည် ကိုယ့်ခံစားမှုကို ဦးစားပေးတတ်ကြ ပါသည်။ ကိုယ်ဖြစ်ချင်တာကို ဦးစားပေးတတ်ကြသည်။ မျှတစွာ စဉ်းစားနိုင် သော အသိမရှိသည့်အတွက် သူထင်ရာသူစိုင်း အနိုင်ယူလိုမှုကို ဦးစားပေးသည်။ လောဘစိတ်၏ တိုက်တွန်းမှုကြောင့် ကိုယ်ဖြစ်ချင်သလို မဖြစ်သဖြင့် ဒေါသ စိတ်ဖြစ်ကာ စိတ်ဆင်းရဲခြင်းကို ခံစားကြရသည်။ ထိုစိတ်ကြောင့် ကာယကံ၊ ဝစီကံ၊ မနောကံဆိုသည့် ကံသုံးပါးကိုလည်း တစ်ခါတည်းကျူးလွန်မိတတ်ပြီး သူတစ်ပါးကို အနိုင်လိုမှု၊ ခိုးလုမှုစသည့်မကောင်းမှုတို့ကို ကျူးလွန်တတ်ကြ ပါသည်။ ထို့ကြောင့် မိမိဝန်းကျင်မှ အထင်သေးခြင်းခံကြရကာ လူ့ပတ်ဝန်း ကျင်၏ပစ်ပယ်ခြင်းကို ခံရပေလိမ့်မည်။

သစ္စာတရားမဲ့သူသည် အပြစ်ကြီး၏။ အသိပညာရှိသူသည် အမှား၊ အမှန်ကို သိ၏။ မိမိပညာဉာဏ်နှင့် အလုပ်လုပ်သူသည် မှန်၏။ ပညာအသိ ဉာဏ်မရှိသော အတွေးကြောင့် အမောင်ယောင်လို့ ပေါင်ရသည်။ အမောင် တောင်မှန်းမြောက်မှန်းမသိဆိုသလိုလည်း ရှိတတ်ပါသည်။ ကိုယ်လုပ်တိုင်း မမှန်သောသူ နောက်လိုက်အားမရှိက မအောင်မြင်နိုင်ပါ။ အဘယ်ကြောင့် ဆိုသော် လူသည် ပတ်ဝန်းကျင်နှင့် အမြဲတမ်းဆက်စပ်နေသောကြောင့် လူအများစုသည် မှန်ကန်မှုကို ဦးစားပေးသည်။ တစ်ဦးဆောင်သော်မရ၊ တစ်သောင်းဆောင်သော်ရ၏ဟု ရှေးလူကြီးများက ပြောပါသည်။ လူတစ်ဦး ချင်းယုံကြည်မှု၊ ကိုးကွယ်မှု၊ လေးစားမှု၊ ချစ်ခင်မှုသည် အခြေခံစိတ်သဘော အေးချမ်းစေသည်။ စိတ်နှင့် ဦးနှောက်အေးမှ အမှန်လည်းရသည်။

ပြည်မြို့ ရွှေရင်အေးကျောင်းတိုက်မှ ရတနာမာန်အောင် ကျေးဇူးရှင် ဆရာတော်ကြီး ဟောကြားတော်မူသော ဩဝါဒကထာဆုံးမစာထဲတွင် သူတော်ကောင်းတရားခုနစ်ပါးသည် သူတော်ကောင်း ခုနစ်ယောက်နှင့် တူ၏။ အပါယ်ရွာကို ဘယ်တော့မှ မရောက်။ ထိုအရာသည် သူတော်ကောင်း တရားပေတည်း။

**သဒ္ဓါက လက်**
**ဝီရိယက ခြေ**
**သီလက ပါးစပ်**
**သမာဓိက နား**
**ပညာက မျက်စိ**
**သတိက ကိုယ်**
**ယောနိသောမနသီက အသက်** ဤခုနစ်ချက်ထက်၊ အောက်ဝန်းကျင်ပြည့်စုံလျှင် ဗုဒ္ဓဘာသာခေါ်ဆိုထိုက်စွာ ညွှန်ပြကျမ်းဂန် ထိုထိုတည်းဟု ဟောကြားထားပါသည်။ ထို့ကြောင့် ကိုယ်၊ စိတ်ပြည့်စုံခန္ဓာလုံ ကောင်းမှုလမ်းကြောင်းမှန်နိုင်သည်။

သစ္စာတရားရှိက နွယ်မြက်သစ်ပင် ဆေးဖက်ဝင်ဆိုသလို အောင်မြင်မှု များရရှိ၏။ မိမိအလုပ်သည် စေတနာမှန်ပြီး စိတ်၏တည်ကြည်မှုကြောင့် အောင်မြင်မှုများရရှိရမည်။ အောင်မြင်မှုများ အချိန်ကောင်း အခါကောင်း ရရှိနိုင်ပါသည်။ ထို့ကြောင့် တစ်ချိန်တည်း တစ်ပြိုင်တည်းပြည့်စုံချင်တာတွေ အားလုံးရရှိမည်သာ။ လူ၏ စိတ်စွမ်းအားသည် အလွန်ပင်ထက်မြက်၏။ ဓမ္မဓိဋ္ဌာန်ကျကျကျင့်သုံးမှုသည် အလွန်အရေးကြီးလှပါသည်။

မေတ္တာ၏ အခန်းကဏ္ဍသည်လည်း အရေးကြီးလှပါသည်။ မေတ္တာ ဆိုတာ ကိုယ်ကရှိမှ သူကရှိမယ်။ ကိုယ်က မေတ္တာမရှိက မေတ္တာရောင်ပြန် မဟပ်နိုင်ပါ။ သူများပေးသော မေတ္တာမရရှိနိုင်ပါ။ ထို့ကြောင့် လူတိုင်း အတွက် လူတိုင်းသည် ဖြူစင်စိတ်နှင့် မေတ္တာထားပြီး ညစ်နွမ်းသောသွေးများ မရောနှောစေဘဲ ကျန်းမာချမ်းသာခြင်းကောင်းကျိုးများရရှိနိုင်ပြီး ဘယ်အရာ မှန်သမျှ လူနှင့်ဝန်းကျင်မကင်းနိုင်သလို တစ်ဦးတစ်ယောက်၏ အကျိုးထက် အများအကျိုးကို သယ်ပိုးနိုင်သော လူသားဖြစ်ပြီး ကောင်းသောအလုပ် လုပ်ဆောင်ခြင်းဖြင့် မိမိ၏အသက်ခန္ဓာတည်တံ့စွာဖြင့် ခိုင်မြဲသော မေတ္တာ တရားဖြင့် လူ့ဘဝလူ့လောကကြီးတည်ဆောက်နိုင်ပါမည်။ မလျှော့မတင်း စောင်းကြိုးညှင်းဆိုသလို သတိနှင့်အသိ မမှိတ်မသုန်ဘဲ ရှိနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းလျက်---။

## လားရှိုးမြို့ထဲတွင် ညအိပ်ရပ်နားသောယာဉ်ကြီးများကို အရေးယူ

**လားရှိုး ဩဂုတ် ၁၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ရပ်ကွက်အတွင်းရှိ လမ်းမကြီးများပေါ်၌ ယာဉ်ကြီးများညအိပ်ရပ်နားမှု မရှိစေရေးအတွက် လားရှိုးခရိုင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးအဖွဲ့က အသိပေးခြင်း၊ ပညာပေးခြင်း၊ အရေးယူခြင်းတို့ကို ကြပ်မတ်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။



ရန်ကုန်၊ မန္တလေးအစရှိသည့် မြို့ကြီးများမှ ကုန်ပစ္စည်းမျိုးစုံတင်ဆောင်လာသော ကုန်တင်ယာဉ်ကြီးများသည် တရုတ်နယ်စပ် မူဆယ်မြို့သို့ ကုန်တင်ပို့ရာတွင်လည်းကောင်း၊ တရုတ်နယ်စပ်မှ မြန်မာနိုင်ငံအတွင်းသို့ ကုန်စည်တင်သွင်းရာတွင်လည်းကောင်း၊ မူဆယ်-မန္တလေး အဝေးပြေးလမ်းမကြီးဖြတ်သန်းသွားရာ လားရှိုးမြို့တွင် တစ်ထောက်ရပ်နားတတ်ကြသည်။

ထိုသို့ ရပ်နားရာတွင် ရပ်ကွက်အတွင်းရှိ လမ်းမကြီးများပေါ်၌ ရပ်နားတတ်ကြသဖြင့် နေ့၊ ညမရွေး ယာဉ်အန္တရာယ်များဖြစ်ပေါ်ခြင်း၊ ယာဉ်ကြောပိတ်ဆို့မှုဖြစ်ခြင်း၊ ရပ်ရွာအေးချမ်းသာယာရေးကို အနှောင့်အယှက်ဖြစ်စေနိုင်ခြင်းတို့ကြောင့် ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့က "ရပ်ကွက်အတွင်းရှိ လမ်းမကြီးများပေါ်တွင် ယာဉ်ကြီးများ ညအိပ်ရပ်နားခွင့်မပြုရန်နှင့် ကုန်တင်ယာဉ် ညအိပ်စခန်းတွင်သာ ညအိပ်ရပ်နားစေရန် ညွှန်ကြားလာသည်နှင့်အညီ ကညန၊ ပို့/ဆက်၊ ယာဉ်ထိန်း၊ ယလက၊ စည်ပင် အဖွဲ့စုံပါဝင်သော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးအဖွဲ့များက ဩဂုတ် ၁ ရက်မှ ၅ ရက်အထိ မြို့ထဲတွင် ညအိပ်ရပ်နားသော ကုန်တင်ယာဉ်ကြီးများကို သတိပေးပြောပြခဲ့ပြီး ဩဂုတ် ၆ ရက်မှစတင်ကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဥပဒေအရ ဒဏ်ငွေရိုက် အရေးယူလျက်ရှိကြောင်း သိရသည်။

လားရှိုးမြို့တွင် အဝေးပြေးကုန်တင်ယာဉ်ကြီးများ ရပ်နားစခန်းနှစ်ခု ဖွင့်လှစ်ပေးထားရာ မန္တလေးဘက်မှ လားရှိုးသို့ မြို့အဝင်မုခ်ဦးအနီးတွင် တစ်ခု၊ လားရှိုးမှ မူဆယ်ဘက်သို့ အထွက် ရေပူစမ်းအနီးတွင် တစ်ခု ဖြစ်သည်။ သို့သော် ယင်းယာဉ်ရပ်နားစခန်းနှစ်ခုသည် နေ့စဉ်သွားလာနေသောကုန်တင်ယာဉ်ကြီးများ အမှန်တကယ် ဝင်ရောက်ရပ်နားလိုပါက နေရာလုံလောက်မှုမရှိခြင်း၊ ကုန်ပစ္စည်းများ၏လုံခြုံရေးကို ဆောင်ရွက်ပေးနိုင်မှုအားနည်းခြင်း၊ အစားအသောက်ကိစ္စများ အဆင်မပြေခြင်းတို့ကြောင့် ကုန်တင်ယာဉ်မောင်းအများစုက ယင်းယာဉ်ရပ်နားစခန်းများတွင် ညအိပ်ရပ်နားရန် အခက်အခဲရှိကြောင်း ပြောကြားသည်။

**(ဇာဏီအောင်-လားရှိုး)**

## ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၃**

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်အား အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC)၏ ဌာနေကိုယ်စားလှယ် Mr.Jurg Montani နှင့်အဖွဲ့သည် ဒုတိယဝန်ကြီး၏ ဧည့်ခန်းမသို့ ယမန်နေ့ မွန်းလွဲပိုင်းတွင် လာရောက်တွေ့ဆုံပြီး ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**






ပြည်တွင်းရေးရာ

# ခန္ဓာဗေဒဘာသာရပ် သင်ရိုးညွှန်းတမ်းဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေးပွဲဖွင့်




**နေပြည်တော် ဩဂုတ် ၁၃**

နိုင်ငံတော်အစိုးရအနေဖြင့် ကျန်းမာရေးအသုံးစရိတ်များကို ယခင်ကထက် ပိုမိုသုံးစွဲခွင့်ပေးနေခြင်းသည် ကူးစက်တတ်သောရောဂါများ၊ မကူးစက်တတ်သည့် ရောဂါများအပြင် ကျန်းမာရေးနှင့်ပတ်သက်သည့် ညွှန်းကိန်းများ ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်ပေးခြင်း ဖြစ်ကြောင်း၊ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေးကဏ္ဍသည် အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းအားဖြင့် ပြည်သူလူထု၏ ယုံကြည်အားကိုးမှု မြင့်တက်လာစေမည်ဖြစ်ကြောင်းဖြင့် ဩဂုတ် ၁၁ ရက် နံနက် ၉ နာရီတွင် ဆေးတက္ကသိုလ်(၁) ရန်ကုန်၌ ကျင်းပသော ခန္ဓာဗေဒဘာသာရပ် သင်ရိုးညွှန်းတမ်းဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင် **(အပေါ်ယံပုံ)** က ပြောကြားသည်။

ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုစနစ်များ တည်ဆောက်ရန် အမျိုးသားကျန်းမာရေး၊ သတင်းအချက်အလက် စနစ်များ ဖွံ့ဖြိုးရန် လိုအပ်ပါကြောင်း၊ ထို့အပြင် ကျန်းမာရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးရန် ဆေးပညာရပ်ဆိုင်ရာ သုတေသနများ ခေတ်နှင့်အညီ ဖွံ့ဖြိုးနိုင်ရန်နှင့်အခြေခံဆေးသိပ္ပံပညာရပ်များတွင် ခေတ်မီသင်ရိုးညွှန်းတမ်းအသုံးပြုနိုင်စေရန် စသည့်အချက်များသည် အရေးကြီးသည့်အခြေခံအချက်များ ဖြစ်ပါကြောင်း ပြောကြားသည်။

ခန္ဓာဗေဒဘာသာရပ် သင်ရိုးညွှန်းတမ်းဖွံ့ဖြိုးရေးအလုပ်ရုံဆွေးနွေးပွဲကို ဆေးတက္ကသိုလ်(၁) ရန်ကုန်၊ နော်ဝေနိုင်ငံ အော်စလိုတက္ကသိုလ်နှင့် ထိုင်းနိုင်ငံ မဟီဒေါတက္ကသိုလ်တို့ ပူးပေါင်းဆောင်ရွက်ပြီး အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၁၁ ရက်မှ ၁၃ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

နော်ဝေနိုင်ငံ အော်စလိုတက္ကသိုလ်နှင့် ထိုင်းနိုင်ငံ မဟီဒေါတက္ကသိုလ်တို့သည် ခန္ဓာဗေဒဘာသာရပ်တွင် E-Learning သင်ကြားရေးစနစ်နှင့် Remote Teaching သင်ကြားရေးစနစ်များကို ဆေးတက္ကသိုလ်(၁) ရန်ကုန်တွင် စတင်တည်ထောင်ရန်အတွက်လည်း အကူအညီပေးသွားမည်ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဆေးတက္ကသိုလ်(၁) ရန်ကုန် အပန်းဖြေခန်းမ၌ ဆေးတက္ကသိုလ်နှင့်နီးနွှယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဆေးတက္ကသိုလ်(၁) ရန်ကုန်မှ ပါမောက္ခ၊ ဌာနမှူးများ၊ ကထိက၊ ဌာနမှူးများအား တွေ့ဆုံကာ ကုသရေး၊ သင်ကြားရေး၊ အုပ်ချုပ်ရေး စွမ်းရည်(၃)ရပ်နှင့် ပြည့်စုံသော ထူးချွန်သည့် ဆရာဝန်ကောင်းများ မွေးထုတ်ရေးဝိုင်းဝန်းဆောင်ရွက်ရန်၊ နိုင်ငံ့သားကောင်း ဆရာဝန်များဖြစ်ရေးအတွက် လေ့ကျင့်သင်ကြားပေးကြရန် ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ပုဇွန်တောင်ဈေးအနီး အထက်ပုဇွန်တောင်လမ်း ပထမထပ် အမှတ် (၇၃/၇၅) တွင် ပါတီရုံးချုပ်တည်ရှိသော **ဖက်ဒရယ်ပြည်ထောင်စုပါတီ (Federal Union Party)** သည်ယင်းပါတီ၏ တံဆိပ်ကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီတံဆိပ်ကို ကန့်ကွက်လိုကယခု ကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ဖက်ဒရယ်ပြည်ထောင်စုပါတီ (Federal Union Party) ၏ တံဆိပ်ပုံစံ**




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# အကြိမ် (၇၀) မြောက် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (ESCAP) အစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၁၃**

အကြိမ် (၇၀) မြောက် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (အက်စကက်) အစည်းအဝေးကို ဩဂုတ် ၄ ရက်မှ ၈ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ အက်စကက်ရုံး၌ ကျင်းပခဲ့ပြီး ဝန်ကြီးများအဆင့် အစည်းအဝေးကို ဩဂုတ် ၇ ရက်နှင့် ၈ ရက်တို့တွင် လည်းကောင်း၊ အကြီးတန်းအရာရှိများ အစည်းအဝေးကို ဩဂုတ် ၄ ရက်မှ ၆ ရက်အထိ လည်းကောင်း ကျင်းပခဲ့သည်။

ဝန်ကြီးများအဆင့် အစည်းအဝေး၏ ပထမနေ့ ဩဂုတ် ၇ ရက် နံနက်ပိုင်းတွင် အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ်နှင့် အက်စကက်အမှုဆောင် အတွင်းရေးမှူး ဒေါက်တာရှမ်ဟာစ်အက်တာက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီးနောက် အကြိမ်(၇၀)မြောက် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် အစည်းအဝေး၏ ခေါင်းစဉ်ဖြစ်သော "ဒေသတွင်းဆက်သွယ်မှုဖြင့် ကြွယ်ဝချမ်းသာမှုဝေခြင်း"နှင့်ပတ်သက်၍ ဝန်ကြီးအဆင့် စားပွဲဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်က ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ ဆိုလိုမွန်ကျွန်း၊ ကာဇက်စတန်နိုင်ငံတို့မှ ဝန်ကြီးများနှင့် အာရှဖွံ့ဖြိုးရေးဘဏ် ဒုတိယဥက္ကဋ္ဌတို့နှင့်အတူ ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ခဲ့သည်။

ဒုတိယဝန်ကြီး ဦးဇင်ယော်သည် မြန်မာနိုင်ငံတွင် ပင်လယ်ရေကြောင်း၊ မြစ်ကြောင်း ပို့ဆောင်ရေးကဏ္ဍ၊ လေကြောင်း ပို့ဆောင်ရေးကဏ္ဍနှင့် ကုန်းလမ်းပို့ဆောင်ရေးကဏ္ဍတို့နှင့် ပတ်သက်၍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုတို့ကို ဦးဆောင်ဆွေးနွေးခဲ့သည်။

ယင်းနေ့ ညနေပိုင်းတွင် အက်စကက်နှင့် ဂျပန်နိုင်ငံတို့ ပူးတွဲကျင်းပသော အာရှနှင့် ပစိဖိတ်ဒေသတွင် သဘာဝဘေးအန္တရာယ် လျှော့ကျရေးနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဦးဇင်ယော်သည် ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးနှင့် ထိုင်းနိုင်ငံနှင့် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အေဂျင်စီမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့်အတူ ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ခဲ့သည်။

ဒုတိယဝန်ကြီး ဦးဇင်ယော်က အမျိုးသားသဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဗဟိုကော်မတီဖွဲ့စည်းပြီး သဘာဝဘေးအန္တရာယ် လျှော့ကျရေးလုပ်ငန်း အစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု ဥပဒေပြဋ္ဌာန်းထားရှိမှုနှင့် အက်စကက်နှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုတို့ကို ဆွေးနွေးခဲ့သည်။

ဝန်ကြီးများအဆင့် အစည်းအဝေးကို ဩဂုတ် ၈ ရက်တွင် ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပရာ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ မူဝါဒအစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးဇင်ယော်သည် အခြားအက်စကက်အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ နိုင်ငံဆိုင်ရာမိန့်ခွန်းကို ပြောကြားခဲ့သည်။

အဆိုပါ နိုင်ငံဆိုင်ရာမိန့်ခွန်းတွင် မြန်မာနိုင်ငံ၌ ဆောင်ရွက်နေသော ပြုပြင်ပြောင်းလဲမှု လုပ်ငန်း(၄)ရပ်ဖြစ်သည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲမှု၊ အစိုးရကဏ္ဍ စီမံခန့်ခွဲမှုပြုပြင်ပြောင်းလဲမှုနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် ပတ်သက်၍ လည်းကောင်း၊ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးမှုနည်းသောနိုင်ငံမှ လွတ်မြောက်ရေးအတွက် ဆောင်ရွက်နေမှုနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအနေဖြင့် တရုတ်၊ အိန္ဒိယ၊ ဂျပန်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့နှင့် စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုတို့ ဖော်ပြပါရှိသည်။

အက်စကက် အစည်းအဝေးကာလအတွင်း ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်သည် ဘူတန်နိုင်ငံ ဝန်ကြီးချုပ်နှင့် ဩဂုတ် ၈ရက် ညနေပိုင်းတွင် တွေ့ဆုံဆွေးနွေးရာ ၂၀၁၅ ခုနှစ်တွင် ဘူတန်နိုင်ငံသည် ကမ္ဘာ့ခရီးသွားနှစ်ကို ကျင်းပမည်ဖြစ်သဖြင့် ဘူတန်နိုင်ငံသို့ လာရောက်မည့် ကမ္ဘာလှည့်ခရီးသည်များကို ဆိုက်ရောက်ဗီဇာများ ခွင့်ပြုပေးမည်ဖြစ်ပြီး မြန်မာနိုင်ငံနှင့် ဘူတန်နိုင်ငံအကြား ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံအကြား လေကြောင်းပျံသန်းရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဩဂုတ် ၇ ရက် ညနေပိုင်းတွင် အက်စကက်ရှိ သဘာဝဘေးအန္တရာယ် လျှော့ကျရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာရှာမိကာ ရှရီမန်က လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံမှ ဆောင်ရွက်နေသော သဘာဝဘေးအန္တရာယ် လျှော့ကျရေးလုပ်ငန်းအစီအစဉ်နှင့် ပတ်သက်၍ အက်စကက်မှ ကျွမ်းကျင်မှု အကူအညီ ပံ့ပိုးပေးရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဝန်ကြီးများအဆင့် အစည်းအဝေးသို့ အက်စကက်အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကိုယ်စားလှယ်များနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ စုစုပေါင်း ၂၅၀ ခန့် တက်ရောက်ခဲ့ကြသည်။

ဩဂုတ် ၄ ရက်မှ ၆ ရက်အထိ ကျင်းပသော အက်စကက်၏ အကြီးတန်းအရာရှိအဆင့် အစည်းအဝေးသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာနမှ အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိ ဒေါ်သန်းသန်းလင်း တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ စည်းဝေး

**နေပြည်တော် ဩဂုတ် ၁၃**

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေးတွင် မေးမြန်းခဲ့သည့် မေးခွန်းများ၊ တင်သွင်းခဲ့သည့် အဆိုများ၊ ပထမပုံမှန်မှ နဝမပုံမှန်အစည်းအဝေးများတွင် ကြယ်ပွင့်ပြကတိဖြစ်ခဲ့သည့် မေးခွန်းများနှင့် အတည်ပြုခဲ့သည့် အဆိုများ၊ တတိယပုံမှန်မှ နဝမပုံမှန်အထိ ကြယ်ပွင့်မပြစာဖြင့် မေးသော မေးခွန်းများ၏ မပြီးပြတ်သေးသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် အစီရင်ခံစာတင်သွင်းနိုင်ရေးအတွက် ကော်မတီဥက္ကဋ္ဌ ဦးဝင်းစိန် ခေါင်းဆောင်ပြီး ကော်မတီအတွင်းရေးမှူး၊ ကော်မတီဝင်များနှင့် ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်း ၃၅ ဌာနမှ ရုံးအဖွဲ့မှူးများ၊ တာဝန်ရှိသူများနှင့် ညှိနှိုင်းအစည်းအဝေးကို ပြည်သူ့လွှတ်တော်ကော်မတီအဆောင် (I-3)၌ ဩဂုတ် ၁၂ ရက် မွန်းလွဲ ၁နာရီခွဲတွင် ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာရှေ့အိုး လူမခိုး





နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လည်ပင်းကြီးရောဂါခွဲစိတ်ကုသမှုခံယူပြီးဖြစ်သူ လူနာတစ်ဦးအား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

**☆ ရွှေဖုံးမှ**

ယင်းနောက် မျက်စိခွဲစိတ်အထူးကုဆရာဝန်ကြီးများနှင့် ဝေဒနာရှင်များအတွက် နိုင်ငံတော်သမ္မတကိုယ်စား နိုင်ငံတော်သမ္မတရုံးညွှန်ကြားရေးမှူးချုပ်က အလှူငွေကျပ် ၁၀ သိန်းကို ပြည်ထောင်စုဝန်ကြီးဦးသိန်းညွန့်ထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများသည် မျက်စိစမ်းသပ်ကုသမှုခံယူပြီးနောက် အနီးမှုန်၊ အဝေးမှုန်ကြသည့် မျက်စိဝေဒနာရှင်များအား ပါဝါမျက်မှန်များ တပ်ဆင်ပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတနှင့် အဖွဲ့သည် မျက်စိခွဲစိတ်ပြီး ဝေဒနာရှင်များအတွက် နေကာမျက်မှန်များကို လက်ဆောင်အဖြစ် ပေးအပ်၍ အားပေးစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် လည်ပင်းကြီးရောဂါခွဲစိတ်ကုသမှုခံယူပြီး လူနာသုံးဦးအား သွားရောက် ကြည့်ရှုအားပေးခဲ့သည်။

ယင်းနောက် မျက်စိစမ်းသပ်ကုသမှုခံယူကြမည့် ဝန်ထမ်းများနှင့် မှီခိုသူဝန်ထမ်းမိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ဆက်လက်၍ အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)မှ မျက်စိအထူးကုဆရာဝန်ကြီး ဗိုလ်မှူးတိုးနိုင်ထက်နှင့် ပျဉ်းမနားပြည်သူ့ဆေးရုံကြီး ခုတင်(၂၀၀)မှ ဒေါက်တာဒေါ်ယဉ်နွယ်ဦးတို့ ဦးဆောင်သည့်အဖွဲ့က မျက်စိဝေဒနာရှင်များအား စမ်းသပ်စစ်ဆေးနေမှုကို ကြည့်ရှုအားပေးသည်။

ဩဂုတ် ၄ ရက်မှစတင်၍ အဆိုပါဆေးရုံ၌ မျက်စိရောဂါဝေဒနာရှင်များအား မျက်စိရောဂါစမ်းသပ်ကုသပေးလျက်ရှိပြီး ယနေ့အထိ ဝေဒနာရှင် ၁၂၃၀ ကို စမ်းသပ်ကုသပေးခဲ့ရာ



ခွဲစိတ်ကုသမှုခံယူရန် လိုအပ်သည့် ဝေဒနာရှင် ၁၀၀ ရှိကြောင်း၊ ၎င်းတို့အနက် ဝေဒနာရှင် ၄၀ အား ယနေ့ခွဲစိတ်ကုသပေးခဲ့ပြီး ကျန်ဝေဒနာရှင်များအား ဆက်လက်ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မျက်စိရောဂါ စမ်းသပ်ကုသရန်ကျန်ရှိသူ ၇၄၀ အားလည်း ဆက်လက်စမ်းသပ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခု မျက်စိရောဂါစမ်းသပ်ကုသရာတွင် နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စု အစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ရွေးကောက်ပွဲကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)နှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်တို့မှ ဝန်ထမ်းများနှင့် မှီခိုသူဝန်ထမ်းမိသားစုဝင်များအား အခမဲ့ စမ်းသပ်ကုသပေးခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါ ဆေးရုံ၌ ဩဂုတ် ၈ ရက်မှ ၉ ရက်အထိ လည်ပင်းကြီးရောဂါသည် ရှစ်ဦးအား စင်ကာပူနိုင်ငံမှ အထူးကုဆရာဝန်ကြီးတစ်ဦးနှင့် မြန်မာနိုင်ငံမှ အထူးကုဆရာဝန်ကြီးတစ်ဦးတို့ ဦးစီး၍ ခွဲစိတ်ကုသပေးခဲ့ကြောင်းသိရသည်။

ဇမ္ဗူသီရိအထူးကုဆေးရုံကြီးနှင့် ဇမ္ဗူသီရိဖောင်ဒေးရှင်းတို့၏ ပထမအကြိမ် အခမဲ့မျက်စိခွဲစိတ်ကုသမှုကို ၂၀၁၄ ခုနှစ် မေ ၅ ရက်မှ ၇ ရက်အထိ ကျင်းပခဲ့ပြီး ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင် ၁၈၉ ဦးကို စမ်းသပ်ကြည့်ရှုပေးခဲ့ကာ ၃၅ ဦးအား ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

ဇမ္ဗူသီရိအထူးကုဆေးရုံကြီးကို ၂၀၁၂ ခုနှစ် မေ ၃ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ဇမ္ဗူသီရိဖောင်ဒေးရှင်းကို ၂၀၁၂ ခုနှစ် ဇွန် ၁ ရက်တွင် စတင်တည်ထောင်ခဲ့ပြီး နေပြည်တော်ကောင်စီနယ်မြေကို ဗဟိုပြု၍ မြန်မာနိုင်ငံတစ်ဝန်းရှိ ဆရာတော်၊ သံဃာတော်များ၊ သက်ကြီးရွယ်အိုများနှင့် ဆင်းရဲနွမ်းပါးသူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ဆေးဝါးထောက်ပံ့ကူညီခြင်းနှင့် ဘာသာရေးဆိုင်ရာပွဲလမ်းများတွင် လိုအပ်သည်များကို ပံ့ပိုးလှူဒါန်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖောင်ဒေးရှင်းကို စတင်တည်ထောင်ချိန်မှစတင်၍ နိုင်ငံတစ်ဝန်းရှိ သက်တော်(၇၀)နှင့်အထက် ဆရာတော်ကြီးများနှင့်ချို့တဲ့သံဃာတော်များအား ဆေးဝါးနှင့် ပစ္စည်းလေးပါးထောက်ပံ့လှူဒါန်းခြင်းကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ဘာသာရေးဆိုင်ရာတရားပွဲများကျင်းပပေးခြင်း၊ တရားစခန်းနှင့် ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ပြည်တွင်းပြည်ပဆရာဝန်ကြီးများ၏ အကူအညီဖြင့် စောင့်ရှောက်မှုပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မျက်စိခွဲစိတ်ပြီး ဝေဒနာရှင်များကို အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မျက်စိစမ်းသပ်ကုသမှုခံယူပြီးသော ဝေဒနာရှင်များအား ပါဝါမျက်မှန်များ တပ်ဆင်ပေးစဉ်။ (သတင်းစဉ်)



အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)မှ မျက်စိအထူးကုဆရာဝန်ကြီး ဗိုလ်မှူးတိုးနိုင်ထက် ဝန်ထမ်းများနှင့် မှီခိုသူဝန်ထမ်းမိသားစုဝင်များအား မျက်စိစမ်းသပ်စစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းတို့ မျက်စိအထူးကုဆရာဝန်ကြီးများက မျက်စိဝေဒနာရှင်များအား ခွဲစိတ်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)



ဇမ္ဗူသီရိအထူးကုဆေးရုံကြီးနှင့် ဇမ္ဗူသီရိဖောင်ဒေးရှင်းတို့ ပူးပေါင်းစီစဉ်ဆောင်ရွက်သည့် ဒုတိယအကြိမ် အခမဲ့မျက်စိကုသစောင့်ရှောက်မှု ပြုလုပ်နေသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)



**❖ ဓမ္မစေတီမှ**

"မနေ့ကအထိတော့ တစ်ဦးတစ်ထောင်၊ ဒီနေ့တော့ တစ်ဦး ငါးရာဖြစ်သွားတယ်"ဟု သာကေတဘက် ကမ်းနားမှ နေ့စဉ်လာရောက်ကြည့်ရှုသူတစ်ဦးက ပြောကြားသည်။

ထိုသာကေတ ရှုခင်းသာပန်းခြံနေရာ၏ အနောက်ဘက်ကမ်းစပ်တွင် လာရောက်ကြည့်ရှုသူများ ကမ်းလုံးပြည့်ရှိကြသလို ခေါင်းလောင်းဆယ်ယူရေးလုပ်ငန်းအနီးနေရာအထိ သမ္ဗန်များဖြင့် သွားရောက်ကြည့်ရှုကြခြင်းကြောင့် ယင်းနေရာတစ်ဝိုက်တွင် သမ္ဗန်ဂိတ်သဖွယ်ပင်ဖြစ်လာခဲ့သည်။

ထိုနေရာတွင် လာရောက်ကြည့်ရှုသူများကို ယခင်က သမ္ဗန်ငယ်များဖြင့်သာ ဝန်ဆောင်မှုပေးရာမှ ယနေ့တွင် ဒလဘက်မှ သမ္ဗန်ကြီးများ ရောက်လာကာ တစ်စင်းလျှင် ၁၀ ဦးထက်ပိုမတင်ရန် သတ်မှတ်ကာ တစ်ဦးလျှင် ငွေ ၅၀၀ ကျပ်နှုန်းဖြင့် ယင်းနေရာအနီးသို့ ပို့ဆောင်ပေးကြခြင်းလည်း ဖြစ်သည်။

"အဲဒီနေရာက မြစ်သုံးစင်း ဆုံတဲ့နေရာလည်းဖြစ်တော့ အန္တရာယ်အလွန်များပါတယ်၊ အနယ်နယ်အရပ်ရပ်က လာကြည့်တဲ့သူတွေ အန္တရာယ်ကင်းအောင် Life Jacket များ ဝတ်ဆင်ပြီးမှ စီးနင်းခွင့်ပြုတာဖြစ်ပါတယ်" ဟု သမ္ဗန်မောင်းနှင်သူတစ်ဦးက ပြောကြားသည်။

ထိုနေရာတွင် ယခုအခါ သမ္ဗန်အကြီးအသေး စုစုပေါင်း အစင်း ၂၀ ဝန်းကျင်ဖြင့် မောင်းနှင်ပို့ဆောင်ပေးနေကြောင်း သိရသည်။

■■■

# ကျန်းမာရေးအာမခံဖော်ဆောင်ရေးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရေးညှိနှိုင်းစည်းဝေး

**ရန်ကုန် ဩဂုတ် ၁၃**

အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကျန်းမာရေးအာမခံလုပ်ငန်း ဆောင်ရွက်နိုင်ရန် ကျန်းမာရေးအာမခံဖော်ဆောင်ရေးလုပ်ငန်းအဖွဲ့(Task Force) ဖွဲ့စည်းဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၁ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်)၌ ကျင်းပခဲ့သည်။

အဆိုပါ ကျန်းမာရေးအာမခံဖော်ဆောင်ရေးလုပ်ငန်းအဖွဲ့တွင် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး လူမှုဖူလုံရေးအဖွဲ့၊ ကျန်းမာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်းမှ ကိုယ်စားလှယ်များ၊ မြန်မာ့အာမခံလုပ်ငန်းနှင့် ပုဂ္ဂလိကအာမခံကုမ္ပဏီများမှ ကိုယ်စားလှယ်များက အဖွဲ့ဝင်များအဖြစ် ပါဝင်သည်။ အတိုင်ပင်ခံပညာရှင်အဖွဲ့အနေဖြင့် နိုင်ငံခြားအာမခံလုပ်ငန်းများ၏ ကိုယ်စားလှယ်ကိုးဦးဖြင့် ဖွဲ့စည်းထားသည်။

ညှိနှိုင်းအစည်းအဝေးတွင် အဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက ကျန်းမာရေးအာမခံကို အစောဆုံး ၂၀၁၅ခုနှစ် ဇန်နဝါရီလတွင် စတင်ဆောင်ရွက်နိုင်ရန်နှင့် နောက်အကျဆုံး ၂၀၁၅ ခုနှစ် ဧပြီလတွင် ဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် ဩဂုတ် ၁၃**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Federal Service For Military Technical Cooperation of Russia ဥက္ကဋ္ဌ အလက်ဇန္ဒားဖိုမင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ချစ်ကြည်ရေးခရီးထွက်ခွာသွားသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦးနှင့် ရန်ကုန်တပ်နယ်မှ တပ်မတော်အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**



မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွင် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါသွားခဲ့ကြကြောင်းနှင့်ခရီးစဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပမည့် The International Exhibition "Oboronexpo-2014" နှင့် Tank biathlon - 2014 ပြပွဲများသို့လည်း တက်ရောက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

❖ **အခမဲ့မှ**

မျက်စိခွဲစိတ်ကုသမှုကို ကျွန်တော်တို့ ဒီပြည်တွင်းက အထူးကုဆရာဝန်ကြီးတွေနဲ့ ဆောင်ရွက်ပါတယ်။ အနာဂတ်မှာတော့ စင်ကာပူနိုင်ငံက အထူးကုဆရာဝန်ကြီးတွေနဲ့ နှလုံးကုသဌာနနဲ့ ပူးပေါင်းပြီး ဆေးပညာဖလှယ်ဖို့၊ လူနာစမ်းသပ်ကုသဖို့လည်း အစီအစဉ်ရှိပါတယ်။ အခမဲ့မျက်စိကုသ စောင့်ရှောက်မှုလုပ်ငန်းကို နေပြည်တော်မြို့နယ် ရှစ်မြို့နယ် ရှိတဲ့အနက် ကျန်တဲ့မြို့နယ်တွေကိုလည်း အလှည့်ကျ စီမံဆောင်ရွက်သွားဖို့ရှိပါတယ်။

## ဦးမျိုးမြင့်
## ဥက္ကဋ္ဌ၊ ဇမ္ဗူသီရိဖောင်ဒေးရှင်း

ကျွန်တော်တို့ဖောင်ဒေးရှင်းက ဒီဇမ္ဗူသီရိမြို့နယ်အပါအဝင် နေပြည်တော်တစ်ဝိုက်မှာရှိတဲ့ ပြည်သူလူထုတွေကို ကျန်းမာရေးစောင့်ရှောက်မှု လူမှုရေးစောင့်ရှောက်မှုတွေပေးဖို့ ဖွဲ့စည်းထားတဲ့ ဖောင်ဒေးရှင်းဖြစ်ပါတယ်။ လူမှုရေးဆိုတာက ဘာသာရေး၊ သာသနာရေးလုပ်ငန်းတွေမှာ လိုအပ်တာတွေ စောင့်ရှောက်ဖို့ဖြစ်ပါတယ်။ အထူးသဖြင့်တော့ ကျန်းမာရေးစောင့်ရှောက်မှုကို ဦးစားပေးပြီး လုပ်ကိုင်ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ဖောင်ဒေးရှင်းမှာ နာယက ခြောက်ဦးရှိပါတယ်။ အလုပ်အမှုဆောင်အဖွဲ့ ၁၀ ဦးရှိပါတယ်။

ဒီလိုဆောင်ရွက်တဲ့နေရာမှာ ဒီဇမ္ဗူသီရိအထူးကုဆေးရုံကြီးကို အခြေခံပြီး စင်ကာပူနိုင်ငံမှာရှိတဲ့ မောင့်အယ်လီဇဘတ် ဆေးရုံကြီးနဲ့ ပူးပေါင်းဆောင်ရွက်ပါတယ်။

၂၀၁၄ ခုနှစ် မတ်လတွင် စင်ကာပူနိုင်ငံက ဆရာဝန်ကြီးတွေရယ်၊ ကိုရီးယားနိုင်ငံက ဆရာဝန်ကြီးတစ်ဦးရယ် စုစုပေါင်း ခုနစ်ဦးပူးပေါင်းပြီး နေပြည်တော်တစ်ဝိုက်မှာရှိတဲ့ နှလုံးရောဂါသည်၊ သွားရောဂါ၊ လည်ပင်းကြီးရောဂါသည်တို့ကို ကုသပေးခဲ့ပါတယ်။ ဒီလ ၇ ရက်နဲ့ ၈ ရက်မှာလည်း စင်ကာပူနိုင်ငံက အထူးကုဆရာဝန်ကြီးလာရောက်ပြီး နိုင်ငံတစ်ဝန်းမှာရှိတဲ့ လည်ပင်းကြီးရောဂါသည်တွေကို ခွဲစိတ်ကုသပေးခဲ့ပါတယ်။ ဒီလိုနိုင်ငံတကာက ဆရာဝန်ကြီးတွေ လာရောက် ခွဲစိတ်ကုသတဲ့အခါမှာလည်း ကုန်ကျတဲ့ငွေကြေးကို ကျွန်တော်တို့ဖောင်ဒေးရှင်းက ကျခံပါတယ်။


ဗိုလ်မှူး တိုးနိုင်ထက်။

အခုတစ်ကြိမ် အခမဲ့ မျက်စိကုသစောင့်ရှောက်မှု ပြုလုပ်တဲ့အခါမှာ ဌာနပေါင်း ၅၀ ကျော်က ဝန်ထမ်းတွေကို သီးခြားအစီအစဉ်နဲ့ လုပ်ပေးတာဖြစ်ပါတယ်။ မျက်စိစမ်းသပ်ကုသချင်သူပေါင်း ၄၉၀၀ ခန့်ရှိပါတယ်။ အဲ့ဒီအထဲမှာ ရိုးရိုးမျက်စိပါဝါစမ်းသပ်မယ့်လူများထက် ရောဂါရှိလို့ ခွဲစိတ်ကုသချင်တဲ့လူနာ ၁၉၇၀ ကို ဦးစားပေးပြီး ဩဂုတ် ၄ ရက်ကစတင်ပြီး ကုသပေးနေပါတယ်။ တစ်နေ့တစ်နေ့ ပျမ်းမျှ လူနာ ၂၀၀၊ ၂၅၀ ခန့်ကို စမ်းသပ်ကုသပေးလျက်ရှိပါတယ်။


ဒေါ်မြမြကြည်။

မနေ့ကအထိ မျက်စိစမ်းသပ်ပြီးသူ ဝန်ထမ်းနဲ့ မှီခိုသူ ၁၂၃၀ ရှိပါတယ်။ ဒီအထဲမှာ ခွဲစိတ်ကုသရမယ့်လူနာ ၁၀၀ ကျော်လောက်တွေ့ရှိပါတယ်။ ဒီနေ့မှာ လူနာ ၄၀ ကို စခွဲမှာဖြစ်ပါတယ်။ ဒီခွဲစိတ်မှုနဲ့ပတ်သက်လို့ ဆေးရုံတက်တဲ့ စရိတ်တွေ၊ ခွဲစိတ်ကုသတဲ့စရိတ်တွေကို ကျွန်တော်တို့ဖောင်ဒေးရှင်းက တာဝန်ယူပြီးဆောင်ရွက်ပါတယ်။ ခွဲစိတ်စရာမလိုတဲ့ လူနာတွေကိုလည်း စမ်းသပ်ခတွေ၊ ဆေးဖိုးဝါးခတွေကိုလည်း ကျွန်တော်တို့ကပဲ တာဝန်ယူကျခံပေးပါတယ်။ ဝန်ထမ်းမိသားစုတွေထဲက မျက်မှန်တပ်ဖို့လိုတဲ့ သက်ကြီးရွယ်အို လူကြီးသူမများကိုလည်း မျက်မှန်လှူဒါန်းပေးပါတယ်။

အနာဂတ်မှာ ကျွန်တော်တို့ဆောင်ရွက်မှာက မျက်စိဝေဒနာရှင်တွေအပြင် အခြားသော ဝေဒနာရှင်တွေကိုလည်း ကျန်းမာရေးစောင့်ရှောက်ဖို့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ လည်ပင်းကြီးရောဂါအပြင် ထပ်မံပြီး ကျွန်တော်တို့ စာရင်းကောက်နေတာက မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာတွေဖြစ်ပါတယ်။ သူတို့ကို ကျန်းမာရေး စောင့်ရှောက်ပေးဖို့လည်း ကျွန်တော်တို့ ဒီဆေးရုံကြီးမှာ ကျွမ်းကျင်တဲ့ ဆရာဝန်ကြီးတွေရှိနေပါတယ်။

ကျွန်တော်တို့ဆေးရုံက ဆရာဝန်ကြီးတွေအပြင် ပြည်ပနိုင်ငံတွေက အကူအညီပေးမယ့် ကျွမ်းကျင်တဲ့ ဆရာဝန်ကြီးတွေနဲ့ ပူးပေါင်းပြီး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ စင်ကာပူ၊ ကိုရီးယားတို့အပြင် အမေရိကန်နိုင်ငံက ဆရာဝန်ကြီးတွေကလည်း ကမ်းလှမ်းလာတာရှိပါတယ်။ ဒီထက်ခက်ခဲတဲ့ ဝေဒနာရှင်တွေကိုလည်း ကျွန်တော်တို့ဖောင်ဒေးရှင်းက အကုန်အကျခံပြီး လှူဒါန်းဆောင်ရွက်ပေးမယ့် အစီအစဉ်လည်း ရှိပါတယ်။ ဒီဆေးရုံကြီးမှာ ကင်ဆာဓာတ်ရောင်ခြည်ရိုက်တဲ့ စက်တွေ၊ ဦးနှောက်ဓာတ်မှန်ရိုက်တဲ့စက်တွေ တပ်ဆင်ပြီးသွားရင် ဒီရောဂါတွေနဲ့ ပတ်သက်တဲ့ လူနာတွေကိုလည်း စောင့်ရှောက်သွားဖို့ ရှိပါတယ်။


ဦးဝင်းကြည်။

## ဒေါ်အေးသီ
## မှီခို(ဒုတိယသမ္မတ(၁)ဦးစီးရုံးမှ ဝန်ထမ်းဒေါ်ခင်ဆွေဦး၏ မိခင်)

ကျွန်မရေတိမ်ရောဂါဝေဒနာခံစားနေရတာ ရှစ်နှစ်ရှိပါပြီ၊ ကျွန်မကို ခွဲစိတ်တာ ၁၀ မိနစ်လောက်ပဲကြာပါတယ်။ ကုန်ကျစရိတ်လည်း မရှိပါဘူး။ ဒီကပဲ အစစအရာရာအကုန်အကျခံပါတယ်။ ဆေးတွေလည်း ပေးပါတယ်။ အစားအသောက်တွေလည်း ကျွေးပါတယ်။

## ဒေါ်အုန်း
## မှီခို(ပြည်ထဲရေးဝန်ကြီးဌာနမှ ဒေါ်နု၏ အစ်မ)

ကျွန်မက မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ရွာသစ်ကျေးရွာမှာ နေပါတယ်။ အခုဝေဒနာကို ခံစားနေရတာ အနှစ် ၂၀ ရှိပါပြီ။ ကျွန်မက ဒီဇမ္ဗူသီရိဖောင်ဒေးရှင်းက အခမဲ့ ခွဲစိတ်ပေးမယ်ဆိုတာ ကြားရလို့လာခဲ့တာပါ။ အကုန်လုံးကို ဖြည့်ဆည်းပေးပါတယ်။ ကုန်ကျမှုမရှိပါဘူး။ အဆင်ပြေပါတယ်။ ကုန်ကုန်ပြောရရင် ရေသန့်ကစလို့ အားလုံး လှူဒါန်းပေးပါတယ်။

## ဗိုလ်မှူးတိုးနိုင်ထက်
## မျက်စိကုသဌာန၊ အမှတ်(၂) တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)

ကျွန်တော်တို့ မျက်စိအထူးကုဆရာဝန်တွေ ဒီမှာစုပေါင်းပြီး မျက်စိစမ်းသပ်ကုသမှုလုပ်ငန်း ဆောင်ရွက်တာဖြစ်ပါတယ်။ အဲဒီထဲမှာ ခွဲစိတ်ကုသဖို့လိုအပ်တဲ့ လူနာတွေကို ရွေးချယ်ပါတယ်။ ကျွန်တော်တို့ အခုပြင်ပလူနာကြည့်ရှုတာနဲ့ ခွဲစိတ်ကုသတာကို တစ်ပြိုင်တည်း လုပ်နေပါတယ်။ လာရောက်ကုသတဲ့ သူတွေထဲမှာ အများစုကတော့ ရုံးဝန်ထမ်းတွေဖြစ်ပါတယ်။ အသက်အရွယ်အားဖြင့်လည်း အသက်ကြီးတဲ့သူတွေ မပါဝင်တဲ့အတွက် မျက်မှန်ပါဝါ လိုအပ်တဲ့သူတွေ၊ ဇက်ကြောတက်တဲ့သူတွေ၊ စာဖတ်တာ၊ ကွန်ပျူတာသုံးတာများတဲ့အတွက် မျက်စိမျက်ရိုးကိုက်တဲ့ သူတွေများပါတယ်။ အသက်ကြီးတဲ့ မှီခိုသူတွေပါလာရင်တော့ အတွင်းတိမ်လူနာတွေ ဖြစ်နေတာတွေ့ရပါတယ်။ ခွဲစိတ်ကုသမှုနဲ့ ပတ်သက်ပြီး အဆင်ပြေပါတယ်။ ဇမ္ဗူသီရိဖောင်ဒေးရှင်းကလည်း လိုအပ်တာတွေ၊ ကုန်ကျစရိတ်တွေ၊ ဆေးဝါးတွေ ကူညီဆောင်ရွက်ပေးပါတယ်။

## ဒေါ်မြမြကြည်
## မှီခို(ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနမှ ဝန်ထမ်း ဒေါ်သီသီလှ၏မိခင်)

ကျွန်မက ရန်ကုန်မှာ သားတွေ၊ သမီးတွေနဲ့နေပါတယ်။ ပြီးခဲ့တဲ့နှစ်က ရန်ကုန်မှာ မျက်စိကိုက်လို့ သွားပြတော့ခဲ့ရမယ်၊ တစ်နှစ်နေရင်လာပြလို့ပြောပါတယ်။ အခုကပြရမယ့် တစ်နှစ်ပြည့်ပြီဖြစ်လို့ သမီးကဒီမှာ ပြဖို့ခေါ်လိုက်တာ ဖြစ်ပါတယ်။ ဒီရောက်တော့ မျက်လုံးက ခွဲစိတ်ဖို့ မလိုသေးဘူး။ မျက်မှန်ပဲတပ်ပါလို့ ပြောပါတယ်။ ဒါနဲ့ပဲ မျက်မှန်တပ်ဖို့ စီစဉ်ပေးပါတယ်။ အခုမျက်မှန်ကို တပ်ကြည့်လိုက်တော့ အရင်ကထက် အများကြီး ကြည်ကြည်လင်လင် မြင်ရပါတယ်။


ဒေါ်ဝင်း။

## ဦးဝင်းကြည်
## မှီခို(လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဒေါ်ယဉ်မာ၏ဖခင်)

ကျွန်တော့်အနေနဲ့ အရင်က နှစ်ခါ မျက်စိခွဲစိတ်ခဲ့ဖူးပါတယ်။ ဒါပေမယ့် ကြည့်ရတာဝါးနေခဲ့ပါတယ်။ အခု မျက်စိ အခမဲ့ကုသပေးတယ်ဆိုလို့ လာပြတာပါ။ ဆရာဝန်တွေက နှစ်ခါ ခွဲဖူးထားလို့ ထပ်မံခွဲဖို့ အဆင်မပြေဖူးလို့ ပြောပါတယ်။ ဒါနဲ့ မျက်မှန်တပ်ပေးလိုက်တော့ အခုဆိုရင် အတော်ကို ကြည်လင်ပါတယ်။ အကုန်လုံး ကွဲပြားသွားပါတယ်။ သမ္မတကြီးကိုယ်တိုင် မျက်မှန်တပ်ပေးပါတယ်။ ဒီအတွက်လည်း သမ္မတကြီးကို ဝမ်းမြောက်ဝမ်းသာ ကျေးဇူးတင်ပါတယ်။

## ဒေါ်ဝင်း
## မှီခို(ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဒေါ်ဆွေဆွေလှိုင်ဝင်း၏ မိခင်)

ကျွန်မအသက်က (၈၀) ရှိပါပြီ။ သမီးက မျက်စိစမ်းသပ်ဖို့လိုတယ်ဆိုပြီး စာရင်းပေးထားလို့ လာပြခဲ့တာပါ။ ဆေးရုံရောက်တော့ ဆရာဝန်တွေရဲ့ စမ်းသပ်ချက်အရ မျက်မှန်ပဲ တပ်ရပါတယ်။ အခုတော့ အတော်ကို ကောင်းသွားပါပြီ။ အရင်ကတော့ တစ်ခါခွဲစိတ်ခဲ့ဖူးပါတယ်။ အခုလို မျက်စိအခမဲ့စမ်းသပ်ပေးတာ၊ မျက်မှန်အခမဲ့လှူဒါန်းပေးတာနဲ့ပတ်သက်လို့ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ဒေါ်ကျင်ဆန်း
## မှီခို(နေပြည်တော်ကောင်စီ)

ကျွန်မ ခုတင်(၁၀၀)မှာ တစ်ခါခွဲတယ်။ နောက် ဒီဆေးရုံမှာ တစ်ခါခွဲတယ်။ အားလုံးကောင်းပါတယ်။ အခုဆိုရင် ပိုကောင်းသွားတာပေါ့။ ပထမဦးဆုံး မျက်မှန်က ဝါးလာတော့ အခုလိုလာပြတာပါ။ ကျွန်မ အခုဆို အဝေးက နာရီတောင်မြင်ရပါတယ်။ ကျွန်မက အဝေးမှုန်ဆိုတော့ အတော်ကို ကြည့်ကောင်းသွားတယ်။ ပိုပြီးတော့ ကြည်လင်သွားပါတယ်။ ကုန်ကျစရိတ် လုံးဝမရှိပါဘူး။ အခုလို လုပ်ကိုင်ပေးတဲ့သူတွေရော၊ သမ္မတကြီးရော စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်။


ဒေါ်ကျင်ဆန်း။

## ဒေါ်ခင်သန်းမူ
## (မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝန်ထမ်း)

ကျွန်မ အတွင်းတိမ်ဖြစ်တာ နှစ်နှစ်လောက်ရှိပါပြီ။ ဇမ္ဗူသီရိဖောင်ဒေးရှင်းက မျက်စိခွဲစိတ်ဖို့ ဝန်ကြီးဌာနကို စာရင်းတောင်းတော့ စာရင်းပေးလိုက်ပြီး နှစ်ပတ်အကြာမှာ လာရောက်ပြသ ခွဲစိတ်ဖို့ ဖုန်းနဲ့အကြောင်းကြားပါတယ်။ ဆေးရုံ တက်ရောက်ပြသတော့ ဖောင်ဒေးရှင်းက ဆေးဝါးကုသမှု ကုန်ကျစရိတ်အားလုံးကို တာဝန်ယူတဲ့အပြင် နေထိုင်စားသောက်မှုကိုလည်း အကောင်းဆုံးဖြည့်ဆည်းပေးပါတယ်။ အခုလိုမျိုး တစ်ခါမှ မကြုံဖူးပါဘူး။ ဒါကြောင့်အားလုံးကို ကျေးဇူးတင်ပါတယ်။

## ဒေါ်အေးအေးမြင့်
## မှီခို(ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး)

ကျွန်မ အသက်က(၆၀)ပါ။ လည်ပင်းကြီးရောဂါဖြစ်တာ ၂၃ နှစ်ရှိပါပြီ။ ခွဲစိတ်ဖို့ကလည်း အခက်အခဲရှိတဲ့အပြင် ရောဂါကလည်း သိပ်မဆိုးတော့ ဒီအတိုင်းနေလာခဲ့ပါတယ်။ အခုနှစ်ပိုင်းမှာ မကြာခဏ ခေါင်းမူးတဲ့အပြင် ဆေးခန်းပြတော့လည်း သိပ်မသက်သာပါဘူး။ သမီးယောက်ျားက စခန်းမှူးရုံးမှာမို့ ဇမ္ဗူသီရိဖောင်ဒေးရှင်းက လည်ပင်းကြီးရောဂါ ခွဲစိတ်ဖို့ နာမည်စာရင်းတောင်းတော့ ထည့်ပေးလိုက်တယ်လို့ ပြောပါတယ်။ အခုဖောင်ဒေးရှင်းအကူအညီနဲ့ ခွဲစိတ်ကုသမှုခံယူလိုက်တော့ သက်သာတဲ့အပြင် နှစ်ပေါင်းလောက်ရှိတဲ့ အသားပိုကို လည်ပင်းမှာ ဆွဲထားရတဲ့ဒုက္ခလည်း လွတ်သွားတော့ အလွန်ပျော်ပါတယ်။

ဒါကြောင့် ကျွန်မလည်း ဒီလိုရောဂါဖြစ်ရတဲ့ အကြောင်းအရင်းနဲ့ အခုလို ခွဲစိတ်ကုသမှုခံယူခြင်းဖြင့် ရရှိတဲ့ အကျိုးကျေးဇူးတွေကို အနီးပတ်ဝန်းကျင်နဲ့ ကျွန်မလို ဝေဒနာသည်တွေကို လိုက်လံရှင်းပြပြီး ကျန်းမာရေး အသိပညာပေးသွားမယ်လို့ ဆုံးဖြတ်ထားပါတယ်။ အခုဒီမှာ ကုသမှုခံယူတာက ပိုက်ဆံမကုန်တဲ့အပြင် အစစ အရာရာ စီစဉ်ဆောင်ရွက်ပေးတဲ့အတွက် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်တဲ့အပြင် အမြဲလည်း မေတ္တာပို့ပေးနေမှာပါ။ ■

❒ **ကျောဖုံးမှ**

ယနေ့ နံနက် ၈ နာရီ ၂၀ မိနစ်က အဆိုပါ RBE အဲကွန်း အထူးရထားတွဲဆိုင်းအား စတင်စမ်းသပ်ပြေးဆွဲခြင်းကို ရန်ကုန်ဘူတာကြီး၌ ပြုလုပ်ခဲ့သည်။

ထို့နောက် ရန်ကုန်ဘူတာကြီးမှတစ်ဆင့် ရန်ကုန်မြို့ပတ် “ဂ” အထူးရထားခရီးစဉ်အတိုင်း ၂၉ ဒသမ ၅ မိုင်ကွာဝေးသောဘူတာပေါင်း ၃၈ ဘူတာအား စတင်စမ်းသပ်ပြေးဆွဲခဲ့သည်။ RBE အဲကွန်းအထူးရထား၏ထူးခြားချက်မှာ တွဲတစ်တွဲစီ၌ နိုင်ငံတကာအဆင့်မီ ထိုင်ခုံများစီစဉ်ဆောင်ရွက်ထားခြင်းဖြစ်ပြီး တွဲတစ်တွဲလျှင် ရင်ခွင်ပိုက်ကလေးနှင့်အတူ မိခင်များပါထိုင်နိုင်ရန် ဆောင်ရွက်ထားခြင်း၊ အသက်အရွယ်ကြီးရင့်သူများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် မသန်စွမ်းသူများပါထိုင်နိုင်ရန်အတွက် သတ်မှတ်သင်္ကေတပုံများထားရှိကာ စုစုပေါင်းထိုင်ခုံအရေအတွက် ရှစ်လုံးစီစဉ်ပေးထားသည်။

ထို့အပြင် အဆင့်မြင့်အဲကွန်းများနှင့်တကွ ပန်ကာများပါစီစဉ်ဆောင်ရွက်ပေးထားပြီး တွဲတစ်တွဲလျှင် ထိုင်ခုံအရေအတွက် ၅၆ လုံးထားရှိကာ ရထားစီးခရီးသည် လူဦးရေများပြားလာပါက တွဲတစ်တွဲလျှင် လူဦးရေ ၁၀၀ ကျော်လိုက်ပါစီးနင်းနိုင်ကြောင်းသိရပြီးတွဲဆိုင်းတစ်ဆိုင်းလျှင်စုစုပေါင်းလူဦးရေ ၅၀၀ ကျော်လိုက်ပါစီးနင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။ တွဲတံခါးပေါက်ဝတိုင်း၌ အချက်ပြတံခါးအဖွင့်အပိတ်ခလုတ်များ စနစ်တကျတပ်ဆင်ထားရှိပြီး ရထားစီးခရီးသည်များမှ လိုအပ်သလိုသုံးစွဲနိုင်ကြရန် စီစဉ်ပေးထားသေးသည်။ အဆိုပါ RBE အဲကွန်းအထူးရထားတွဲတစ်တွဲ မှာယူတင်သွင်းခြင်းအတွက် ဂျပန်ယန်းငွေ ၉၀ ဒသမ ၉ သန်းကုန်ကျကြောင်းသိရပြီး မြန်မာကျပ်ငွေဖြင့် တွက်ချက်ပါက တွဲတစ်တွဲလျှင် ငွေကျပ် သိန်း ၉၀၀ ဝန်းကျင်ရှိကြောင်း သိရကာ စုစုပေါင်းတွဲငါးတွဲပါသော တွဲဆိုင်းတစ်ဆိုင်းအတွက် မြန်မာကျပ်ငွေ သိန်းပေါင်း ၄၅၀၀ ဝန်းကျင်ရှိကြောင်း သိရသည်။

မြန်မာ့မီးရထား တိုင်းအမှတ်(၇) သွားလာပို့ဆောင်ရေးဌာနမှ လက်ထောက်အထွေထွေမန်နေဂျာ ဦးဇော်ဖေစိန်က “ဒီ RBE အဲကွန်းအထူးရထားတွေက လက်ရှိဂျပန်နိုင်ငံမှာ ပြေးဆွဲပေးနေတဲ့ ရထားပုံစံအတိုင်းပါပဲ။ သူတို့ ဂျပန်နိုင်ငံမှာတော့ ဒီလိုမျိုး မြို့ပတ်ခရီးစဉ်ဖြစ်တဲ့ ရန်ကုန်-အင်းစိန် ခရီးစဉ်ကို မြန်မာငွေကျပ်နဲ့တွက်ကြည့်မယ်ဆိုရင် လူတစ်ဦးကို သတ်မှတ်လက်မှတ်ခ ကောက်ခံတာ ကျပ် ၂၇၀၀ လောက်ကျပါတယ်။ ဒီမှာဆိုလည်း လက်မှတ်ခနှုန်းထားကို ကျပ် ၁၄၀၀ လောက် ကောက်ရမှာပါ။ ဒါပေမယ့် ကျွန်တော်တို့ နိုင်ငံရဲ့ မြို့ပတ်ရထားတွေက တခြားနိုင်ငံများနဲ့ နှိုင်းယှဉ်မယ်ဆိုရင် အဆင့်နိမ့်နေပါသေးတယ်။ အဓိကကတော့ နိုင်ငံတော်က ရထားစီးအများပြည်သူတွေကို အဆင့်မြင့်အဲကွန်းရထားတွေ စီးစေချင်ပါတယ်။ ဒါကြောင့် ဒီခရီးစဉ်အတွက်ကိုလည်း လူတစ်ဦးလျှင် ငွေကျပ် ကျပ် ၃၀၀ နှုန်းပဲ လက်မှတ်ခကောက်ခံမှာပါ။ အရင်အဲကွန်းအထူးရထားတုန်းကလူတစ်ဦးလျှင် လက်မှတ်ခနှုန်းထား ငွေကျပ် ၄၀၀ သတ်မှတ်ထားပါတယ်၊ အခုကရထားစီးခရီးသည်တွေအတွက် အဆင်ပြေစေချင်လို့ပါ” ဟု ရှင်းပြခဲ့သည်။

ထို့အပြင် ယခုလအတွင်း RBE အဲကွန်းအထူးရထားတွဲ ငါးတွဲကို အသုံးပြုကာ တွဲဆိုင်းတစ်ဆိုင်းပြုလုပ်၍ “ဇ” ရထားခရီးစဉ်တွင် အစားထိုးပြေးဆွဲပေးတော့မည်ဖြစ်ကြောင်း၊ “ဂ” အထူးရထားတွဲဆိုင်းအား “ခရမ်း” တွဲဆိုင်းတွင် အစားထိုးဆောင်ရွက်ခြင်းနှင့် “ဇ” ရထားတွဲဆိုင်းအား “သရက်” တွဲဆိုင်းတွင် အစားထိုးခြင်းဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ “ခရမ်း” တွဲဆိုင်းနှင့် “သရက်” တွဲဆိုင်းတို့မှရထားတွဲများအား အခြား တွဲမပြည့်စုံသေးသော တွဲဆိုင်းများတွင် အစားထိုးဆောင်ရွက်သွားမည်ဖြစ် ကြောင်း၊ ထို့အပြင် ကျန်ရှိနေသေးသည့် RBE အထူးရထား တွဲ ၁၀ တွဲအား တိုင်း ၁၀ တိုင်းမှ လိုအပ်သည့်နေရာများတွင် ဖြည့်စွက်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်းဖြင့် မြန်မာ့မီးရထားမှ စုံစမ်းသိရသည်။ **(စိုးဝင်း-MLA)**

# စေတနာအမှား

ကောင်းနန္ဒကျော်

အော်ရီဒူးဆက်သွယ်ရေးကုမ္ပဏီမှ ငွေကျပ် ၁၅၀၀ တန် အော်ရီဒူးဆင်းကတ်များကို ဇူလိုင် ၂၉ ရက်တွင် နေပြည်တော်နှင့်မန္တလေးမြို့များတွင်လည်းကောင်း၊ ဇူလိုင် ၃၀ ရက်တွင် ရန်ကုန်မြို့တွင်လည်းကောင်း၊ အော်ရီဒူးသီးသန့်ဖုန်းအရောင်းဆိုင်များနှင့် ကိုယ်စားလှယ်ဖုန်းအရောင်းဆိုင်များတွင်လည်းကောင်း နိုင်ငံသားမှတ်ပုံတင်ကတ်မိတ္တူများဖြင့်ရောင်းချပေးနေသည်ကို တွေ့နေရပေသည်။

ရန်ကုန်မြို့ရှိ ဖုန်းဆိုင်အချို့က အော်ရီဒူးဆင်းကတ်များမရောင်းချမီကတည်းက နှစ်ပတ်၊သုံးပတ်ကြိုတင်၍ လူတစ်ဦးလျှင် မှတ်ပုံတင်ကတ်တစ်ခုဖြင့် ဆင်းကတ် ၂၀ ထိဝယ်ယူနိုင်ကြောင်းပြောဆိုသဖြင့် ဌာနဆိုင်ရာ ဝန်ထမ်းအချို့ နှင့်ပုဂ္ဂလိကများမှ မိမိတို့ဝယ်ယူလိုသည့်အရေအတွက်ကို မှတ်ပုံတင်မူရင်းပေးထားကာ ကြိုတင်စာရင်းပေးမှာထားမှုများရှိခဲ့ပေသည်။

သို့သော် တစ်နေ့စာရေးသူက ဖုန်းဆိုင်တစ်ဆိုင်တွင် ကိုရီးယားနိုင်ငံထုတ် Hanset အသစ်တစ်မျိုးရောက်နေသဖြင့် ကြည့်လို၍ အဆိုပါ ဖုန်းဆိုင်သို့ သွားရောက်ခဲ့ရာ မမျှော်လင့်သောအဖြစ်အပျက်တစ်ခုကြောင့် အံ့အားသင့်ခဲ့ရသည်။ ဤဖုန်းဆိုင်လေးသည် စာရေး သူဝယ်နေကျဖြစ်သလို ဆိုင်ရှင်နှင့်ဆိုင်ရှိဝန်ထမ်းအားလုံးကလည်း ဆက်ဆံရေးပြေပြစ်ကြသည့်အပြင် ၎င်းတို့ဆိုင်သို့ လာရောက်သည့် Customer များအကြိုက်စိတ်ရှည်သည်းခံစွာဖြင့် ဝန်ဆောင်မှုများပေးနေကြသည့်အပြင် ပစ္စည်းများကိုလည်းဈေးနှုန်းချိုသာစွာရောင်းပေးနေခြင်းကြောင့် အစစ အရာရာ အဆင်ပြေပြီးဝယ်လို့ကောင်းသည့် ဆိုင်လေးတစ်ဆိုင်ဖြစ်ပါလျက် ဆိုင်းအတွင်းတွင် Customer တစ်ဦးနှင့် ဆိုင်ရှင်တို့အခြေအတင်စကားများကာ ဆူညံနေသည့်အဖြစ်များကြောင့် စဉ်းစားမရအောင်ဖြစ်ခဲ့ရသည်။ သူတို့တွေစကားများနေကြသည်က တခြားမဟုတ် စာရေးသူအထက်ကပြောခဲ့သလို နှစ်ပတ်၊ သုံးပတ်ကြိုတင်စာရင်းပေးထားသည့် Customer များက အော်ရီဒူးဆင်းကတ်များ စတင်ရောင်းချပေးသည့်နေ့တွင် ဆင်းကတ်များမရရှိဘဲ အခြားဆိုင်များတွင် ယခုဝယ် ယခု ရရှိနေကြခြင်းနှင့် မိမိတို့ကြိုတင်စာရင်းပေးမှာထားသည့် ဆိုင်ကလည်း Hand Set အသစ်တစ်လုံးဝယ်မှ ဆင်းကတ်တစ်ကတ်သာရောင်းပေးနေသည့်အဖြစ်များကြောင့် Customer နှင့် ဆိုင်ရှင်တို့အကြား အငြင်းပွားကာပြဿနာများ ဖြစ်နေကြခြင်းပင်ဖြစ်သည်။ ဆိုင်ရှင်ဘက်ကလည်း အော်ရီဒူးဆက်သွယ်ရေးကုမ္ပဏီမှ အပြည့်အဝမပေးနိုင်၍သာဖြစ်ကြောင်း၊ အော်ရီဒူးကုမ္ပဏီကို အပြစ်ပုံချနေသကဲ့သို့ Customer များ ဘက်ကလည်း အော်ရီဒူးနှင့်မဆိုင်၊ ဆိုင်နှင့်သာ သက်ဆိုင်၍ ဆိုင်မှဖြေရှင်းပေးဖို့တာဝန်ရှိကြောင်း ပြောဆိုနေစဉ်မှာပင် အော်ရီဒူးကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးရောက်လာပြီး မကြာမီရက်ပိုင်းအတွင်း မှာထားသည့်ဆင်းကတ်များအားလုံးရစေမှာဖြစ်ကြောင်း ပြောဆိုသွားသဖြင့် နှစ်ဦးနှစ်ဖက်ပြေလည်မှုရရှိကာ အဆင်ပြေသွားခဲ့ကြသည်။ မည်သို့ပင်ဆိုစေကာမူ ထိုနေ့က စာရေးသူလည်း Hand set အသစ်မကြည့်ဖြစ်ခဲ့ဘဲ ဆိုင်လေးမှ ခပ်သုတ်သုတ်ထွက်ခွာလာခဲ့ပေတော့သည်။

စာရေးသူ ဖုန်းဆိုင်လေးမှ ပြန်ထွက်လာစဉ် လမ်းတစ်လျှောက်စဉ်းစားလာမိသည်။ ဆိုင်ရှင်ဘက်က တွေးကြည့်လျှင်လည်း မိမိတို့ Customer များအတွက် စေတနာထားပြီး ရစေချင်သည့်စေတနာဖြင့် အော်ရီဒူးဆင်းကတ်များ ထွက်လျှင်ထွက်ချင်း လိုသလောက်ရနိုင်မည်ဟု ထင်ကာ စာရင်းကြိုတင်ကောက်ယူခဲ့စဉ်က ဆင်းကတ်များစတင်ထွက်ရှိသည့်နေ့တွင် ဦးစားပေးရမည်ဖြစ်ကြောင်း ကတိဝန်ခံခဲ့ခြင်းများကြောင့် ယခုကဲ့သို့ ဆင်းကတ်များမရရှိခြင်းနှင့် Hand set အသစ်တစ်လုံးဝယ်မှ ဆင်းကတ်တစ်ကတ်ရမည်ဆိုသော Hand set ရောင်းစားနေသည့် ဖြစ်ရပ်များကြောင့် ဆိုင်များအနေဖြင့်လည်း နာမည်ပျက်ကာ တစ်ဖက် Customer များဘက်ကလည်း မိမိတို့ဆိုင်အပေါ် အယုံအကြည်ကင်းမဲ့လာနိုင်ပေသည်။

တကယ်တော့ ဒီဖြစ်ရပ်များသည် ဖုန်းဆိုင်အချို့အနေဖြင့် မိမိတို့ Customer များအပေါ် စေတနာထားဆောင်ရွက်ခဲ့ကြသော်လည်း စေတနာက ဝေဒနာဖြစ်ခဲ့ကြရသည်။ တစ်ဖက် အော်ရီဒူးကုမ္ပဏီနှင့်လည်း ပိုင်နိုင်အောင်ချိတ်ဆက်မထားနိုင်ဘဲ မိမိတို့ Customer များအပေါ် စေတနာအမှား ဆောင်ရွက်ခဲ့ခြင်းများကြောင့် မိမိတို့နှင့်Customer အကြား ယုံကြည်မှုကင်းမဲ့ခြင်းများ၊ တစ်ဦးပေါ်တစ်ဦး အမုန်းပွားမှုများ မဖြစ်သင့်ဘဲ ဖြစ်ခဲ့ကြရသည်။

မည်သို့ပင်ဆိုစေကာမူ အော်ရီဒူးဆက်သွယ်ရေးကုမ္ပဏီအနေဖြင့်လည်း မိမိတို့ဆင်းကတ်များကို အားပေးနေကြသည့် ပြည်သူများအပေါ် စေတနာထားဆောင်ရွက်ပေးလိုသည့် စိတ်ရင်းစေတနာကောင်းများထားမည်ဆိုပါကလည်း ယခုကဲ့သို့သော "စေတနာအမှား"မျိုးကို မဖြစ်စေလိုကြောင်း စေတနာထား ရေးသားလိုက်ရပါတော့သည်။ ။




## သဘာဝဘေးကယ်ဆယ်ရေး ကြိုတင်ပြင်ဆင်

**ရန်ကုန် ဩဂုတ် ၁၃**

မြန်မာနိုင်ငံတွင် အချို့သောဒေသများ၌ ရေကြီးမှု၊ ရေလျှံမှု၊ မြစ်ရေမိုးရေကြောင့် မြေပြိုမှု သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လျက်ရှိနေသည်။

ကြည့်မြင်တိုင်မြို့နယ်သည် မြို့အလယ်၌ လှိုင်မြစ်က ဖြတ်သန်းစီးဆင်းလျက်ရှိနေသည်။ ဝါဆို၊ ဝါခေါင်လများတွင် မြစ်ရေသည် မြင့်တက်လျက်ရှိနေသည်။

လှိုင်မြစ်အနောက်ဘက်ကမ်း၌ ကျေးရွာပေါင်း ၁၁ ရွာ(ရပ်ကွက်လေးရပ်ကွက်)ရှိရာ သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးများ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ ရရှိထားသော မော်တော်ဘုတ်(Speed boat)ကို ဩဂုတ် ၁၁ ရက် နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းထက်အောင်၊ အရန်မီးသတ်တပ်ရင်းမှူး ဦးစိန်လှိုင်နှင့် အဖွဲ့က ကြိုတင်လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေသည်ကို တွေ့ရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

## အသက်မွေးဝမ်းကျောင်းသင်တန်းများ လျှောက်ထားနိုင်

**ရန်ကုန် ဩဂုတ် ၁၃**

လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသက်ကြီး သင်တန်းကျောင်း ရန်ကုန်မြို့၌ အသက်(၁၈)နှစ်မှ (၄၅)နှစ်အတွင်းရှိ ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သုံးလသင်တန်းများဖြစ်သော (၁)စက် ချုပ်သင်တန်း၊ (၂)ခေတ်ပုံသင်တန်း၊ (၃)ပိုးဇာပုံနှိပ်သင်တန်း၊ (၄)ဆံသသင်တန်း၊ (၅)ကွန်ပျူတာ သင်တန်းများကို စက်တင်ဘာ ၈ ရက်တွင် ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

အဆိုပါ သင်တန်းများသို့ တက်ရောက်သင်ကြားလိုသူများသည် မသန်စွမ်းသက်ကြီး သင်တန်းကျောင်း အမှတ်(၆၅) ကျိုက်ဝိုင်းဘုရားလမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၉၆၆၁၇၁၂၊ ၀၉-၄၂၀၁၂၄၈၄၀ နှင့် ၀၉-၅၀၃၄၆၉၁ တို့ကို ဆက်သွယ်နိုင်ကြောင်းနှင့် သင်တန်းတက်ရောက်ခွင့်ရသူများအား လစဉ်ထောက်ပံ့ကြေး၊အဆောင်နေ၊ စားစရိတ်ငြိမ်းနှင့် နယ်မှ လာရောက်သော သင်တန်းသားများအတွက် အိမ်ပြန်ခရီးစရိတ် တို့ကိုပါ ထုတ်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်အတွင်း ရှမ်းပြည်နယ်၊ တောင်ကြီးနှင့်ကလောမြို့ တိုးချဲ့ မြို့ရေပေးရေးလုပ်ငန်းအတွက် လိုအပ်သောပစ္စည်းများအား တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းနိုင်ပါသည်-

**Bidding Document for Taunggyi Water Supply Pilot Project remaining work (Urgent Procurement)**

| Sr No | Name of Work | Component | Lot No |
|---|---|---|---|
| | **Lot.1(Pipe & Accessories)** | | |
| 1 | Distribution pipe from Yatanar Thiri Reservoir | 12"Ø, 6"Ø, 4"Ø PVC Pipe & Accessories | Lot 1.1 |
| 2 | Transmission pipe from Yatanar Thiri Reservoir to Yat Taw Mu Monestry Reservoir | 6"Ø GI Pipe & Accessories | Lot 1.2 |
| 3 | Distribution pipe from Yat Taw Mu Reservoir | 8", 6", 4" PVC Pipe & Accessories | Lot 1.3 |
| | **Lot.2 (Pump, Motor, Engine & Accessories)** | | |
| 1 | Pump Procurement at Yatanar Thiri Reservoir | Centrifugal Pump 2 Sets & Accessories | Lot 2.1 |
| 2 | Water hammer measures (Nar Yaung, Sin Hna Kaung and Yan Kin Taung) | Water hammer vessel 3 Sets & Accessories | Lot 2.2 |
| 3 | Chlorine dosage equipment | Chlorine dosage equipment 2Sets & Accessories | Lot 2.3 |
| 4 | Water quality test devices (Residual chlorine, pH and tubidity) | Water quality test devices | Lot 2.4 |
| 5 | Modification of the Pump Control Circuit at Nar Yaung, Sin Hna Kaung and Yatanar Thiri Pump Station. | Pump Control Circuit 4 Nos | Lot 2.5 |
| | **Lot.3 (Power Supply Procurement)** | | |
| 1. | Power supply and transformer procurement for Yatanar Thiri Pump Station | 50 KVA Transformer & Accessories | Lot 3.1 |

**Bidding Document for Kalaw Water Supply Pilot Project remaining work (Urgent Procurement)**

| Sr No | Name of Work | Component | Lot No |
|---|---|---|---|
| | **Lot.1 (Pipe & Accessories)** | | |
| 1 | 6"Ø PVC pipe, from Chin Tae Hna Kaung along Inn Pyinn(400') | 6"Ø PVC Pipes & Accessories | Lot 1.1 |
| | **Lot.2 (Pump , Motor, Engine & Accessories)** | | |
| 2 | (A) Chlorine dosage equipment for Chin Tae Hna Kaung WTP<br>(B) Chlorine dosage equipment for Ya Aye Kan WTP<br>(C) Water quality test devices (Residual chlorine, pH, Turbidity) | Chlorine dosage Equipment (2)Nos & Water Quality Test Device (1)No | Lot 2.1 |

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) များကို ၁-၉-၂၀၁၄ ရက် ၁၂ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပြီး တင်ဒါဖွင့်ပွဲအား ၁-၉-၂၀၁၄ ရက် မွန်းလွဲ ၁ နာရီတိတိတွင် ဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၁၃-၈-၂၀၁၄ ရက်မှစ၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးအမှတ် (၁၄)၊ နေပြည်တော်(တယ်လီဖုန်းအမှတ်-၀၆၇-၄၀၉၄၀၇၊၄၀၉၂၁၅)တွင် ဆက်သွယ်ရယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

NEW MOTION Travels & Tours Co.,Ltd.
တွင် ခန့်အပ်ရန် အောက်ပါ အရည်အချင်းများနှင့် ပြည့်စုံသော ဝန်ထမ်းများ အလိုရှိသည်။

Permanent Overseas Tour Leader M/F ( 10 ) Posts

နိုင်ငံခြားခရီးစဉ်များတွင် ဦးဆောင်ရန် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသောသူများ အလိုရှိသည်။
(၁) အသက် ၂၃ မှ ၃၀ နှစ်အတွင်း တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ ဖြစ်ရမည်။
(၂) ကျန်းမာဖျတ်လတ်ပြီး အချိန်မရွေး နိုင်ငံခြားသို့ ခရီးသွားလာနိုင်သူ ဖြစ်ရမည်။
(၃) မိမိကိုယ်ကို ယုံကြည်မှုရှိပြီး ဦးဆောင်မှုစွမ်းရည်မြင့်မားသူ ဖြစ်ရမည်။
(၄) ရုပ်ရည် ပြေပြစ်ပြီး ဝန်ဆောင်မှုပိုင်းဆိုင်ရာတွင် စိတ်ဝင်စားသူ ဖြစ်ရမည်။
(၅) အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်စွာ ပြောဆို ရေးသားနိုင်သူ ဖြစ်ရမည်။
(၆) လုပ်ငန်းခွင် အတွေ့အကြုံရှိရန် မလိုပါ။
(၇) နိုင်ငံရပ်ခြားတွင် ဝန်ဆောင်မှုလုပ်ငန်းများ၌ လုပ်ကိုင်ဖူးပြီး အင်္ဂလိပ်အပြင် အခြားဘာသာစကား(များ)ပါ တတ်ကျွမ်းသူများလည်း လျှောက်ထားနိုင်သည်။

လျှောက်ထားလိုသူများ သည် ကိုယ်ရေးရာဇဝင် အကျဉ်း၊ မကြာသေးမီက ရိုက်ကူးထားသော ဓာတ်ပုံ ၁ ပုံ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်း မိတ္တူ၊ အလုပ်သမားမှတ်ပုံတင် မိတ္တူ၊ ဘွဲ့လက်မှတ် မိတ္တူများတို့နှင့်အတူ အောက်ပါလိပ်စာအတိုင်း ဩဂုတ်(၁၈)ရက်နေ့ နောက်ဆုံးထား၍ လူကိုယ်တိုင် လာရောက်လျှောက်ထားရန် ဖြစ်သည်။

New Motion Travels & Tours
No. 19, Kyun Taw Rd, San Chaung Tsp, Yangon
Mail : cso@new-motion.net Hot line : 0973148955 / 66

# ဧရာဝတီမြစ်အတွင်း အမှိုက်စွန့်ပစ်မှု လျစ်လျူမရှုသင့်ကြောင်း ဒေသခံများပြောကြား

**မကွေး ဩဂုတ် ၁၃**

မကွေးတိုင်းဒေသကြီး မကွေးမြို့ ဧရာဝတီမြစ်ကမ်းပါးအနီး ရပ်ကွက်များမှ မြစ်အတွင်း နေ့စဉ်အမှိုက်စွန့်ပစ်မှုများရှိနေပြီး ပြည်သူအချင်းချင်း တားမြစ်ဟန့်တားမှုမရှိခြင်း၊ ဒေသဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းများက ထိရောက်စွာ ထိန်းသိမ်းအရေးယူမှုများမရှိခြင်းကြောင့်၊ ကမ်းနားလမ်းသာယာလှပမှုကို အကျည်းတန်စေသည့်အပြင် ပျက်စီးရန် မလွယ်ကူသော ပလတ်စတစ်ကဲ့သို့သော အမှိုက်များ မြစ်အတွင်းရောက်ရှိခြင်းကြောင့် ရေထုညစ်ညမ်းကာ ရေနေသတ္တဝါများမျိုးသုဉ်းမှု အန္တရာယ်မှတစ်ဆင့် ဂေဟစနစ်ချို့ယွင်းပျက်စီးမှုများ ဖြစ်ပေါ်လာနိုင်သည့်အတွက် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုကို လျစ်လျူမရှုသင့်ကြောင်း မကွေးဒေသခံများထံမှ သိရသည်။

တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြစ်ချောင်းများအတွင်း အမှိုက်စွန့်ပစ်ခြင်းကြောင့် မြစ်၏မျက်နှာပြင်မြင့်တက်လာစေပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ကာ သဘာဝဘေးအန္တရာယ်များ ကျရောက်နိုင်သည့်အတွက် မြစ်အတွင်း အမှိုက်စွန့်ပစ်မှုများ မပြုလုပ်ရန် သတိပေးတားမြစ်ချက်များ ထုတ်ပြန်ထားရှိပြီးဖြစ်သည်။ မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှလည်း အမှိုက်သိမ်းယာဉ်များဖြင့် စွန့်ပစ်အမှိုက်များကို လိုက်လံသိမ်းဆည်းပေးလျက်ရှိကြောင်း သိရသည်။

"စည်ပင်က အမှိုက်သိမ်းယာဉ်တွေတော့ လာပါတယ်။ ဒါပေမယ့် အမှိုက်သိမ်းနိုင်တဲ့ပမာဏထက် ပိုများနေတော့ မီးရှို့တာတွေ၊ ရေမြောင်းတွေထဲ အမှိုက်ပစ်တာတွေ၊ မြို့စွန်မြို့ဖျားအထိ ထော်လာဂျီ၊သုံးဘီးတွေငှားပြီး အမှိုက်ပစ်တာတွေ တွေ့ရပါတယ်။ လက်ဖက်ရည်ဆိုင်၊စားသောက်ဆိုင်အချို့နဲ့ မြစ်ကမ်း နားနီးတဲ့သူတွေကလည်း မြစ်ထဲကို အလွယ်တကူ အမှိုက်ပစ်ကြပါတယ်။ ဒါပေမယ့် စည်းကမ်းမဲ့ အမှိုက်ပစ်တာနဲ့ပတ်သက်ပြီး တားတဲ့သူလည်းမရှိဘူး။ အရေးယူမယ့်သူလည်း မရှိဘူး" ဟု မကွေးဒေသခံတစ်ဦးက ပြောသည်။



မြစ်အတွင်း အမှိုက်စွန့်ပစ်ခြင်းကြောင့် ရေသယံဇာတအဆိပ်သင့်ခြင်း၊ ရေမျက်နှာပြင်မြင့်တက်ခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများဖြစ်ပေါ်နိုင်ခြင်း၊ ရေလမ်းသွားစက်တပ်ယာဉ်များ၌ အနှောင့်အယှက်ကြုံနိုင်ခြင်းတို့အပြင် ဧရာဝတီမြစ်တစ်လျှောက်ရှိ မြို့ကြီးများ၏ သာယာလှပမှုကို အကျည်းတန်စေကြောင်း ဒေသအရေး စိတ်ပါဝင်စားသူများက သုံးသပ်ပြောဆိုလျက်ရှိပြီး ဧရာဝတီမြစ်အတွင်း အမှိုက်စွန့်ပစ်မှုအား သာမန်ကိစ္စတစ်ခုအဖြစ် လျစ်လျူမရှုသင့်ကြောင်း ဒေသခံများထံမှ သိရသည်။

**ဇေယျာတု(မကွေး)**

# သုံးစွဲရန်မသင့်သည့် ကျင်းထုံခြင်ဆေးခွေများ ဈေးကွက်အတွင်း ရောင်းချနေဆဲ

**ရန်ကုန် ဩဂုတ် ၁၃**

အများပြည်သူများ သုံးစွဲရန်မသင့်သည့် အန္တရာယ်ရှိ ကျင်းထုံခြင်ဆေးခွေများကို သက်ဆိုင်ရာမှ ဈေးဆိုင်များသို့ လိုက်လံစစ်ဆေးသိမ်းဆည်းမှုများ ပြုလုပ်နေသော်လည်း ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်၌ ဈေးကွက်တွင် ရောင်းချနေဆဲ ဖြစ်ကြောင်း ဩဂုတ် ၁၀ ရက်က တွေ့ရသည်။

ပြည်သူများ အသုံးပြုနေသော ခြင်ကာကွယ်ဆေးများတွင် ကျင်းထုံအမည်ရှိ ခြင်ဆေးခွေမှာ အန္တရာယ်ရှိ၍ အများပြည်သူများသုံးစွဲရန်မသင့်တော်ကြောင်း တာဝန်ရှိသူများက အဆိုပါခြင်ဆေးခွေများကို ဈေးဆိုင်များတွင် လိုက်လံစစ်ဆေး၍ သိမ်းဆည်းနေသော်လည်း ဝယ်ယူသူတစ်ဦးက "အန္တရာယ်ရှိတယ်လို့တော့ ပြောတာပဲ၊ ဒါပေမယ့် ကျင်းထုံခြင်ဆေးခွေက အခြားခြင်ဆေးခွေတွေထက် သုံးစွဲရတာပိုပြီး ခြင်တွေကို ပြေးစေတယ်"ဟု ပြောသည်။

ဒလမြို့နယ် ကမာကဆစ်ရပ်ကွက်ရှိ ဈေးဆိုင်တစ်ဆိုင်မှ ဈေးရောင်းသူတစ်ဦးက "အခြားနေရာတွေမှာတော့ ကျင်းထုံခြင်ဆေးခွေမှာ လိုက်သိမ်းနေတယ်လို့ပြောတယ်၊ ကျွန်တော်တို့ဘက်တော့ မလာသေးဘူး" ဟု ပြောသည်။ ကျင်းထုံခြင်ဆေးခွေမှာ အများပြည်သူများအတွက် အန္တရာယ်ရှိပြီး သုံးစွဲရန်မသင့်ဟု ဆိုပါက မြို့နယ်အတွင်း ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးခြင်း၊ ဈေးဆိုင်များအား တစ်ဆိုင်မကျန် လိုက်လံစစ်ဆေးသိမ်းဆည်းမှုများ ပြုလုပ်သင့်ကြောင်း ပြည်သူများထံမှ သိရသည်။

**မင်းရဲမာန်(နေပြည်တော်)**

# အိပ်ပျော်နေရာမှ ယောင်၍လမ်းထလျှောက်စဉ် ရေတွင်းထဲပြုတ်ကျသေဆုံး

**မုံရွာ ဩဂုတ် ၁၃**

ဩဂုတ် ၁၂ ရက် နံနက် ၃ နာရီခွဲက အိပ်ပျော်နေရာမှ ယောင်၍လမ်းထလျှောက်စဉ် ရေတွင်းအတွင်း ပြုတ်ကျသေဆုံးမှု မုံရွာမြို့ အောင်မင်္ဂလာရပ်ကွက်တွင် ဖြစ်ပွားခဲ့ကြောင်း မုံရွာမြို့ မြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မုံရွာမြို့ အောင်မင်္ဂလာရပ်ကွက် အမှတ်(၂)လမ်းနေ သန်းတိုးအောင် (၁၉)နှစ် (ဘ)ဦးကျော် မြသန်းသည် အိပ်ပျော်နေရာမှ ယောင်၍လမ်းထလျှောက်စဉ် နေအိမ်ဝင်းအတွင်းရှိ ရေတွင်းအတွင်းသို့ ပြုတ်ကျသေဆုံးခဲ့ကြောင်းသိရသည်။အဆိုပါ ကိစ္စနှင့် ပတ်သက်၍ မုံရွာမြို့မရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ် ၂၃/၂၀၁၄ ရေးဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# အင်းစိန်ပန်းခြံရှေ့တွင် လုယက်မှုဖြစ်ပွား

**ရန်ကုန် ဩဂုတ် ၁၃**

အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် အင်းစိန်ပန်းခြံရှေ့တွင် ဩဂုတ် ၁၀ ရက် ည ၁၁ နာရီကျော်က မောင်မိုးဇော် (၂၁)နှစ် ရန်ကုန်-အင်းစိန်လမ်းမကြီး (၃)ရပ်ကွက် မရမ်းကုန်းမြို့နယ်နေသူထံမှ ငွေကျပ် ၁၃၁၅၀၀ နှင့် လက်ကိုင်ဖုန်းတို့အား မောင်ညီညီစိုးနိုင် (ခ) စိုးပြည့် (၂၁)နှစ် ကနောင်လမ်းမကြီး ကစင်ကျေးရွာ-လှိုင်သာယာမြို့နယ်နေထိုင်သူနှင့် အမည် (စုံစမ်းဆဲ) လူတစ်ဦးတို့မှ လုယူသွားသဖြင့် အင်းစိန်ရဲစခန်းသို့ တိုင်ကြား ခဲ့သည့်အတွက် အင်းစိန်ရဲတပ်ဖွဲ့စုမှ အခင်းဖြစ်နေရာသို့သွားရောက်ကာ မောင်ညီညီစိုး (ခ) စိုးပြည့်အား ဖမ်းဆီးခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ အင်းစိန်မြို့မရဲစခန်းမှ မောင်ညီညီစိုးနိုင် (ခ) စိုးပြည့်နှင့် အမည်မသိ (စုံစမ်းဆဲ) တစ်ဦးတို့အား ပ-၇၃၈/၂၀၁၄၊ ပုဒ်မ ၃၈၀/၃၄ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၆၈၄)**

မူးယစ်
ကင်းစင်
အောင်ပွဲဆင်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန
## တိုင်းဦးစီးမှူးရုံး(ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန တိုင်းဦးစီးမှူးရုံး(ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့) လက်အောက်ရှိ စိုက်ကွင်း/ခြံများတွင် အသုံးပြုရန် အောက်ဖော်ပြပါ စက်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| | | | |
|---|---|---|---|
| (က) | 22 HP လက်တွန်းထွန်စက် (စက်ပစ္စည်း ၈ မျိုးအပါ) | | (၃)စီး |
| (ခ) | Thresher (22HP with Accessories) | | (၂)စီး |
| (ဂ) | Solar System | Solar Cell 5'x3' 300 Watts<br>Inverter 1000 Watts | (၂)လုံး |
| (ဃ) | Computer<br>Dell Vostro V 5460 3rd Generation, Intel Core i5 3230 U, 3.2 GHz, 4GB DDR3, 500 GB SATA, Nvidia Geforce GT 630M 2GB DDR 3 | | (၂)စုံ |
| (င) | Laser Printer (A4)<br>C/W 303 Cartridge (Mono, A4, 12PPM (Mono only)<br>2700x600 dpi USB Interface | | (၂)စုံ |
| (စ) | Engine (12HP, Compressor) | | (၁)စုံ |

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၁၅-၈-၂၀၁၄ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၂-၈-၂၀၁၄ရက်၊ မွန်းလွဲ (၁၃:၀၀) နာရီ

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန
တိုင်းဦးစီးမှူးရုံး (ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့)
ဖုန်း-၀၄၂-၂၉၁၄၀၊ ၀၄၂-၂၉၀၀၅

ရွှေနဂါး ကျိုက်ထီးရိုး၊ ချောင်းသာ
Hotel, Scania Bus, Restaurant, Guide Service......
❖ ပုဂံ(ရွှေစည်းခုံ)-ပုပ္ပား(အဘထွက်ပွဲ) နှင့် ဘုရားစုံ Sep-9
❖ တောင်ကြီး-အင်းလေး(ဖောင်တော်ဦးဘုရားပွဲ)-ပင်းတယ Oct-3,...
Ph: 209077, 209388, 09 73167000,09 73168000

ကားမျိုးစုံ စီးလုံးငှားသည်
အဘထွက်ပွဲ (သီးသန့်)(ငြိမ်း)- ၃၀၀၀၀
အဘထွက်ပွဲ၊ပုပ္ပါး၊ပုဂံ(ရွှေစည်းခုံ)
အထူးနှုန်း(ငြိမ်း)- ၅၅၀၀၀ ၈-၉-၂၀၁၄ ထွက်မည်။
0931815390,0931815395

STNS Travel
အဘထွက်ပွဲသို့ (9-9-2014) ထွက်မည်
အဘထွက်ပွဲ ပုပ္ပါး (၃)ရက် 28000
ဆက်၍ ပုဂံ-ညောင်ဦး (၄)ရက် 35000
09-420168325, 09-420211358

ရွှေသစ္စာ (ဘုရားဖူးနှင့်အပန်းဖြေခရီးသွားပို့ဆောင်ရေး)
09 31943254, 09 30193806,09 32055153
Sep - 7/8 အင်းလေးဖောင်တော်ဦးပွဲ

သန်းဌေးနှင့်ရောင်းရင်းများမှ အဘအောင်မင်းခေါင်ထွက်ပွဲသို့
၈-၉-၂၀၁၄ ထွက်မည်။
အဘထွက်ပွဲ - ပုပ္ပါး (၃) ရက်။
အဘထွက်ပွဲ - ပုဂံ၊ ညောင်ဦး၊ ရွှေစည်းခုံ (၅) ရက်။
အဘထွက်ပွဲ - တောင်ကြီး၊ အင်းလေး၊ ပင်းတယ (၅) ရက်။
ဝလွန် - နေပြည်တော် ➡ (တနင်္ဂနွေ)
ကျိုက်ထီးရိုး + ချောင်းသာ ➡ (သောကြာ)
Ph: 241863, 380141, 09-43043109, 09-73251422

ရန်ကုန်တိုင်းမ်
အတွဲ(၁၀)၊ အမှတ်(၃၁) THE YANGON TIMES အပတ်စဉ်ဂျာနယ်
နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးနိုင်ဖွယ် ရှိမှာလား (Cover Story)
"မြန်နှုန်းပိုကောင်းမယ်၊ အသံပိုကြည်လင်မယ်၊ ဈေးနှုန်းမှန်မယ်ဆိုရင် လူတွေက အားပေးကြမှာပါပဲ"
ဂျွန်ကယ်ရီ မြန်မာအစိုးရကို ဘာပြောခဲ့လဲ
ကြာသပတေးနေ့တိုင်း ထွက်ပြီ
- တောင်သူမိုးအမှတ်အသား (Old & Gold)
- ဖြန့်ချိရေး(Hot Line)
၀၉ ၇၃၀၈၀၈၁၄

အတွဲ ၅၊ အမှတ် ၂၀၉
မအောင်မြင်သည်များကို ဝန်ခံ စိန်ခေါ်မှုများကို ရင်ဆိုင်
● ဒီမိုကရေစီ နည်းစဉ်ကို လက်ခံ ကျင့်သုံးကြဖို့ လိုသည်
● နောက်ဆုံးတော့ သိုးတွေသာ တရားခံ
● ညှိနှိုင်း ထုဆစ်ရမည့် အမြင်သစ် ကိုင်တွယ် ဖြေရှင်းရမည့် အမွေဆိုး
● အခြေခံ မှုတွေ များလှတဲ့ တိုင်းပြည်
● အပြာရောင် လယ်သမား၊ အနီရောင် လယ်သမား၊ အစိမ်းရောင် လယ်သမား
● ပြည်သူတွေ ဘာမှ မသိတဲ့ ရွေးကောက်ပွဲ စနစ်
● ဘေးရောက်တော့မှာလား
● အမုန်းပြောတဲ့ လူနည်းစု မိအောင် ဖမ်းပါ
ထွက်ပြီ

ဖတ်စရာ

# ထိခြင်းကြီး ငါးပါးဖြင့် ရှိခိုးခြင်း

à &eEkf

မြန်မာတို့က ရှိခိုးခြင်းဆိုင်ရာတွင် ထိခြင်းကြီး ငါးပါးဖြင့် ပြဋ္ဌာန်းထားပါသည်။

(၁) ခြေဖဝါးအပြင်နှစ်ဖက် တို့ကို အညီအညွတ် မြေ၌တည်စေခြင်း၊

(၂) ပုဆစ် ဒူးဝန်းနှစ်ဖက်တို့ကို အညီအညွတ် ထိနေစေခြင်း၊

(၃) တံတောင်ဆစ်နှစ်ဖက်တို့ကို အညီအညွတ် ထိနေစေခြင်း၊

(၄) လက်ဖဝါးပြင် နှစ်ဖက်တို့ကို အညီအညွတ် ထိနေစေခြင်း၊

(၅) လက်အုပ်ကို နဖူးပြင်၌ ထိနေစေခြင်းဟူ၍ သီလက္ခန်ဋီကာသစ်တွင် "ထိုင်လျက်ရှိခိုးခြင်း" ဟူ၍ ဖော်ပြထားသည်။

တစ်နည်းအားဖြင့် "ပုဆစ်ဒူးနှစ်ခု၊ လက်နှစ်ခု၊ နဖူး" ဟူ၍လည်း ပါရမီဒီပနီ၌အတိုကောက် မှတ်သားထားနိုင်သည်။ ထို့အပြင် မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုတွင်"ဝပ်လျက်ရှိခိုးခြင်း"

## စင်ပေါ်မှ မိန်းကလေး များက လူ. . .

လည်းရှိသည်။ ထိုင်လျက်အနေအထားမှ ထိခြင်းများမှာ မြေတွင် အညီအညွတ်တည်စေခြင်းဖြင့်သာ "ဝပ်လျက်ရှိခိုးခြင်း" ဖြစ်ပေါ်စေသည်။

ထိုမျှမကသေး "မတ်ရပ်အနေအထားရှိခိုးခြင်း" လည်းရှိသေးသည်။ ခြေဖဝါးအပြင်နှစ်ဖက်တို့ကို အညီအညွတ် မြေ၌တည်စေပြီးနောက် လက်ဖဝါးနှစ်ဖက်တို့ကို အညီအညွတ် အချင်းချင်းတည်ရှိစေရသည်။ ထို့နောက် လက်အုပ်ကို နဖူးပြင်၌ ထိ၍ကန်တော့ခြင်း ပါဝင်သည်။

မြန်မာတို့၏ ရှိခိုးကန်တော့ရာတွင် တုပ်ကွဝပ်ဆင်း ရိုသေလေးမြတ်ခြင်းနှင့် မေတ္တာနှင့်ယှဉ်သော စိတ်ဖြင့် ချစ်မြတ်နိုးအနှစ်သာရ ပါဝင်ကြသည်။ ထိုအနေအထားကို မြင့်မြတ်သည်ဟု ခံယူကြသည်။ မိမိတို့ရိုသေလေးစား ထားအပ်ရာတွင် ကြုံလျှင်ကြုံသလို မတ်ရပ်အနေအထားတစ်နည်း ထိုင်လျက်အနေအထားတစ်ဖုံ ဝပ်လျက်အနေအထားတစ်သွယ်တို့ဖြင့် ရှိခိုးကန်တော့ကြသည်။ ခရီးဦးကြိုဆိုကြသည်။ နေရာပေးကြသည်တို့ကို မေတ္တာနှင့်ယှဉ်၍ ဆောင်ရွက်တတ်ကြသည်။

အရှေ့တိုင်းနိုင်ငံများတွင်လည်း ရှိခိုးခြင်း အလေ့အထကိုတွေ့နိုင်သည်။ တွေ့ဆုံသည့်အခါ တစ်ဦးနှင့်တစ်ဦး ရင်ညွှန့်တွင်လက်အုပ်ကလေးချီ၍ ကြိုဆိုကြသည်။ တစ်ဦးနှင့်တစ်ဦး ပြန်လှန်နှုတ်ဆက်ရာတွင်လည်း လက်အုပ်ကလေးချီလျက်။

အန္ဒိယနိုင်ငံရှိ ဟိုတယ်များတွင် "လက်အုပ်ချီသော ပန်းချီကား" ဖြင့် အလှဆင်ထားကြသည်။ မိမိတို့အိမ်နီးချင်း ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံတို့တွင် ထိုယဉ်ကျေးမှုက ကြီးစိုးသည်။

ယနေ့အခါ စင်ပေါ်မှမိန်းကလေးများက လူကြီးများ၊ ပရိသတ်များအား နှုတ်ဆက်ရာတွင်လည်း ဤအမူအရာ အလေ့အထများကို မြင်တွေ့နေရသည်။

မြန်မာ့ရုပ်မြင်သံကြား သတင်းကြေညာရာတွင် တွေ့ရသည်ကလည်း သတင်းကြေညာသူလေးများ တစ်ဦးနှင့်တစ်ဦး အချိုးမညီ။ သတင်းကို နှစ်ဦးကြေညာကြသည်။ တစ်ဦးပြောလျှင် တစ်ဦးကိုတစ်လှည့်စီရိုက်ပြသော်လည်း သတင်းပြီးဆုံးသောအခါတွင် ပါဝင်သူနှစ်ဦးလုံးကို ရိုက်ပြသည်။ ထိုအချိန်တွင် တစ်ဦးက ပရိသတ်ကို လက်အုပ်ချီ၍ နှုတ်ဆက်သည်။ ကျန်နောက်တစ်ဦးက လက်အုပ်မချီ၊ အဘယ်ကြောင့်ဤသို့ဖြစ်ရသည် နားမလည်။ ဝန်ထမ်းဆိုသည်မှာ တစ်ပြေးညီတာဝန်ကို လုပ်ဆောင်သင့်သော်လည်း။

လက်အုပ်ချီနှုတ်ဆက်ခြင်းသည် မြန်မာ့ယဉ်ကျေးမှုဟု မခံယူပါက၊ မလိုက်နာပါက တစ်ပြေးညီ။ မြန်မာတို့၏ မတ်ရပ်ရှိခိုးခြင်း စံနမူနာအတိုင်း လက်အုပ်ကိုနဖူးပြင်၌ ထိ၍ကန်တော့ခြင်း သတ်မှတ်ပါက မြန်မာ့ဓလေ့ ယဉ်ကျေးမှုနှင့်အညီ။ သို့မဟုတ် အရှေ့တိုင်းသား နှုတ်ခွန်းဆက်သည့်နည်းကို မှီငြမ်းပါက လူကြီးများကတိတိကျကျ ကျင့်နိုင်ကြပါရန် ညွှန်ကြားသင့်သည်ဟု အကြံပြုတင်ပြပါသည်။

# အလုံမြို့နယ်တွင် Mobile Library ကွင်းဆင်းဆောင်ရွက်



**ရန်ကုန်၊ ဩဂုတ် ၁၃**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အနောက်ပိုင်းခရိုင်၊ အလုံမြို့နယ်၊ လွတ်လပ်ရေးရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးသို့ ဩဂုတ် ၁၁ ရက် မွန်းလွဲ ၁ နာရီက Mobile Library ကို အလုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကွင်းဆင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ရပ်ကွက်စာဖတ်ပရိသတ်များအတွက် သုတ/ရသစာအုပ် ၁၀၀ ကိုဗဟုသုတတိုးပွားစေရန် ရည်ရွယ်၍ ရက်သတ္တနှစ်ပတ် ငှားရမ်းပေးသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် အများပြည်သူများ အသိပညာတိုးပွားရေး၊ ဗဟုသုတဖွံ့ဖြိုးတိုးတက်စေရေး၊ ကျောင်းနေအရွယ် ကျောင်းသူ၊ ကျောင်းသားများ စာဖတ်ရှိန်မြင့်မားရေး၊ စာပေစိတ်ဝင်စားစေရေးနှင့် ကျောင်းပြင်ပ စာပေဗဟုသုတကြွယ်ဝစေရေးကို ရှေးရှုလျက် Mobile Library များကို လုပ်သားပြည်သူများ၏ ဌာန၊ ကျောင်း၊ ရပ်ကွက်များသို့ စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ရွှေတိုင်လွင်**

# အရန်မီးသတ်တပ်ဖွဲ့ဝင်များ (မွမ်းမံ) သင်တန်းဖွင့်လှစ်

**ရမည်းသင်း၊ ဩဂုတ် ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ် မီးသတ်ဦးစီးဌာနတွင် ဩဂုတ် ၁၁ ရက် နံနက် ၁၀ နာရီခွဲက အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်းဖွင့်ပွဲကို ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်း၊ ဌာနဆိုင်ရာများ၊ မြို့နယ်အထောက်အကူပြုအဖွဲ့များ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများနှင့် အရန်မီးသတ်သင်တန်းသား ၅၄ ဦးတို့ တက်ရောက်ကြသည်။

ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူးက အရန်မီးသတ်သင်တန်းကို နိုင်ငံတော်မှ ငွေကြေးအကုန်အကျခံကာ သင်တန်းသားတစ်ဦးကို တစ်နေ့ ၅၀၀ ကျပ်နှုန်းထောက်ပံ့ပေးသွားမည်ဖြစ်ပြီး စာရေးကိရိယာ၊ သင်တန်းမှတ်စုတို့ကိုလည်း ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် မီးဘေးအန္တရာယ်မှ တားဆီးကာကွယ်နိုင်ရေးနှင့် သဘာဝဘေးအန္တရာယ် ကျရောက်လာပါက အရေးပေါ်ရှာဖွေကယ်ဆယ်နိုင်ရေး ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကောင်းမွန်သော ရည်ရွယ်ချက်များဖြင့် မီးသတ်တပ်ဖွဲ့ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ စွမ်းဆောင်ရည်များ တိုးတက်မြင့်မားလာပြီး ပြည်သူ့အကျိုးကို စွမ်းစွမ်းတမံဆောင်ရွက်ရေး သင်ကြားလေ့ကျင့်သွားကြရန် ပြောကြားသည်။

မြန်မာနိုင်ငံမီးသတ်သမိုင်းတွင် မြန်မာသက္ကရာဇ် ၄၁၆ ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၀၄၄ ခုနှစ် ပုဂံပြည် အနော်ရထာမင်းလက်ထက်မှစ၍ သောသောညံ ပုဂံမီးဆော်မောင်းဟူပြီး မီးသတ်တပ်သား ၆၆၃ ဦးဖြင့် မီးဘေးကာကွယ်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့သည်မှာ ယနေ့ထက်တိုင်ဖြစ်ကြောင်း မှတ်တမ်းများအရ သိရသည်။

မီးသတ်တပ်ဖွဲ့ဝင်များသည် ကာကွယ်၊ ကယ်ဆယ်၊ ကူညီသောလုပ်ငန်းများကို ဆောင်ရွက်နေသော မွန်မြတ်သည့် စိတ်ထားဖြင့် ကူညီဆောင်ရွက်ပေးသွားမည်ဟု ခံယူနားလည်သဘောပေါက်ကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ပြီး တစ်လကြာ သင်ကြားပို့ချသွားမည်ဖြစ်သည်။ **ဇော်ဝင်းအောင်(ရမည်းသင်း)**

# ညောင်ဦးခရိုင်ပြန်/ဆက်ဦးစီးဌာနမှ စာပေရေချမ်းစင်များတွင် စာအုပ်မျိုးစုံစာအုပ်သစ်များစုံလင်စွာ ထပ်မံဖြည့်ဆည်း

**ညောင်ဦး၊ ဩဂုတ် ၁၃**

ညောင်ဦးခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများသည် စာပေဗဟုသုတများကို လက်လှမ်းမီ ဖတ်ရှုနိုင်ရေး ပုဂံ၊ ညောင်ဦးမြို့ပေါ်ရှိဌာနဆိုင်ရာရုံးများ၊ တန်ခိုးကြီးဘုရားများနှင့် လက်ဖက်ရည်ဆိုင်များတွင် စာပေရေချမ်းစင်(Mini Book Corner) များကို ၁၄ နေရာအထိ ထားရှိကြောင်းသိရသည်။

ဩဂုတ် ၇ ရက်မှစ၍ ညောင်ဦးခရိုင်၊ ပြန်/ဆက်ဦးစီးဌာန၊ ဒုတိယဦးစီးမှူးနှင့် ဝန်ထမ်းများက စာပေအမျိုးအစားအလိုက် လျော့နည်းစာအုပ်များကို ထပ်မံဖြည့်သွင်းခြင်းနှင့် စာအုပ်လျော့နည်းပျောက်ဆုံးမှု ရှိ-မရှိ စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ထိုသို့ စာပေချစ်သူပြည်သူများ စာပေရေချမ်းစင် (Mini Book Corner) များသို့ လာရောက်ဖတ်ရှုသူတိုင်း အဆင်ပြေစေရန် နိုင်ငံရေး၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ ယဉ်ကျေးမှု၊ ဘာသာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ကလေးစာပေများဖြင့် စုံလင်စွာထားရှိပေးထားကြောင်း၊ ထို့အပြင် စာပေရေချမ်းစင် ( Mini Book Corner) များ ထားရှိပေးထားမှုအပေါ် ပြည်သူများ၏ အကြံပြုချက်များ သိရှိနိုင်ရန် အကြံပြုချက်မှတ်တမ်းစာအုပ်များကိုလည်း စာပေရေချမ်းစင် (Mini Book Corner) ထားရှိသည့်နေရာတိုင်း ဆောင်ရွက်ထားရှိပေးထားကြောင်း ပြန်/ဆက်ဦးစီးဌာနမှ ဝန်ထမ်းတစ်ဦးက ပြောသည်။ **ရဲသူရအောင်(ညောင်ဦး)**

## (၂/၂၀၁၄)ကြိမ်မြောက် အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ လုပ်ငန်း၌ အသုံးမလိုတော့သည့် အောက်ဖော်ပြပါ စက်/ယာဉ်အဟောင်း(၂၈) စီးအား မျက်မြင်အခြေအနေအတိုင်း ရောင်းချလိုပါ၍ အိတ်ပိတ်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ် ပါသည်။

ရောင်းချမည့်စက်ယန္တရားစာရင်း

| | | |
|---|---|---|
| 1. | Cat,Hitachi,Komatsu Bulldozer | (၆)စီး |
| 2. | Hitachi Hyd/Excavator | (၆)စီး |
| 3. | Kawasaki,Komatsu,Xuzhou Wheel/Clamp Loader | (၅)စီး |
| 4. | Mitsubishi,Komatsu M/Grader | (၃)စီး |
| 5. | Gallion,Kawasaki 2/3W-Road Roller | (၂)စီး |
| 6. | Xuzhou Sheepfoot Compactor | (၁)စီး |
| 7. | Toyo Crawler Drill | (၁)စီး |
| 8. | Hino AG Truck | (၂)စီး |
| 9. | Fuso Water Bowser | (၁)စီး |
| 10. | Zwe Farm Tractor | (၁)စီး |

၂။ တင်ဒါလျှောက်လွှာ၊ စည်းကမ်းချက်နှင့် အခြားပုံစံများကို ၁၂-၈-၂၀၁၄ရက်မှစ၍ အောက်ဖော်ပြပါလိပ်စာတွင် တစ်စုံလျှင် ကျပ် ၂၀၀၀/-ဖြင့် ဝယ်ယူပြီး စက်/ယာဉ်များကို ကြည့်ရှု နိုင်ပါသည်။

၃။ တင်ဒါတင်သွင်းလွှာကို ၁၉-၈-၂၀၁၄ရက် မွန်းတည့် ၁၂:၀၀ နာရီအထိသာ လက်ခံပေးပါမည်။

၄။ ယန္တရားအလုပ်ရုံဝင်း(ကျောက်ချော)၊ မန္တလေး-ပြင်ဦးလွင်လမ်း အသုံးပြုခွင့်ကောက်ခံရေးစခန်းဝင်း (Toll Gate)၊ မန္တလေးမြို့။ ဖုန်းနံပါတ်-၀၉-၇၃၂၁၃၉၂၇

အင်းလေးချစ်သူ (Travel & Tours)

အဆင်မြင့်ဘုရားဖူးခရီးသွားလုပ်ငန်း

• ပုပ္ပါးအဘဲထွက်ပွဲသီးသန့် ( အထူးစရိုးစဉ် )

• ပုဂံ၊ပုပ္ပါး၊ဇွဲကပင်တောင်ဖူး(၃ညအိပ်၄ရက်) (Sep-9) - 109,000

အဆင့်မြင့် ( Hotel ၊ စားသောက်ဆိုင်) တောင်တက်ကားစ၊ စက်လှေခ (စားရိတ်ငြိမ်း) ၊လက်မှတ်များကိုအိမ်အရောက်ပို့ဆောင်ပေးပါမည်။

inlaylover.travelntour@gmail.com/Ph: 09-33412625 , 09-73085550

O.B.F Language School

Since 1989

SAYA-TONY

အင်္ဂလိပ်စကားပြန်ဟောင်း၊ ဘာသာပြန်ဆရာ(SHELL)ဦးစီးသော

* IELTS / TOEFL

* Elementary Spoken English (ESE)
* Intermediate General English (IGE)
* Advanced General English (AGE)
* Basic Grammar & Essay (BGE)
* Basic Translation Course (BTC)

ကျောင်းသားသစ်များ စတင်လက်ခံနေပါပြီ

အမှတ်(၂၀၀/၂၀၈)၊အခန်း(၅၀၂)၊ဗိုလ်ချုပ်လမ်း(အထက်)၊ကျောက်တံတားမြို့နယ်။

☎ : 249178, 09-5138867, 09-5061343, 09-448000410

MHPA

ဟိုတယ်ဆိုင်ရာလုပ်ငန်းခွင်အထောက်အကူပြု သင်တန်းများဖွင့်လှစ်ခြင်း

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ အသိအမှတ်ပြုသော မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ ကြီးမှူး၍ MYANMAR HOSPITALITY PROFESSIONALS ASSOCIATION၏ Professionalများမှ ဟိုတယ်ဆိုင်ရာလုပ်ငန်းခွင်အထောက်အကူပြုသင်တန်းအမှတ်စဉ်(၉)ကိုအောက်ပါအတိုင်း ဖွင့်လှစ်မည်ဖြစ်ပါသည်။

သင်တန်းအမျိုးအစား - (1) Front Office Operation Course
(2) Housekeeping Operation Course
(3) Food & Beverages Service Course
(4) Food & Beverages Production Course (Asia,Europe)
(5) Basic Bartending Course

သင်တန်းကာလ - ၁၈-၈-၂၀၁၄ ရက်မှ ၂၆-၉-၂၀၁၄ ရက်ထိ (စုစုပေါင်းရက်သတ္တခြောက်ပတ်) ( 6 - Weeks )

သင်တန်းချိန် - တနင်္လာနေ့ မှ သောကြာနေ့အထိ ( နာရီပေါင်း ၁၂၀ )

သင်တန်းသားဦးရေ - တစ်ဘာသာလျှင် သင်တန်းသား (၃၀)ဦး

သင်တန်းဖွင့်လှစ်မည့်နေရာ - MHPA သင်တန်းကျောင်းအမှတ်(၄၀/၄၂)၊ လေးလွှာ၊ ဗိုလ်ဆွန်ပက်လမ်း ၊(အောက်ဘလောက်) ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

အလုပ်အကိုင် အခွင့်အလမ်းများစွာ တိုးတက်လျက်ရှိသော ဟိုတယ်နှင့်ခရီးသွားကဏ္ဍတွင် စိတ်ပါဝင်စားသူ လူငယ်များအတွက် အထောက်အကူဖြစ်စေသော သင်တန်းဖြစ်ပါသည်။ ဟိုတယ်နှင့် ခရီးသွားရေးလုပ်ငန်းဝန်ကြီးဌာနမှ ပေးအပ်သော သင်တန်းဆင်းအောင်လက်မှတ်ရရှိနိုင်သော အခွင့်အလမ်းတစ်ခုဖြစ်ပြီး သင်တန်းတွင် ဆုရရှိသော သင်တန်းသား/သင်တန်းသူများအား ဟိုတယ်များတွင် အလုပ်အကိုင်အခွင့်အလမ်း ရရှိမည်ဖြစ်ပါသည်။ လျှောက်လွှာများကို MHPA သင်တန်းကျောင်းအမှတ်(၄၀/၄၂) လေးလွှာ၊ ဗိုလ်ဆွန်ပက်လမ်း၊ (အောက်ဘလောက်) ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် တင်သွင်းနိုင်ပါသည်။ ဖုန်း - ၀၉ ၃၁၅၄၄၆၀၃၊ ( ဟိုတယ်ဝန်ထမ်းများအတွက် အထူးအခွင့်အရေး 10% Discount ရယူနိုင်ပါသည်။ မှတ်ချက် - သက်ဆိုင်ရာ ဟိုတယ်အကြီးအကဲထံမှ ထောက်ခံစာ ပါရှိရန် လိုအပ်ပါသည်။ )

# ရေးမြို့နယ်ရဲတပ်ဖွဲ့ နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများ နှင့် တတိယအဆင့်အရှိန်မြှင့်တင်မှုများဆွေးနွေး

**ရေး၊ ဩဂုတ် ၁၃**

မွန်ပြည်နယ်၊ ရေးမြို့နယ်ရဲတပ်ဖွဲ့သည် နိုင်ငံတော် ပြုပြင်ပြောင်းလဲမှုများ တတိယအဆင့်အရှိန်မြှင့်တင်မှု Third Wave လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအပေါ် အစိုးရနှင့် ပုဂ္ဂလိကပညာရှင်များ ပေါင်းစပ်ညှိနှိုင်းခြင်း ဆွေးနွေးပွဲကို မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ ဩဂုတ် ၁၁ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်နိုင်က နိုင်ငံတော်ပြုပြင်ပြောင်းလဲမှု တတိယအဆင့်လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားသည်။

မြို့နယ်ရှိ သက်ဆိုင်ရာတာဝန်ရှိသူများက ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းအခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြကြောင်းသိရသည်။

ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနီနီဦးကမှုခင်းမှတ်တမ်းနှင့်ပတ်သက်၍ အားနည်းချက် အားသာချက်များအားလည်းကောင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးညိုလှက တာဝန်သိခြင်း၊ တာဝန်ယူခြင်း၊ ပွင့်လင်းမြင်သာခြင်း ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ပတ်သက်၍ ပြည်သူ့ဗဟိုပြုလုပ်ငန်းစဉ်များအားလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးမြင့်သော်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပြုပြင်ပြောင်းလဲမှု အခြေအနေနှင့် ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းစဉ်များအား ထပ်ဆင့် ရှင်းလင်းဆွေးနွေးသည်။

အခမ်းအနားသို့ မြို့နယ်ရှိ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ ကော်မတီလေးရပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**

# မကွေး၌ မူကြိုနှင့် ကျောင်းများတွင် မြို့နယ်စည်ပင်မှ ခြင်ဆေးဖျန်းပေး

**မကွေး၊ ဩဂုတ် ၁၃**



မူကြိုအရွယ်နှင့် အခြေခံမူလတန်းကလေးငယ်များအတွက် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ကလေးများစာသင်ကြားရာ အ.မ.က (၁) ဗိုလ်ကုန်းနှင့် လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းများအတွင်း ခြင်ဆေးဖျန်းခြင်း လုပ်ငန်းများအား မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မိုးတွင်းကာလ အဖြစ်များသော သွေးလွန် တုပ်ကွေးရောဂါကြောင့် မကွေးတိုင်းဒေသကြီး၊ ပြည်သူ့ဆေးရုံကြီးအတွင်း တက်ရောက်ကုသခံလူနာ ကလေးငယ်များအားတွေ့ရှိရပြီး ခြင်ခိုအောင်းနိုင်သော ရေဆိုးမြောင်းများ ရေစီးရေလာကောင်းအောင် စက်ယန္တရားများဖြင့်တူးဖော်ခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း လုပ်ငန်းများမှာ အသိဉာဏ်မကြွယ်သေးသော ကလေးသူငယ်များအတွက် အရေးကြီးသော အခြေခံကျန်းမာရေး လိုအပ်ချက်တစ်ခုပင်ဖြစ်သည်။

"မူကြိုနဲ့ အ-မ-က ကျောင်းတွေကို ဦးစားပေးပြီး ခြင်ဆေးဖျန်းတာတွေလုပ်ပါတယ်။ စာသင်ဆောင်၊ ရုံးခန်းနဲ့ ချုံနွယ်မြက်တွေ ထူထပ်တဲ့ နေရာမှာ အဓိကထား လုပ်ဆောင်ပါတယ်။ အခြားကျောင်းတွေ၊ အဖွဲ့အစည်းတွေက အကူအညီတောင်းခံလာရင်လည်း ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်" ဟု မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုဦးစီးမှူး ဦးကျော်စိုးမင်းက ပြောသည်။

ကလေးသူငယ်များ ခြင်အန္တရာယ်ကာကွယ်နိုင်ရန်အတွက် သက်ဆိုင်ရာကျောင်းများ၏ အစီအစဉ်ဖြင့်လည်းကောင်း၊ ကျောင်းသားမိဘများ၏ လှူဒါန်းမှုဖြင့်လည်းကောင်း ကလေးများ၏ ပတ်ဝန်းကျင်တွင် ခြင်ဆေးခွေများ ထွန်းညှိပေးရသော်လည်း ခြင်ဆေးခွေ၏ နောက်ဆက်တွဲအန္တရာယ်များအတွက် စိုးရိမ်မိကြောင်း ကျောင်းသားမိဘတစ်ဦးက ပြောသည်။

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ နေ့စား၊ အမြဲတမ်းဝန်ထမ်း အင်အား ၁၄၀ ခန့်ဖြင့် မြို့တော်စည်ပင်သာယာရေးနှင့် သန့်ရှင်းကျန်းမာရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပြီး မိုးတွင်းကာလအတွင်း မူကြိုနှင့်ကျောင်းနေအရွယ်ကလေးများ သွေးလွန်တုပ်ကွေးအန္တရာယ်ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ အပတ်စဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

# လှိုင်သာယာမြို့နယ်တွင် စာဖတ်ရှိန်မြှင့်မားရေး၏လုပ်ငန်းစုပေါင်းဆောင်ရွက်

**ရန်ကုန်၊ ဩဂုတ် ၁၃**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အနောက်ပိုင်းခရိုင်၊ လှိုင်သာယာမြို့နယ် အတွင်း ပြည်သူများ စာဖတ်ရှိန် မြှင့်မားရေးနှင့် အသိပညာတိုးပွားရေး အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အခြေခံပညာကျောင်းများတွင် အပတ်စဉ် နယ်လှည့် စာကြည့်တိုက်ဖွင့်လှစ်၍ စာအုပ်များ အခမဲ့ငှားရမ်းပေးခြင်း၊ မြို့နယ် အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကော်မတီဝင်များနှင့် မြို့နယ်အတွင်းရှိ အလှူရှင်များ စုပေါင်း၍ ကျောင်းစာကြည့်တိုက်သို့ သင်ကြားရေး အထောက်အကူပြု စာအုပ်စာစောင်များ၊ သုတစာအုပ်များ စုပေါင်းပေးအပ်လှူဒါန်းခြင်းကို ဩဂုတ် ၂၀ ရက် နံနက် ၉ နာရီတွင် အ.ထ.က (၁) လှိုင်သာယာတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

ထို့ပြင် နယ်လှည့်စာကြည့်တိုက်ကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်းဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

လှိုင်သာယာမြို့နယ်အတွင်းရှိ အ.ထ.က(၁)၊ အ.ထ.က(၂)၊ အ.လ.က(၁)၊ အ.မ.က(၁) ကျောင်းများသို့ စာအုပ်စာစောင်များ လှူဒါန်းလိုသူများကိုလည်း ဖိတ်ကြားထားပြီးဖြစ်ကြောင်းယင်းအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

စာအုပ်စာစောင်များ လှူဒါန်းလိုသူများသည် ဦးကြည်ဝင်း ၀၉-၅၁၆၄၂၇၆၊ ဦးမောင်မောင်ဦး၀၉-၅၁၂၁၉၁၉၊ ဦးမြသိန်း၀၁-၇၂၇၀၉၁၊ ဒေါ်မြင့်မြင့်ရွှေ ၀၉-၄ ၂၀၀၂ ၄၅၆၆ သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

**ပန်းမဥ္ဇူ**

# ယူနိုက်တက်အမရဘဏ်၏၃၂ ဘဏ်မြောက် မြင်းခြံဘဏ်ခွဲဖွင့်

**မြင်းခြံ၊ ဩဂုတ် ၁၃**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့တွင် ယူနိုက်တက်အမရဘဏ်၏ ၃၂ ဘဏ်မြောက် မြင်းခြံဘဏ်ခွဲဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၁ ရက် နံနက် ၈ နာရီခွဲက ကျင်းပခဲ့သည်။

ယူနိုက်တက်အမရဘဏ် မြင်းခြံဘဏ်ခွဲအား မြင်းခြံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာဝင့်သူ၊ ကုန်စည်ဒိုင် ဥက္ကဋ္ဌ ဦးတင်လှိုင်၊ ကုန်စည်ဒိုင် အတွင်းရေးမှူး ဦးအောင်ကျော်ကျော်၊ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မြင်းခြံခရိုင် အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်တို့နှင့်အတူ ဧည့်သည်တော်များက ယူနိုက်တက်အမရဘဏ်ခွဲ ဆိုင်းဘုတ်နှင့် အဝင်တံခါးအား နံ့သာရည်များ ဖျန်းပက်ပေးပြီး မြင်းခြံဘဏ်တာဝန်ခံမန်နေဂျာအောင်လွင်မိုးက ရှင်းလင်းတင်ပြခဲ့သည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

# နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုဆိုင်ရာများနှင့် ယာဉ်အန္တရာယ်ဆိုင်ရာများ ရှင်းလင်း

**ကျောက်ပန်းတောင်း၊ ဩဂုတ် ၁၃**

နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်မြှင့်တင်မှု လုပ်ငန်းစဉ်များနှင့် ယာဉ်အန္တရာယ် လျော့နည်းကျဆင်းရေး ပညာပေးရှင်းလင်းဆွေးနွေးပွဲကို ဩဂုတ် ၁၁ ရက် နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စပါးခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ ခရိုင်အုပ်ချုပ်ရေးမှူးဦးတင်ထူးမောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်း၊ မြို့နယ်စည်ပင်သာယာကော်မတီဥက္ကဋ္ဌ ဦးကိုကြီးနှင့် ကော်မတီဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများ၊ အထောက်အကူပြုကော်မတီဥက္ကဋ္ဌများ၊ စာရေးဝန်ထမ်းများ စုစုပေါင်းအင်အား ၃၅၀ တက်ရောက်ခဲ့သည်။

ရှင်းလင်းပွဲတွင် ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်က နိုင်ငံတော်အစိုးရသစ်လက်ထက် ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်များနှင့် လက်ရှိကာလတွင် တတိယအဆင့် အရှိန်မြှင့်တင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍လည်းကောင်း၊ယာဉ်ထိခိုက်မှုအန္တရာယ်လျော့နည်းကျဆင်းရေးအတွက် လိုက်နာရမည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာများကိုလည်းကောင်း ရှင်းလင်း ခဲ့သည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

သုံးရာသီ ဝမ္မဒါန
အဘဘိုးမင်းခေါင်ထွက်ပွဲ
ပုဂံ-ညောင်ဦး-ပုပ္ပါး Sept 8
ခွယ်တော်လေးဆု
ထမင်းကျွေး - ၃၅၀၀၀ိ
420144148,421153797

တစ်အိတ်ဝယ်ရင်ပို့ပေးပါတယ်
ပေါ်ဆန်းမွှေးနှစ်အိတ်ဝယ်လျှင် T ရှပ်ယူပါ။
09 730 77733, ☎ 01-681326
09 730 77744, ☎ 01-682944
စိတ်ကောင်းကြည်လင် ချန်ပီယံပေါ်ဆန်းမွှေး
SKKL CHAMPION

KING STAR ဖုန်း - ၃၉၁၀၀၃ ၀၉၇၃၀၄၉၇၀၀
ကွန်ပျူတာအတတ်သင် 20000Ks
သင်တန်းကာလ (တစ်လခွဲ)
၁။ အမှတ်(၁၁၈)မြေညီ၊ (၃၈)လမ်း၊ ကျောက်တံတား၊ ရန်ကုန်။
၂။ အမှတ်(၁၀၃)မြေညီ၊ (၃၉)လမ်း၊ ကျောက်တံတား၊ ရန်ကုန်။
➡ Internet (8000Ks)
➡ i-Office 2010
➡ D.T.P
➡ Graphic Design
➡ A+ Hardware
➡ Video Editing
➡ AutoCAD 2D,3D

MRESA
မြန်မာနိုင်ငံ အိမ်ခြံမြေ ဝန်ဆောင်မှုအသင်း (ဗဟို) မှ ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း)၊ ပြည်မြို့နယ် အိမ်ခြံမြေ အကျိုးဆောင်များ တို့ အခမဲ့ပညာသင်တန်း (၁/၂၀၁၄)ဖွင့်ပွဲ ဖိတ်ကြားခြင်း
မြန်မာနိုင်ငံအိမ်ခြံမြေ ဝန်ဆောင်မှုအသင်း (ဗဟို)မှ ကြီးမှူး၍ အခမဲ့ပညာသင်တန်း ၁/၂၀၁၄ကို (၂၃.၈.၂၀၁၄)မှ (၂၄.၈.၂၀၁၄)ရက်နေ့အထိ သင်ကြားပေးမည် ဖြစ်ပါ၍ အသင်းဝင်ထားသော ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း)၊ ပြည်မြို့နယ် အိမ်ခြံမြေ အကျိုးဆောင်များ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ (မှတ်ချက် - အသင်းသားများသာ)
(အသင်းဝင်လိုသူများလည်း ဝင်ရောက်နိုင်ရန် တပါတည်း လက်ခံဆောင်ရွက် ပေးပါသည်။)
အသင်းဝင်လိုသူများအတွက်
၁။ ဓါတ်ပုံ(၄)ပုံ
၂။ မှတ်ပုံတင်မိတ္တူ
၃။ သန်းခေါင်စာရင်းမိတ္တူ
အသင်းဝင်အမျိုးအစား
ကုမ္ပဏီအဖွဲ့အစည်း (က)
လုပ်ငန်းရှင် (ခ)
လူပုဂ္ဂိုလ်တစ်ဦး (ဂ)
ကျင်းပမည့်အချိန်
(၇း၃၀)နာရီ မှ (၀၅း၀၀)နာရီ ထိ။
ကျင်းပမည့်နေ့ရက်
(၂၃-၈-၂၀၁၄) မှ (၂၄-၈-၂၀၁၄)
ကျင်းပမည့်နေရာ
ကိုးသောင်းမူလတန်းကျောင်းရှေ့၊ ရွှေတချောင်းလမ်း၊ အောင်ဆန်းပြည်သာယာ၊ ပြည်မြို့။ (၀၉ ၅၃၇၀၂၄၇၊ ၀၉ ၅၁၉၄၉၇၇၊ ၀၉ ၃၁၅၉၂၃၈၆)
မြန်မာနိုင်ငံ အိမ်ခြံမြေ ဝန်ဆောင်မှုအသင်းရုံးချုပ်
အမှတ်(၁၂၃)၊ ပထမထပ်၊ အနော်ရထာလမ်းနှင့် ၄၉-လမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
Tel;&Fax : 01-201436, 09-31328272, Email : mresamyanmar2012@gmail.com Facebook : mresamyanmar2012

တူဒေးစာအုပ်တိုက်
ကလေးများတွင်ဖြစ်တတ်သောစိတ်အစွဲအလမ်းကြီးမှု၏ နောက်ဆက်တွဲစိတ်ကစဉ့်ကလျားရောဂါပြဿနာ မေး-ဖြေ ၁၀၀
ဒေါက်တာမာမာဆွေ
မိမိတို့သားသမီးတစ်ဦးဦးမှာ စိတ်အစွဲအလမ်းကြီးရောဂါ ခံစားနေရလား။ စိတ်ကစဉ့်ကလျားရောဂါခံစားနေရလား။ အဲဒီရောဂါရှိတယ်ဆိုတာ ဘယ်လိုသိနိုင်မလဲ၊ စိတ်ကစဉ့်ကလျားရောဂါဆိုတာ ဘာလဲ၊ ဘယ်လိုဆေးအမျိုးအစားတွေ၊ ဘယ်လိုနည်းလမ်းတွေနဲ့ ကုသရမလဲ စသည်ဖြင့် စိတ်ကစဉ့်ကလျားရောဂါ၊ စိတ်အစွဲအလမ်းကြီးမားမှုရောဂါအကြောင်းများကို ပြည့်စုံစွာဖော်ပြထားသောစာအုပ်၊ သားချစ်သမီးချစ်မိဘများအတွက် များစွာအထောက်အကူပြုနိုင်မည့်စာအုပ်ကောင်းတစ်အုပ်...
တန်ဖိုး - ၂,၀၀၀ ကျပ်
အမြို့မြို့ဆိုင်တိုင်းတွင် ရနိုင်ပါသည်။

# သပိတ်ကျင်းမြို့ရှိ ချောင်းကြီးကျေးရွာအား ရွှေချောင်းကြီး ရွှေကုမ္ပဏီမှ ဆန်နှင့်စားသုံးဆီများ ပေးဝေ

**သပိတ်ကျင်း၊ ဩဂုတ် ၁၃**

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ ချောင်းကြီးကျေးရွာတွင် ရွှေချောင်းကြီး ရွှေကုမ္ပဏီ မန်နေဂျင်း ဒါရိုက်တာ ဦးဇော်ခင်နှင့် ဇနီးဒေါ်ငယ်မိသားစုမှ ချောင်းကြီးကျေးရွာနေ ပြည်သူများအား ငွေကျပ် ၃၅ သိန်းခန့် တန်ဖိုးရှိ ဆန်အိတ် ၁၁၅ အိတ်နှင့် စားသုံးဆီ သုံးပေပါအား ဩဂုတ် ၁၀ ရက် နံနက် ၈ နာရီက ချောင်းကြီးကျေးရွာ အုပ်ချုပ်ရေးမှူးရုံးတွင် ပေးဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

ဆန်နှင့် စားသုံးဆီများ ပေးဝေလှူဒါန်းရာသို့ ကျေးရွာနေပြည်သူများအား အလှူရှင်မိသားစုမှ ကိုယ်တိုင်ပေးဝေ လှူဒါန်းခဲ့ပြီး ချောင်းကြီးကျေးရွာရှိ အိမ်ထောင်စု ၁၆၀၂ စုမှ မိသားစုများသို့ ခွဲဝေပေးမှုအား စနစ်တကျရှိစေရေးအတွက် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူး၊ ဆယ်အိမ်စုမှူး၊ ကျေးရွာဖွံ့ဖြိုးမှုအထောက်အကူပြုအဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ ဝိုင်းဝန်း၍ ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

ချောင်းကြီးကျေးရွာ အမှတ်(၄) ရပ်ကွက်နေ ဒေါ်အေးအေးသင်းနှင့် ဆရာမဒေါ်လဲ့လဲ့ဝင်းတို့က မိသားစုများအတွက်အလှူရှင် ရွှေချောင်းကြီး မိသားစုက တတ်နိုင်သည့်ဘက်မှ ပေးဝေလှူဒါန်းခဲ့သည့်အတွက် အထူးဝမ်းသာ ကျေးဇူးတင်ပါကြောင်း ပြောသည်။ **စိုးနိုင်ဝင်း(သပိတ်ကျင်း)**



# ရွှေ့လျားစာကြည့်တိုက် (Mobile Library) ယင်းမာပင်ခရိုင်အတွင်း ကွင်းဆင်းဆောင်ရွက်

**ကနီ၊ ဩဂုတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ကနီမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းကြည်နှင့် ဝန်ထမ်းများသည် ပြည်သူများအသိပညာတိုးပွားပြီး ဗဟုသုတရရှိစေမည့် သုတ၊ ရသ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များကို ဌာနဆိုင်ရာရုံးများနှင့် မြို့ပေါ်ရပ်ကွက်များတွင် အချိန်ကုန်သက်သာပြီး စာအုပ်များဖတ်ရှုနိုင်ရန်အတွက် ရွှေ့လျားစာကြည့်တိုက် (Mobile Library) ကွင်းဆင်းဆောင်ရွက်မှုကို ဩဂုတ် ၁၁ ရက် မွန်းတည့် ၁၂ နာရီက မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနသို့ သွားရောက်၍ စာအုပ်များငှားရမ်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရွှေ့လျားစာကြည့်တိုက် (Mobile Library) ကွင်းဆင်း ဆောင်ရွက်ခဲ့ရာတွင် မြို့နယ် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းများကလည်း မိမိတို့ရုံးအထိ လာရောက်၍ ဝန်ဆောင်မှုပြုလုပ် ဆောင်ရွက်ပေးသဖြင့် စာအုပ်များကို စိတ်ပါဝင်စားစွာ ငှားရမ်းကြပြီး ဝန်ထမ်း ၂၅ ဦးကို သုတ၊ ရသ စာအုပ် ၃၀ ကို ငှားရမ်းပေးနိုင်ခဲ့ကြောင်းသိရသည်။ **သန်းဌွေးအောင်(ကနီ)**

# ဂန့်ဂေါတွင် လူကုန်ကူးမှုအကြောင်း ဟောပြော

**ဂန့်ဂေါ၊ ဩဂုတ် ၁၃**

ဂန့်ဂေါမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ အမျိုးသမီးများ အကြမ်းဖက်မှုဆိုင်ရာ လူမှောင်ခို၊ လူကုန်ကူးမှုအကြောင်းဟောပြောပွဲကို ဩဂုတ် ၉ ရက်က ရှုံးရှီကျေးရွာ အုပ်ချုပ်ရေးမှူးရုံးတွင်ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိုးမိုးလှိုင်က အမှာစကားပြောကြားပြီး မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေနှင့် မြို့နယ်ဥပဒေအရာရှိ ဦးအောင်နိုင်ဦးတို့က ကဏ္ဍအလိုက် အသီးသီးရှင်းလင်းဟောပြောကြသည်။

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိုးမိုးလှိုင်က အမျိုးသမီးရေးရာအဖွဲ့ဝင်များအတွက် ဝတ်စုံများ၊ ဆေးစိမ်ခြင်ထောင်များကို ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။ **(၄၆၅)**

# မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်ရှိ အောင်သုခကျေးရွာတွင် ကျေးလက်ဒေသ ထောက်ပံ့ရေးဖြင့် လျှပ်စစ်မီးများရရှိ

**တောင်တွင်းကြီး ဩဂုတ် ၁၃**

မကွေးတိုင်းဒေသကြီး၊တောင်တွင်းကြီးမြို့နယ်အတွင်းရှိ အောင်သုခကျေးရွာတွင် လျှပ်စစ်မီးလင်းရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထောက်ပံ့ငွေကျပ် ၁၀၂၇၀၀၀၀ ၊ကျေးလက်ဒေသပြည်သူများထည့်ဝင်ငွေကျပ်သိန်း ၇၀ စုစုပေါင်း ကျပ် ၁၇၂သိန်းကျော်ဖြင့် မီးလင်းရေးလုပ်ငန်းများ ကြိုးပမ်း ဆောင်ရွက်ခဲ့ကြရာ ဩဂုတ် ၁၁ရက်က အောင်သုခကျေးရွာ၌ လျှပ်စစ်မီးများရရှိ၍ မီးလင်းခဲ့ပြီဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရမှ ကျေးလက်နေပြည်သူများ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ပညာရေးတို့ကို အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ အောင်သုခကျေးရွာ ပြည်သူများက နိုင်ငံတော်အစိုးရအဖွဲ့၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်းနှင့် တာဝန်ရှိသူများအား ကျေးဇူးတင်ရှိကြောင်းပြောပြခဲ့သည်။

အဆိုပါဒေသရှိ ဒေသခံပြည်သူများအနေဖြင့် ရှေးယခင်နှစ်ပေါင်းများစွာက ဖယောင်းတိုင်မီးကိုသာသုံးစွဲခဲ့ကြရာမှ ယခင်က မရရှိသေးဘူးသော လျှပ်စစ်မီးကို ယခုရရှိခံစား အသုံးပြုရပြီဖြစ်၍ ကျောင်းသား၊ ကျောင်းသူများ ဒေသခံပြည်သူများ ဝမ်းသာပီတိဖြစ်လျက်ရှိကြောင်း ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ငွေးက ပြောသည်။ **နိုင်ဝင်း**

# ရာဝတီတိုင်းဒေသကြီးရှိ ဟင်္သာတတက္ကသိုလ်တွင် ICT For Education ဟောပြောပွဲကျင်းပ

**ဟင်္သာတ၊ ဩဂုတ် ၁၃**

အဆင့်မြင့် ပညာကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုများအနက် အင်တာနက်ချိတ်ဆက်မှု၊ လက်တွေ့အသုံးချမှု ကွန်ရက်များမြှင့်တင် ဆောင်ရွက်ရေးကို အကောင်အထည်ဖော်သည့်အနေဖြင့် ဟင်္သာတတက္ကသိုလ် Website အတွင်း Wi-Fi, Wireless IP Camera များ အသုံးပြုထားရှိသည့်အပြင် ဧရာဝတီတိုင်းဒေသကြီး၊ ICT ဖွံ့ဖြိုးရေးကော်မတီမှ ICT For Education ခေါင်းစဉ်ဖြင့် ဩဂုတ် ၇ ရက် နံနက် ၉ နာရီတွင်ကျင်းပရာ ဟင်္သာတတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာစံလင်းက အမှာစကားပြောကြား၍ ကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ဦးက ဟောပြောပို့ချပြီး ယင်းအခမ်းအနားသို့ ဆရာ၊ ဆရာမ၊ ကျောင်းသူ၊ ကျောင်းသား စုစုပေါင်း ၅၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

# မကွေးတိုင်းဒေသကြီးသစ်တောဦးစီးဌာနတွင် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်

**မကွေး၊ ဩဂုတ် ၁၃**

မကွေးတိုင်းဒေသကြီး သစ်တောဦးစီးဌာနကကြီးမှူး၍ အမှုထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်ပွဲကို ဩဂုတ် ၉ ရက်က တိုင်းဒေသကြီးသစ်တောဦးစီးဌာနတွင်ကျင်းပခဲ့သည်။

အဆိုပါသင်တန်းတွင် လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ထွန်းနှင့် တာဝန်ရှိသူများက နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများ တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု Third Wave လုပ်ငန်းစဉ်များ၊ သစ်တောအုပ်ချုပ်ရေးလုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးကြကာ သင်တန်းသို့ ဝန်ထမ်း ၃၂ ဦး တက်ရောက်ကြပြီး သင်တန်းးကာလမှာ သုံးရက်ဖြစ်သည်။

အလားတူ မကွေးတိုင်းဒေသကြီး သစ်တောဦးစီးဌာနကကြီးမှူး၍ အမှုထမ်းများ စွမ်းဆောင်ရည် မြင့်မားရေးသင်တန်းများကို ဇူလိုင်လအတွင်းက ဖွင့်လှစ်ခဲ့ရာ ဇူလိုင် ၁၈ မှ ၂၀ ရက်အထိ ဖွင့်လှစ်ခဲ့သည့် သင်တန်းတွင် သင်တန်းသား ၂၆ ဦး၊ ဇူလိုင် ၂၅ ရက်မှ ၂၇ ရက်ထိ ဖွင့်လှစ်ခဲ့သည့်သင်တန်းတွင် သင်တန်းသား ၁၈ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(၄၆၅)**

## ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်း စက်ရုံများမှ ထုတ်ကုန်ပစ္စည်းများကို ဈေးပြိုင်တင်ဒါစနစ်ဖြင့် အောက်ပါအစီအစဉ်အတိုင်း ရောင်းချမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| ၂။ ရောင်းချမည့်ပစ္စည်းများ | - | ချည်မျှင်များ၊ ပိတ်ကြမ်းများ၊ အဖြူချွတ်ဆေးဆိုး၊ ပန်းရိုက်ပိတ်များ၊ ကျားဝတ် ချုပ်ထည်များ၊ မဝတ်ချုပ်ထည်များ၊ သက်န်းများ၊ အသင့်ချုပ်ပြီး နိုင်ငံတော်အလံအမျိုးမျိုးနှင့် အခြားချုပ်ထည်များ၊ အလေအလွင့်ပစ္စည်းများ |
| ၃။ ဈေးပြိုင်ရောင်းချမည့်ရက် | - | ၁၉-၈-၂၀၁၄ရက်(အင်္ဂါနေ့) |
| ဈေးပြိုင်ရောင်းချမည့်အချိန် | - | နံနက် ၉း၀၀ နာရီ |
| ဈေးပြိုင်ရောင်းချမည့်နေရာ | - | အမှတ်(၂၄၆)၊ ၂၆လမ်း×၂၇လမ်းကြား၊ ငပိတန်းလကျာ်း (ယခင်ဝင်းသူဇာအရောင်းဆိုင်နေရာ)၊ ဈေးချို မန္တလေးမြို့ |

၄။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၁၅၇၊ ၀၆၇-၄၀၈၂၀၃၊ ၀၆၇-၄၀၈၃၆၉၊ ၀၁-၅၅၄၁၇၇၊ ၀၁-၆၆၀၄၁၀ တို့ကို ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အထည်အလိပ်လုပ်ငန်း

## ယာဉ်မောင်းအလိုရှိသည်

ပြည်တော်မိုးကုမ္ပဏီတွင် ယာဉ်မောင်းလိုင်စင်(အနီ)၂ ဦး အလိုရှိသည်။ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ဓာတ်ပုံ(၁)ပုံနှင့် ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်သည်။

ဆက်သွယ်ရန် -အမှတ်(၈)၊ အေးသာယာလမ်း၊ တာမွေ၊ ဘောကထော် အဝိုင်းလေး။ ဖုန်း- ၀၉-၅၁၁၃၄၀၁၊ ၀၉-၇၃၁၅၀၁၂၂၊၀၉-၇၃၁၅၀၁၁၄၊ ၀၁-၅၄၈၂၉၇

အရောက်ပို့ သုခချမ်းသာသက်နိုးတိုက်
☎:01-512443, 09-73017656

လက်စွဲ Car Rental
အိမ်ခြံမြေနှင့်
ခရီးစဉ်အမျိုးမျိုးသွားရန်နှင့် လချုပ်ငှားရန်ကားမျိုးစုံရှိသည်။
ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။
Ph - 09-73021929

## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးဦးစီးဌာန
## ပြည်သူ့ဆေးရုံကြီး၊ စစ်ကိုင်းမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ပြည်သူ့ဆေးရုံကြီး၊ စစ်ကိုင်းမြို့တွင် တက်ရောက်ကုသလျက်ရှိသောလူနာများအား ကုသပေးရန်လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်- ၁-၈-၂၀၁၄ရက်(သောကြာနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁-၉-၂၀၁၄ရက်(တနင်္လာနေ့)
- ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
ပြည်သူ့ဆေးရုံကြီး၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။
ဖုန်း-၀၇၂-၂၁၀၃၅

## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးဦးစီးဌာန
## ဧရာဝတီတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန
## ပြည်သူ့ဆေးရုံကြီး-လပွတ္တာမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၊ လပွတ္တာခရိုင်၊ ခုတင်(၂၀၀)ပြည်သူ့ဆေးရုံကြီးတွင် သုံးစွဲရန်အတွက်လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါဖြင့် ပေးသွင်းရန်ခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ
စတင်ရောင်းချမည့်ရက် - ၁၁-၈-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၉-၈-၂၀၁၄ ရက်၊ ညနေ (၄း၀၀) နာရီ

၃။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီး
ခုတင်(၂၀၀) ဆေးရုံအုပ်ကြီးရုံး၊ လပွတ္တာမြို့၊
ဖုန်း-၀၄၂-၈၃၀၂၅၊ ၀၉-၈၆၀၁၁၅၄

## သားအဖြစ်မှအမွေပြတ် စွန့်လွှတ်ခြင်း

မောင်မိုးပိုင်စိုး(၁၂/ပဘတ(နိုင်)၀၃၁၄၃၂) သည် မိခင်စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ (မေးမြန်းခြင်းသည်းခံပါ)

ဒေါ်သက်သက်ဌွေး (၁၂/ကတတ(နိုင်)၀၀၆၂၆၀)

# ရေစကြိုတွင်ဆေးပေါ့လိပ်ဖင်ဆီခံလုံး လုပ်ကိုင်သူများနှင့်ရောင်းသူများအဆင်ပြေ

**ရေစကြို၊ ဩဂုတ် ၁၃**

ရေစကြိုမြို့နယ်အတွင်းတွင် ဖင်ဆီခံလုံးများကို ဝယ်ယူစုဆောင်းပြီး ဆေးလိပ်မြို့တော်များဖြစ်သည့် ပခုက္ကူ မြင်းခြံမြို့များသို့ ပြန်လည် ရောင်းချနေကြသူများနှင့် လုပ်ကိုင်သူများမှာ ဝင်ငွေကောင်းလျက်ရှိကြောင်း သိရသည်။

ဆေးပေါ့လိပ်ဟုဆိုရာတွင် ဆေးပေါ့လိပ် ဆေးပြင်းလိပ်၊ စီးကရက်၊ ဘီလီဆေးလိပ်၊ ပွတ်ချွန်းဆေးလိပ်၊ ပြောင်းဖူးဖက်ဆေးလိပ်၊ ထန်းဖူးရွက်ဆေးလိပ်ဟူ၍ မြန်မာမှုနယ်ပယ်တွင် ဆေးလိပ်အမျိုးမျိုးရှိပြီး အဆိုပါ ဆေးလိပ်များကိုလိပ်ရာတွင် အဓိကမပါမဖြစ် ပစ္စည်းများမှာ ဖင်ဆီခံလုံးဖြစ်သည်။

ဆေးပေါ့လိပ်ကို ရှမ်းသနပ်ဖက်ဖြင့်လိပ်ကြရပြီး ဆေးလိပ်တွင် ဆေးရိုးနှင့်ဆေးရွက်ကြီးကို အချိုးကျရောစပ်၍ လိပ်ကြရသည်။ ဆေးရိုးကိုအုန်းနဲသား၊ ဆေးရွက်ကြီးပင် အရိုးတို့ကို နုတ်နုတ်စင်း၍အသုံးပြုကြသည်။

ဖင်ဆီခံလုံး လုံးရာတွင် ရေစကြိုဒေသတစ်ဝိုက်၌ ပြောင်းဖူးဖက်ဖြင့် ပြုလုပ်ကြသည်။ ပြုလုပ်ပုံမှာ လိပ်ခုံပေါ်တွင် မိမိလိပ်မည့် အလုံးအရွယ်အစားအလိုက် ပြောင်းဖူးဖက်များကိုစီခင်း၍ သတင်းစာစက္ကူဖြင့် လိပ်၍ယူရသည်။ အလုံးဆိုဒ်ရလျှင် ကော်သုပ်ရသည်။ ဖင်ဆီခံလုံး၏အလျားမှာ ၁၁ လက်မခန့်ရှည်သည်။

အလျား ၁၁ လက်မခန့် လက်ညိုးလုံးအရွယ် ၂၀၀ နီးပါးတစ်စည်းကို ၃၀၀ ကျပ်ဖြင့် ရောင်းချရပြီး လက်မသာသာအလုံးဆိုဒ် ၂၀၀ နီးပါးတစ်စည်းကို ၃၅၀ ကျပ်ရောင်းချရ၍ အထူးသဖြင့် မြစ်ရေဝင်ကျွန်းပိုင်းဒေသကျေးရွာများတွင် အိမ်တိုင်းလိုလို ဖင်ဆီခံလုံး လိပ်ကြသည်။

ကလေး၊ လူကြီးအားလုံးလုပ်၍ရသော အလုပ်ဖြစ်သလို ချက်ရင်း၊ ပြုတ်ရင်း၊ ဖွတ်ရင်း၊ လျှော်ရင်း လုပ်၍ရသောအလုပ်လည်းဖြစ်ပြီး ဖင်ဆီခံလုံးလိပ်ရာတွင် အဓိကကုန်ကြမ်းဖြစ်သော ပြောင်းဖူးဖက်များမှာ ယခုအခါ CP ပြောင်းစိုက်ပျိုးမှုများပြားလာသဖြင့် ကျေးလက်ဒေသများတွင် အလျှံအပယ်ပေါများပြီး အရင်းအနှီးမကုန်ဘဲ အလကားရသော စွန့်ပစ်ပစ္စည်းဖြစ်သည်။

အရင်းအနှီးဆို၍ တပိဿာ ၃၀၀ ဝန်းကျင်ပေးရသည့် စက္ကူဖိုးသာအရင်းစိုက်ရသဖြင့် မိမိအားစိုက်၍လိပ်လျှင်လိပ်သလို အကျိုးအမြတ်များရရှိသဖြင့် အမှိုက်ထဲက ရွှေဖြစ်နေ၍ ထိုကဲ့သို့ ဖင်ဆီခံလုံးလိပ်သူများလည်း တစ်ဖက်တစ်လမ်းမှ ဝင်ငွေများရရှိ အဆင်ပြေနေကြောင်း သိရသည်။

"ကွန်မက ဖင်ဆီခံလုံးအသေး ၂၀၀ ပါ တစ်စည်းကို ၃၀၀ ကျပ်နဲ့ဝယ်ပြီး ၃၅၀ ကျပ်နဲ့ ပြန်ရောင်းပါတယ်၊ အကြီး ၂၀၀ ပါတစ်စည်းကို ၃၅၀ ကျပ်နဲ့ဝယ်ပြီး ၅၀၀ ကျပ်နဲ့ပြန်ရောင်းပါတယ်။ ရောင်းတဲ့သူတွေက သူတို့လိပ်ရသမျှကို အိမ်ကိုလာရောင်းကြပါတယ်။ အများကြီးရပြီဆိုမှ ဖင်ဆီခံလုံးအသေးကို ပခုက္ကူပို့ပါတယ်။ အကြီးကိုတော့ မြင်းခြံပို့ပါတယ်။ အခုတော့ လမ်းပန်းဆက်သွယ်ရေးကလည်းကောင်း၊ ကားတွေကလည်း ပေါလာတော့ ပို့ဆောင်ရောင်းဝယ်ရတာ တော်တော်အဆင်ပြေပါတယ်။ တန်ဆာခကိုတော့ ဆေးလိပ်ခုံကတစ်ဝက်ကျခံပါတယ်"ဟု နွားထိမ်းရွာမှ ဝယ်ရောင်းလုပ်နေသူ မကြည်ပြာက ပြောပြသည်။

အလားတူ ပေါက္ကူရွာမှ မမြင့်မြင့်ဌေးကလည်း "ကွန်မကချင်းတွင်းမြစ် အရှေ့ဘက်ကမ်းကရွာတွေမှာ ပစ္စည်းစုပါတယ်။ ရသမျှပစ္စည်းတွေကိုရွာအထိသယ်ပါတယ်။ ရွာရောက်တော့ ဖင်ဆီခံလုံးအရှည်တစ်ချောင်းကို အဖြတ်ခြောက်ဖြတ် ဖြတ်ပါတယ်၊ ဖြတ်ခကတစ်တင်းကို ၂၀၀ ကျပ်ပေးရပါတယ်။ ဖြတ်ပြီးဖင်ဆီခံလုံးတွေကို ပီနန်အိတ်ကြီးတွေနဲ့ထည့်ပြီး မြင်းခြံကဆေးလိပ်ခုံတွေမှာ ပြန်ရောင်းပါတယ်။ အကျိုးအမြတ်ကတော့ ကျပ်နှစ်သိန်းဖိုးရင်းရင် ကိုယ့်အတွက် ၅၀၀၀၀ ကျပ်တော့ကျန်ပါတယ်"ဟု ပြောပြသည်။

ဤသို့အားဖြင့်ရေစကြိုမြို့ဒေသတွင် ပေါချင်တိုင်းပေါနေသော စွန့်ပစ်ပစ္စည်း ပြောင်းဖူးဖက်များကို တန်ဖိုးမြင့်ပစ္စည်း ဖင်ဆီခံလုံးအဖြစ် လုပ်ကိုင်ရောင်းချခြင်းအားဖြင့် မိသားစုစားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်ကူပြုလျက် ကျေးလက်နေပြည်သူများ ဝင်ငွေရရှိအဆင်ပြေလျက်ရှိနေကြသည်။

**ဖေထွဏ်းဇော် (ရေစကြို)**

# ရေဦးတွင် ၂၀၁၄–၂၀၁၅ မိုးစပါးအရည်အသွေး ပြည့်မီရေးအတွက် ပညာပေးဟောပြော

**ရေဦး၊ ဩဂုတ်လ ၁၃**

၂၀၁၄-၂၀၁၅ မိုးစပါးရာသီအတွက် အရည်အသွေးပြည့်မီရေးနှင့် အထွက်တိုးရေးရည်ရွယ်လျက် စပါးဆစ်ပိုးကျရောက်မှု ကြိုတင်ကာကွယ်နိုင်စေရန် အသိပညာပေးဟောပြောခြင်းကို ဩဂုတ် ၈ ရက် မွန်းလွဲ ၁ နာရီက ကုက္ကိုစုကျေးရွာ ဘုန်းတော်ကြီးကျောင်းတိုက် ဓမ္မာရုံတွင်ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ပတ်ဝန်းကျင်ကျေးရွာများဖြစ်ကြသည့် မကျီးတော၊ ရွာသာလေး၊ ရေဦးကုန်း၊ မူးသာကုန်း၊ ဇိန်ဇွန်း ကျေးရွာအုပ်စုများမှ တောင်သူများတက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးပညာရှင် ဒေါက်တာဒေါ်ကျင်ကျင်ဝင်းက စပါးတစ်ဧက တင်း ၁၀၀ နှုန်းအထက်ထွက်ရန် လိုက်နာရမည့် နည်းစနစ် ၁၄ ချက်ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်စန်းစန်းမြင့်နှင့် ဒေါ်ရီရီတို့က ဆစ်ပိုးနေ့စဉ်ပေါက်ပွားပုံဘဝစက်ဝန်းနှင့် ကြိုတင်ကာကွယ်ရေး နည်းလမ်းများကိုလည်းကောင်း ပြောကြားခဲ့သည်။

ထို့ပြင် ကသာနှင့်ရွှေဘိုခရိုင် စိုက်ပျိုးရေးတာဝန်ခံများဖြစ်ကြသည့် ဦးဆွေနှင့် ဒေါ်စန်းမြင့်လွင်တို့က ဆေးဝါးအသုံးပြုမှုအတိုင်းအတာနှင့် ပိုးသတ်ဆေးမသုံးဘဲ ဆစ်ပိုးကြိုတင်ကာကွယ်နှိမ်နင်းနည်းများကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးဦးတင်မောင်ဝင်းက စပါးမစိုက်မီလိုက်နာဆောင်ရွက်ရမည့် အချက်များ၊ တိုက်ရိုက်(သို့) ပြောင်းရွှေ့စိုက်ချိန်တွင် လိုက်နာရမည့် နည်းလမ်းများကိုလည်းကောင်း ကဏ္ဍအသီးသီးဖြင့် ပညာပေးဟောပြောကြသည်။

ဆက်လက်ပြီး စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများမှ စပါးစိုက်ပျိုးထားသည့် တောင်သူဦးသန်းဝင်း၏ လယ်မြေသို့ ကွင်းဆင်းကာစပါးဆစ်ပိုးကြိုတင်ကာကွယ်ရေးနည်းလမ်းများကို လက်တွေ့ပြသခဲ့ရာ တက်ရောက်လာကြသည့် စိုက်ပျိုးရေးပညာရှင်များ၊ စပါးစိုက်တောင်သူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်းသိရသည်။

**သန်းထိုက်(ရေဦး)**

# ကျောင်းကျန်းမာရေး စစ်ဆေးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**မောက်မယ်၊ ဩဂုတ် ၁၃**

ကျောင်းကျန်းမာရေး စစ်ဆေးရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှမ်းပြည်နယ်၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်၊ စဥ့်ဝင်ကျေးရွာအုပ်စု၊ နောင်ခမ်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဩဂုတ် ၁၁ ရက် နံနက် ၉ နာရီခွဲက ကျန်းမာရေးဝန်ထမ်းများနှင့် ကျေးရွာမိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များက ကျောင်းကျန်းမာရေး လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူများ တစ်ကိုယ်ရည်သန့်ရှင်းမှု စစ်ဆေးခြင်းများ၊ အရပ်တိုင်းတာခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်းများ ပြုလုပ်ရာ ကျောင်းသား၊ ကျောင်းသူများ ၈၉ ဦးအား လိုအပ်သည့် ဆေးဝါးများ အခမဲ့ ထောက်ပံ့ပေးခဲ့သည်။

ထို့နောက် ကျန်းမာရေးဆရာမ ဒေါ်နန်းသီတာရှိန်က လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေးဆိုင်ရာအသိပညာနှင့် ကလေးတို့၏ စားသုံးသင့်သည့် ကျန်းမာရေးနှင့်ညီညွတ်သော အစာအာဟာရအုပ်စု သုံးစုအကြောင်း ပညာပေး ဟောပြောကြောင်း သိရသည်။

**စိုင်းမျိုးသန့်(ပြန်/ဆက်)**



# မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းဖွင့်

**မတ္တရာ၊ ဩဂုတ် ၁၃**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းဖွင့်ပွဲကို ဩဂုတ် ၁၁ ရက် နံနက် ၁၀ နာရီက မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းတွင် ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေ၊ ဒုရဲမှူးနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ လ/ထဦးစီးမှူးတို့က အမှာစကားများပြောကြားကြောင်းနှင့် သင်တန်းကာလမှာ ဩဂုတ် ၁၁ ရက်မှ စက်တင်ဘာ ၅ ရက်ထိ ရက်သတ္တပတ် လေးပတ်ကြာမြင့်မည်ဖြစ်သည်။

အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းဖွင့်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒုရဲမှူး၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် သင်တန်းသား ၅၀ တို့တက်ရောက်ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

**အမည်ပြောင်း**

စစ်ကိုင်းမြို့၊ မန်ကျည်းစဉ်ရပ်၊ အောင်ပညာရိပ်မွန်၊ ကိုယ်ပိုင်ကျောင်း၊ နဝမတန်း(က)မှ (အဖ) ဦးသန်းဇော်ဦး[၅/စကန(နိုင်) ၀၈၈၀၈၀]၏ သား မောင်အောင်ဖုန်းခိုင်အား ယနေ့မှစ၍ မောင်ဖြိုးဟန်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။
မောင်ဖြိုးဟန်ကျော်

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာသုတေသနဦးစီးဌာန(မြိုင်)တွင် အလုပ်လျှောက်ထားလာသူ Master ဘွဲ့ရများနှင့် Bachelor ဘွဲ့ရများအတွက် အလုပ်ဝင်ခွင့် အရည်အချင်းစစ်ရေးဖြေစာမေးပွဲ ကျင်းပမည့်ရက်ကြေညာခြင်း**

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတွင် အလုပ်ခန့်ထားရန်အတွက် သတင်းစာမှကြော်ငြာခေါ်ယူခဲ့သော နည်းပညာသုတေသန ဦးစီးဌာန(မြိုင်)တွင် အလုပ်ခန့်ထားရန်အတွက် Master နှင့် Bachelor ဘွဲ့ရများအားလုံးသည် အောက်ဖော်ပြပါ စာမေးပွဲအစီအစဉ်အတိုင်း အလုပ်ဝင်ခွင့် အရည်အချင်း စစ် ရေးဖြေစာမေးပွဲ ဖြေဆိုရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

| စဉ် | ဖြေဆိုမည့် ဘာသာရပ် | နေ့ရက် | အချိန် | နေရာ |
|---|---|---|---|---|
| (က) | အင်္ဂလိပ်စာ ဘာသာရပ် | ၁၃-၉-၂၀၁၄ (စနေနေ့) | နံနက် ၉း၀၀နာရီ မှ ၁၂း၀၀နာရီထိ | အထက်မြန်မာပြည်တွင် အလုပ်လျှောက်ထားသူများ ဖြေဆိုရမည့်စာစစ်ဌာန မန္တလေးနည်းပညာတက္ကသိုလ်နှင့် |
| (ခ) | သက်ဆိုင်ရာ ဘာသာရပ် | ၁၄-၉-၂၀၁၄ (တနင်္ဂနွေနေ့) | နံနက် ၉း၀၀နာရီ မှ ၁၂း၀၀နာရီထိ | အောက်မြန်မာပြည်တွင် အလုပ်လျှောက်ထားသူများ ဖြေဆိုရမည့်စာစစ်ဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ် |
| (ဂ) | လူတွေ့စစ်ဆေးခြင်း | | | ရေးဖြေစာမေးပွဲဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခံရမည့် သူများစာရင်းအား သက်ဆိုင်ရာစာစစ်ဌာနများတွင် ထပ်မံကြေညာပါမည်။ |

၂။ ဖြေဆိုမည့်သူများသည် ၈-၉-၂၀၁၄ရက်ထက် နောက်မကျစေဘဲ သက်ဆိုင်ရာစာစစ်ဌာနများသို့ သတင်းပို့ရမည်ဖြစ်ပြီး အသေးစိတ်သိလိုပါက မန္တလေးနည်းပညာတက္ကသိုလ် ဖုန်းနံပါတ်-၀၂-၅၇၇၃၆၃၊ ရန်ကုန်နည်းပညာတက္ကသိုလ် ဖုန်းနံပါတ်-၀၁-၅၂၂၆၆၀နှင့် ပြည်ထောင်စုဝန်ကြီးရုံး၊ ဖုန်းနံပါတ် ဖုန်း-၀၆၇-၄၀၄၀၁၇၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန ဖုန်း-၀၆၇-၄၀၄၀၁၈၊ နည်းပညာသုတေသနဦးစီးဌာန(မြိုင်) ဖုန်း-၀၉-၆၅၇၁၃၁၅ တို့တွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

**ကန့်ကွက်နိုင်ပါကြောင်း**

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ အမှတ်(၈)ရပ်ကွက် ၊မြေတိုင်း(၂၁)၊ အကွက်အမှတ်(၁၇၁)အား ၁၉၉၃ခုနှစ်၊ ဥဿာမြို့သစ် မြို့ကွက်ဖေါ်ထုတ်သတ်မှတ်ရာတွင် ဦးသိန်းဟန်(ဘ)ဦးခင်ရွှေ [၇/ပခန(နိုင်)၂၉၂၈၉၈]သည် မြေပေးမိန့် ထုတ်ယူခဲ့ခြင်းမရှိသဖြင့် ယခုအခါတွင် မြေပေးမိန့်ထုတ်ယူမည်ဖြစ်သောကြောင့် ကန့်ကွက်သူရှိပါက အထောက်အထား အပြည့်အစုံဖြင့် ၉-၈-၂၀၁၄ရက်မှ ၂၃-၈-၂၀၁၄ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာ အပ်ပါသည်။
ဦးသိန်းဟန်[၇/ပခန(နိုင်)၂၉၂၈၉၈]၊ (အဖ) ဦးခင်ရွှေ
ဖုန်း-၀၉-၃၃၃၅၈၂၉၇



## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်ခင်ခင်(တောင်ငူ)**

**အသက်(၉၅)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်နေ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာခင်မောင်ထွန်း-ဒေါ်ဥမ္မာသန်း(ထက်လင်းတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)တို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ခင်ခင် အသက်(၉၅)နှစ်သည် ၄-၈-၂၀၁၄ရက် ညနေ ၄း၁၅ နာရီတွင် တောင်ငူမြို့ ကေတုဆေးခန်း၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း**
**ရန်ကုန်တိုင်းဒေသကြီး**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးထွန်းဝင်း**

**အသက်(၆၃)နှစ်**

**လက်ထောက်အထွေထွေမန်နေဂျာ(ငြိမ်း)**
**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

မောင်လေး မောင်ဝင်းခိုင်-ညီမလေး ခင်ချိုဝင်းတို့၏ချစ်လှစွာသောဖခင်၊ တူလေး သုခန့်အောင်၊ မင်းခန့်တို့၏ ဘိုးဘိုးကြီး ဦးထွန်းဝင်း (၆၃)နှစ်သည် ၁၀-၈-၂၀၁၄ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Thinyadanar Gems & Jewellery Family**

## ဝမ်းနည်းကြေကွဲခြင်း

(OILER) Tg.Tual Khan Pau ၏မိခင် Daw Anna Khai Theih Cing အသက်(၇၀)သည် ၇-၈-၂၀၁၄ရက်ညနေ ၆း၁၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် မိသားစုနှင့်တကွ ထပ်တူဝမ်းနည်း ကြေကွဲရပါသည်။

**CAPT; ဦးမျိုးသန့်အုန်း**
**CHIEF ENG; ဦးဌေးလွင်**
**M.V THERESA SHANDONG မှ ရေယာဉ်**
**ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်လှမြိုင်**

**အသက်(၈၁)နှစ်**

**(အထက-၆၊ မန္တလေး-ငြိမ်း)**
**ရွှေစည်သာသနာ့ရိပ်သာ(သိန်းရတနာမြိုင်ကျောင်း)**

ဆရာဒေါက်တာဇီဝ(ခ)ဒေါက်တာညီညီနိုင်၏မွေးသမိခင်ကျေးဇူးရှင် ဒေါ်လှမြိုင်သည် ၈-၈-၂၀၁၄ရက်တွင် ကွယ်လွန်ခြင်းအတွက် ဆရာတို့ မောင်နှမများနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇော်လင်းအောင်-ဒေါက်တာဝင်းပပ (အုပ်ချုပ်မှုဒါရိုက်တာ)**
**"YRS" & "NEC"(ကိုယ်ပိုင်အထက်တန်းကျောင်း)**
**“ရာပြည့်” အဆင့်မြင့်စာသင်ဝိုင်း**

## ဝမ်းနည်းကြေကွဲခြင်း

**ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန်ဒါယိကာမကြီး**

**ဒေါ်အကြိုင် (ဇာသပြင်၊ မော်လမြိုင်)**

**အသက် (၈၅) နှစ်**

တူဒေးစာအုပ်တိုက်အတွက် စာမူများရေးသားချီးမြှင့်ပေးပါသော ပါမောက္ခ ဒေါက်တာခင်ဇော် (စာရေးဆရာ နိုင်ဇော်) နှင့် ပါမောက္ခ ဗိုလ်မှူးကြီး ကေသီထွန်းတို့၏ မိခင် ဒေါ်အကြိုင် သည် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၉ ရက် (စနေနေ့) တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တူဒေးစာအုပ်တိုက်မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ကန် ဒါယိကာမကြီး**

**ဒေါ်စောမြိုင်**

**အသက်(၈၆)နှစ်**

**ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်**

ဗိုလ်မှူးချုပ်ဝင်းမောင်(ငြိမ်း)ထိုင်းနိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီး-ဒေါ်မြင့်မြင့်ကြည်တို့၏မိခင် ဒေါ်စောမြိုင် အသက်(၈၆)နှစ်သည် ၁၁-၈-၂၀၁၄ (တနင်္လာနေ့) နံနက်၄း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**သူရ(၆၀)မှ သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်တင်ထွေး(ပြင်ဦးလွင်)**

**အသက်(၈၆)နှစ်**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့် ဇနီးဒေါ်ဆွေဆွေချစ်တို့၏ချစ်လှစွာသော မိခင်ကြီး ဒေါ်တင်ထွေး အသက်(၈၆)နှစ်သည် ၅-၈-၂၀၁၄ရက် ညနေ ၅း၄၅နာရီတွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သစ်တောသယံဇာတပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ထိန်းသိမ်းရေး အသင်း(FREDA)**
**ဥက္ကဋ္ဌဦးအုန်းနှင့်အသင်းဝင်မိသားစုအားလုံး**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်အကြိုင်**

**အသက်(၈၅)နှစ်**

ပါမောက္ခဒေါက်တာခင်ဇော်-ပါမောက္ခဗိုလ်မှူးကြီး ကေသီထွန်းတို့၏မိခင်ကြီး ဒေါ်အကြိုင် အသက်(၈၅)နှစ်သည် ၉-၈-၂၀၁၄(စနေနေ့)နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရ ပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါကြောင်း။

**သီရိပျံချီဦးသိန်းဆွေ-ဒေါ်မြသီဂီ**
**ဦးဘုန်းပိုင်ဦး-ဒေါက်တာစုစုလှိုင်၊ ဗိုလ်ကြီးမြတ်သူ-ဒေါ်ဖြူသန့်ပိုင်**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်လှမြိုင်**

**အသက်(၈၁)နှစ်**

**(အထက-၆၊ မန္တလေး-ငြိမ်း)**
**ရွှေစည်သာသနာ့ရိပ်သာ(သိန်းရတနာမြိုင်ကျောင်း)**

ဆရာဒေါက်တာဇီဝ(ခ)ဒေါက်တာညီညီနိုင်၏ မွေးသမိခင် ကျေးဇူးရှင် ဒေါ်လှမြိုင်သည် ၈-၈-၂၀၁၄ရက်တွင် ကွယ်လွန်ခြင်းအတွက် မိမိ၏မိခင် ကွယ်လွန်သကဲ့သို့ ထပ်တူခံစား ဝမ်းနည်းကြေကွဲရပါသည်။

**ဦးနိုင်ဝင်းလတ်-ဒေါ်ဖြူအိသွယ်**
**(ဂုဏ်ထူးဇီဝဗေဒ)**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

**ဒေါ်ခင်ခင်(တောင်ငူ)**

**အသက်(၉၅)နှစ်**

ဒေါက်တာခင်မောင်ထွန်း(လွှတ်တော်ကိုယ်စားလှယ်၊ ရန်ကုန်တိုင်းဒေသကြီး)နှင့် ဇနီးဒေါ်ဥမ္မာသန်း(ထက်လင်းဆေးတိုက်ပိုင်ရှင်)တို့၏ ချစ်လှစွာသော မိခင်ကြီးဒေါ်ခင်ခင်(တောင်ငူ) အသက်(၉၅)နှစ်သည် ၄-၈-၂၀၁၄ရက် ညနေ ၄း၁၅နာရီတွင် တောင်ငူမြို့ ကေတုဆေးခန်း၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျင်ဦး(နာယက)**
**မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်တင်ထွေး (ပြင်ဦးလွင်)**

**အသက် (၈၆) နှစ်**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း-ဒေါ်ဆွေဆွေချစ်တို့၏မိခင် ဒေါ်တင်ထွေး သည် ၅-၈-၂၀၁၄(အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရ ပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**ကိုကျော်ကျော်၊ ဦးတင့်ရှိန် ဂေါက်သီးရိုက်အဖွဲ့**

## စာအုပ်စာပေလှူမိတ်ဆွေ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၈၊ မြေကွက်အမှတ်-၄၃၀၊ မြေကွက်တည်နေရာအမှတ်-၄၃၀၊ (၁၀၈)ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ်၊ ဦးဟန်သိန်းအမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးဟန်သိန်း[၁၂/ကမရ(နိုင်)၀၁၉၈၂၈]မှ ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်များတင်ပြ၍ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မဟာသဒ္ဓမ္မဇောတိကဓဇ ပါမောက္ခ စာရေးဆရာ ဒေါက်တာနန္ဒာသိန်းဇံ (၃)နှစ်ပြည့်လွမ်းဆွတ်သတိရ အမျှပေးဝေခြင်း

သံသရာခရီးရှည်ကြီးကို အစ်ကို ထွက်ခွာသွားခဲ့တာ (၃)နှစ်ပြည့် သွားပြန်ပြီ။ အစ်ကို ပြောခဲ့သလို လောကဓံတရားကို ကြံ့ကြံ့ခံ ရင်ဆိုင် နေဆဲပါ။ သံဝေဂဉာဏ်၊ အဖန်ဖန်ပွားပေမယ့်လည်း တရားမရနိုင် သေးသမျှ အမြဲသတိရတမ်းတနေမိပါတယ်။ အစ်ကို့အတွက် ရည်စူးပြီး ပြုခဲ့၊ ပြုဆဲ၊ ပြုမယ့်ကုသိုလ်ကောင်းမှုများကို အမျှပေးဝေပါတယ်။ အမျှရ၍ မြင့်မြတ်တဲ့ ဘုံဘဝမှ သာဓုအနုမောဒနာခေါ်ဆိုနိုင်ပါစေ။

**ချစ်ဇနီး(မိ)**
**(ခေါ်)**
**ဒေါ်ခင်မာမာ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးရဲထွတ်**

**အသက်(၈၂)နှစ်**

**ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)မြန်မာ့သစ်လုပ်ငန်း**

ဦးရဲထွတ်သည် ၄-၈-၂၀၁၄ရက် ညနေ ၆း၄၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**၁၇-၁-၁၉၆၄ အလုပ်ဝင်အရာထမ်းများ(ရောင်း/စက်)**
**မြန်မာ့သစ်လုပ်ငန်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာ**

**ဦးမြင့်သိန်း(ခ)တန်ပြန်သိန်း (၈၄)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်၊ သုခိတာလမ်း၊ အမှတ်(၁၈)နေ (ဦးတန်အင်ကြူး-ဒေါ်ရှုဝါ)တို့၏ သား၊ (ဦးတန်ဂုံ-ဒေါ်အော်ထွန်)တို့၏ သမက်၊ (ဒေါ်ကျင်တီ)၏ ခင်ပွန်း၊ ဒေါ်ခင်မာမြင့်၊ ဒေါ်ခင်ခင်မြင့်၊ ဒေါ်သန်းသန်းမြင့်(အထက-၁၊ ရန်ကင်း)၊ ဦးခင်မောင်မြင့်(ခ)ကိုဖိုးထောင်၊ ဦးဇော်မြင့်(ခ)ကိုဖိုးခွား၊ ဒေါ်တင်တင်နွယ်၊ ဒေါ်ဝင်းဥမ္မာတို့၏ဖခင် အလိုတော်ပြည့်ကျောင်းတိုက် (ရန်ကုန်) ဂေါပကအဖွဲ့၏ နာယကကြီး ဦးမြင့်သိန်း(ခ)တန်ပြန်သိန်းသည် ၁၀-၈-၂၀၁၄ (တနင်္ဂနွေနေ့) ည ၁၀း၃၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းရပါသည်။

**အလိုတော်ပြည့်ကျောင်းတိုက် ဂေါပကအဖွဲ့ဝင်များ**
**တာမွေမြို့နယ်။**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးထွန်းဝင်း**

**အသက်(၆၃)နှစ်**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ လုပ်ငန်းနှင့်စစ်ဆေးရေးဌာနမှ လက်ထောက်အထွေထွေ မန်နေဂျာ(ငြိမ်း) ဦးထွန်းဝင်းသည် ၁၀-၈-၂၀၁၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၃၇နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရန်ကုန်တိုင်းဒေသကြီး**
**တိုင်းဒေသကြီးမန်နေဂျာနှင့်ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်လှမြိုင်**

**အသက်(၈၁)နှစ်**

**(အထက-၆၊ မန္တလေး-ငြိမ်း)**
**ရွှေစည်သာသနာ့ရိပ်သာ(သိန်းရတနာမြိုင်ကျောင်း)**

ဆရာဒေါက်တာဇီဝ (ခ) ဒေါက်တာညီညီနိုင်၏ မွေးသမိခင် ကျေးဇူးရှင် ဒေါ်လှမြိုင်သည် ၈-၈-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစု နှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**ဦးလင်းနိုင်(အုပ်ချုပ်မှုဒါရိုက်တာ)**
**NECကိုယ်ပိုင်အထက်တန်းကျောင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်အကြိုင်**

**အသက်(၈၅)နှစ်**

ပါမောက္ခ ဒေါက်တာဦးဇော်သန်းထွန်း-သူငယ်ချင်းကြည်ကြည်ညွှန့်(မီးငယ်)တို့၏ မိခင်ကြီး ဒေါ်အကြိုင်သည် ၉-၈-၂၀၁၄ (စနေနေ့) နံနက် ၆း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။

**၈၃-ပုသိမ်ဒီဂရီကောလိပ်သူငယ်ချင်းများ(ရန်ကုန်)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်အကြိုင်**

**အသက်(၈၅)နှစ်**

ပါမောက္ခ ဒေါက်တာဦးဇော်သန်းထွန်း-သူငယ်ချင်းကြည်ကြည်ညွှန့်(မီးငယ်)တို့၏ မိခင်ကြီးဒေါ်အကြိုင်သည် ၉-၈-၂၀၁၄(စနေနေ့) နံနက်၆း၄၀နာရီတွင် ကွယ်လွန် သွားပါသဖြင့် မိသားစုနှင့်ထပ်တူကြေကွဲဝမ်းနည်းရပါသည်။

**၈၃-ပုသိမ်ဒီဂရီကောလိပ်သူငယ်ချင်းများ(ပြည်မြို့)**

# အခမဲ့ မျက်စိကုသစောင့်ရှောက်မှုလုပ်ငန်းကို နေပြည်တော်ရှစ်မြို့နယ် အလှည့်ကျစီမံဆောင်ရွက်သွားဖို့ရှိ

**မြန်မာ့သတင်းစဉ် သတင်းအဖွဲ့**

ယနေ့နံနက်ပိုင်းက နေပြည်တော် ဇမ္ဗူသီရိအထူးကုဆေးရုံကြီးနှင့် ဇမ္ဗူသီရိဖောင်ဒေးရှင်းတို့ ပူးပေါင်းစီစဉ်ဆောင်ရွက်သည့် အခမဲ့မျက်စိကုသစောင့်ရှောက်မှုကို အဆိုပါဆေးရုံကြီး၌ ကျင်းပခဲ့သည်။

သို့ဖြစ်၍ ယင်းဆေးရုံမှ ဆေးရုံအုပ်ကြီး၊ ဖောင်ဒေးရှင်းဥက္ကဋ္ဌ၊ မျက်စိစမ်းသပ်ကုသမှုခံယူကြသည့် ဝန်ထမ်းများ၊ မှီခိုသူ ဝန်ထမ်းမိသားစုဝင်များအား တွေ့ဆုံမေးမြန်းဖြေကြားခဲ့သည်များကို ပြန်လည်တင်ပြလိုက်ရပါသည်-

ဒေါက်တာမျိုးအောင်
ဆေးရုံအုပ်ကြီး
ဇမ္ဗူသီရိအထူးကုဆေးရုံကြီး

ဒီဇမ္ဗူသီရိဆေးရုံကြီးကို ၂၀၁၂ ခုနှစ် မေလ ၃ ရက်နေ့မှာ ဖွင့်လှစ်ခဲ့ပါတယ်။ ကျွန်တော်ကတော့ ၂၀၁၃ ခုနှစ် ဇူလိုင် ၂၃ ရက်မှာ ဒီဆေးရုံကြီးကိုရောက်ရှိပြီး တာဝန်ထမ်းဆောင်ခဲ့ပါတယ်။

ကျွန်တော်တို့ဆေးရုံမှာ အခုလို အခမဲ့မျက်စိစမ်းသပ်ကုသပေးတာက ဒုတိယအကြိမ်ဖြစ်ပါတယ်။ ပထမအကြိမ်က ယခုနှစ် မေ ၅ ရက်ကနေ ၇ ရက်အထိ ပြုလုပ်ခဲ့ပြီး ဇမ္ဗူသီရိမြို့နယ်အတွင်းမှာရှိတဲ့ မျက်စိဝေဒနာရှင်တွေကို စမ်းသပ်ကုသခွဲစိတ်ပေးခဲ့ပါတယ်။ ပထမအကြိမ်မှာ မျက်စိခွဲစိတ်ကုသမှုပေးခဲ့တာက ၃၅ ဦး ရှိပါတယ်။

အခု ဒုတိယအကြိမ်မှာ ဝန်ထမ်းနဲ့ ဝန်ထမ်းမိသားစုတွေကို ဩဂုတ် ၄ ရက်က စတင်ပြီးစမ်းသပ်ကုသပေးနေတာဖြစ်ပါတယ်။ မျက်စိကုသလိုသူ ၁၉၇၀ ရှိပါတယ်။ အခုဒီနေ့အထိစမ်းသပ်ကုသပြီးသူ ၁၂၃၀ ရှိပါတယ်။ အဲဒီထဲမှာ မျက်စိခွဲစိတ်ကုသမှုခံယူရမယ့်သူက ၁၀၀ ရှိပါတယ်။ ဒီနေ့မှာ လူ ၄၀ ကို ခွဲစိတ်ကုသပေးပါမယ်။ ကျန်တဲ့လူနာတွေကိုလည်း ဩဂုတ် ၁၅ ရက်မှာ ထပ်မံခွဲစိတ်ကုသပေးသွားမှာဖြစ်ပါတယ်။ ဒီအပတ်မှာ အခမဲ့ မျက်စိကုသစောင့်ရှောက်မှုကို နိုင်ငံ့ဝန်ထမ်းတွေနဲ့ မှီခိုသူဝန်ထမ်းမိသားစုဝင်တွေကို လုပ်ပေးမှာဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလမှာ နောက်ထပ်တစ်ကြိမ်အခမဲ့ မျက်စိစမ်းသပ်ခွဲစိတ်ကုသဖို့ အစီအစဉ်ရှိပါတယ်။ အဲဒီမှာ မျက်စိရောဂါအပြင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာတွေကိုလည်း စမ်းသပ်ကုသပေးဖို့ စီစဉ်ထားပါတယ်။

ကျွန်တော်တို့ဆေးရုံကြီးနဲ့ ဇမ္ဗူသီရိဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်မှုနဲ့ လည်ပင်းကြီးရောဂါ ခွဲစိတ်ကုသမှုပြုလုပ်တာကတော့သုံးကြိမ်ရှိပါပြီ။ အဲဒီလို ခွဲစိတ်ပေးတာက စင်ကာပူနိုင်ငံ မောင့်အယ်လီဇဘတ်ဆေးရုံကြီး (Mount Elizabeth Hospital) က အထူးကုဆရာဝန်ကြီးနဲ့ ကျွန်တော်တို့ဆေးရုံက အထူးကုဆရာဝန်ကြီးတို့ ပူးပေါင်းခွဲစိတ်ပေးခဲ့တာ ဖြစ်ပါတယ်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❖



"ဂ" အထူးရထားနေရာ၌ အစားထိုးပြေးဆွဲပေးတော့မည့် RBE အဲကွန်းအထူးရထားအားစမ်းသပ်ပြေးဆွဲရန်အတွက် ရန်ကုန်ဘူတာကြီးသို့ ဆိုက်ရောက်လာသည်ကို ယနေ့နံနက်ပိုင်းက တွေ့ရစဉ်။

# RBE အဲကွန်းအထူးရထား ငါးတွဲအသုံးပြုကာ တွဲဆိုင်းတစ်ဆိုင်းပြုလုပ်၍ "ဂ" အထူးရထားနေရာ၌ အစားထိုးပြေးဆွဲတော့မည်

**ရန်ကုန် ဩဂုတ် ၁၃**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားလုပ်ငန်းမှ ရထားစီးခရီးသည်များ အဆင်ပြေစေရန်အတွက် နိုင်ငံတကာ မြို့ပတ်ရထားများနည်းတူ ရန်ကုန်မြို့ပတ်ရထားများအား အဆင်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ပြီးခဲ့သော မေ ၂၅ နှင့် ၂၆ ရက်တို့က ဂျပန်နိုင်ငံမှ အသစ်ထပ်မံရောက်ရှိခဲ့သည့် RBE အဲကွန်းအထူးရထားတွဲ ၂၀ ထဲမှ တွဲ ငါးတွဲကို အသုံးပြုကာ တွဲဆိုင်းတစ်ဆိုင်းပြုလုပ်၍ "ဂ" အထူးရထားနေရာ၌ အစားထိုးပြေးဆွဲတော့မည်ဖြစ်သည်။

အဆိုပါ RBE အဲကွန်းအထူးရထားတွဲဆိုင်း "ဂ" အထူးရထားနေရာ၌ အစားထိုး ပြေးဆွဲတော့မည်ဖြစ်ရာ လာမည့်ဩဂုတ် ၁၆ ရက်တွင် စတင်ပြေးဆွဲရန်အတွက် စီစဉ်ထားကြောင်း သိရပြီး

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❒

## ယနေ့ မာတိကာ


စိတ်သည် အရာရာမှာ စိုးမိုးသည် — စာမျက်နှာ - ၆

အမျိုးသားဇာတ်ရုံ (မန္တလေး)တွင် ယဉ်ကျေးမှုအမွေအနှစ်များ ဖျော်ဖြေတင်ဆက်မည် — စာမျက်နှာ - ၁၂

AFF U-19 ပြိုင်ပွဲဝင်မည့် ယူ-၁၉ အမျိုးသမီးအသင်းအတွက် ရွေးချယ် — စာမျက်နှာ - ၁၃




# ကံမမြို့တွင် မြစ်ကမ်းပါးပြိုခြင်းကြောင့် လူနေအိမ်များရွှေ့ပြောင်းခဲ့ရ

ကံမ ဩဂုတ် ၁၃ ။ ။ မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့တွင် မြစ်ကမ်းတစ်လျှောက် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုခြင်းများ ဆက်တိုက်ဖြစ်ပွားခဲ့သည်။ နွေရာသီရေနည်းသည့်ကာလမှစတင်၍ မြစ်ကမ်းပါးပြိုခြင်းများဖြစ်ပွားခဲ့ရာ ကံမမြို့ အမှတ်(၃)ရပ်ကွက် မဒေးဝရပ်တွင် လူနေအိမ်များနှင့် နီးကပ်လာသဖြင့် နေအိမ်ရှစ်လုံးရွှေ့ပြောင်းခဲ့ရပြီး ယခုမိုးရာသီရေများသည့်ကာလတွင် မြစ်ကမ်းပါးပြိုခြင်းများထပ်မံဖြစ်ပွားခဲ့သဖြင့် လူနေအိမ် ၁၁ လုံး ထပ်မံ၍ရွှေ့ပြောင်းခဲ့ရကြောင်း သိရသည်။

ကျော်ဇေယျဝင်း(Iprd)

# မုန်းချောင်း ရေတိုက်စားမှုကြောင့် လူနေအိမ်များ ဘေးလွတ်ရာ ရွှေ့ပြောင်း

**ကျောက်ကြီး ဩဂုတ် ၁၃**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် မုန်းဒေသ လိန်ပင်ကျေးရွာ၌ မုန်းချောင်းရေကြီးမှုကြောင့် ကမ်းပါးများ ရေတိုက်စား၍ မြေပြိုမှုများဖြစ်ကာ မြစ်ကမ်းဘေးအိမ်များ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ကြရသည်။ နှစ်စဉ် မိုးသည်းထန်ပြီး ရေကြီးမှုများ၊ မြေပြိုမှုများဖြစ်ကာ လူနေအိမ်များ မျောပါခြင်း၊ ဘေးလွတ်ရာရွှေ့ပြောင်းရခြင်းများကို ဒေသခံများ နှစ်စဉ်ခံစားရသဖြင့် လိန်ပင်ကျောင်းဆရာတော်ကြီးက မြစ်ရေထိန်းသိမ်းနိုင်ရေး၊ မြေပြိုမှုသက်သာလျော့ကျစေရေးတို့အတွက် ရေကာတာများပြုလုပ်ရန် သက်ဆိုင်ရာသို့ တင်ပြထားကြောင်း သိရသည်။ လိန်ပင်ရွာမှာ ယခုကဲ့သို့ ရွှေ့ပြောင်းခဲ့ရသည်များရှိသလို ဆုံးရှုံးခဲ့ရသည်များလည်းရှိခဲ့သည့်အတွက် ရွာသူရွာသားများ အမြဲစိုးရိမ်နေကြရပြီး နယ်မြေခံ အုပ်ချုပ်ရေးအဖွဲ့များလည်း နေ့၊ ည မပျက် စောင့်ကြည့်ပေးနေရကြောင်း သိရသည်။

**ပန်းချီသန်းဝင်း(ကျောက်ကြီး)**







ကြေးမုံ The Mirror Established in 1957
themirror.npt@gmail.com
www.facebook.com/themirrordaily
R/184

## ကုမ္ပဏီအမှတ်တံဆိပ်အမည်အမှတ်အသား တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း အသိပေးကြေငြာချက်

ရန်ကုန် မြို့၊ မရမ်းကုန်းမြို့နယ်၊ အင်းယားရိပ်သာလမ်း၊ အမှတ်(၁၂ /ဒ) တွင်ကုမ္ပဏီရုံးခန်းဖွင့်လှစ်ထားသော ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ မြန်မာပီတောက် အင်ဂျင်နီယာနှင့် ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်၊ ကုမ္ပဏီမှတ်ပုံတင်အမှတ် (၁၀၃၃ /၂၀၀၁-၂၀၀၂) ဒါရိုက်တာအဖွဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေငြာအပ်ပါသည်။

တံဆိပ်အမည်အမှတ်အသား

Mp

မှတ်ပုံတင်အမှတ် - ( ၄၉၀၉ / ၂၀၁၄ )

မြန်မာပီတောက် အင်ဂျင်နီယာနှင့်ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်သည် အောက်ဖော်ပြပါ Mp ကုမ္ပဏီအမှတ်တံဆိပ်အမည်ကို ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် (၄၉၀၉ /၁၄)ဖြင့် မှတ်ပုံတင်စာချုပ် ချုပ်ဆိုတင်သွင်းထားပြီး ဖြစ်ပါသည်။

မြန်မာပီတောက် အင်ဂျင်နီယာနှင့်ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်သည် Mp တံဆိပ်အမည် အမှတ်အသားဖြင့် ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်သော အဆောက်အဦးဒီဇိုင်းများရေးဆွဲခြင်း၊ တာဝါတိုင်ဒီဇိုင်းများရေးဆွဲခြင်း၊ ဆောက်လုပ်ခြင်း၊ အခြားအင်ဂျင်နီယာလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းတို့တွင် ကပ်နှိပ်၍ သုံးစွဲသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုမ္ပဏီအမှတ်တံဆိပ်အမည်အမှတ်အသားကို ကျွန်ုပ်တို့၏ မိတ်ဆွေကုမ္ပဏီမှလွဲ၍ အခြားတစ်ဦးတစ်ယောက်မှ ဖြစ်စေ၊ အများမှဖြစ်စေ၊ အသင်း/အဖွဲ့အစည်းများမှဖြစ်စေ၊ တံဆိပ်အမည်အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ထပ်တူဖြစ်စေ၊ အရောင်အသွေးပုံစံတူဖြစ်စေ၊ ဆင်တူရိုးမှား၊ ထင်ယောင်ထင်မှား ပြုလုပ်သုံးစွဲပါက ဖြစ်မှုကြောင်း၊ တရားမကြောင်းအရ ဥပဒေနှင့်အညီ တရားစွဲဆိုမည်ဖြစ်ကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဦးချစ်ကိုကို (စဥ် - ၂၈၀၃)

LL.B,H.G.P,Dip in Business Law, Dip in Applied Psychology, Dip in Maritime Law, WIPO (Switzerland)

တရားလွှတ်တော်ရှေ့နေကြီးနှင့် စီးပွားရေးလုပ်ငန်း ဥပဒေဆိုင်ရာအကြံပေးပုဂ္ဂိုလ်

| | | |
|---|---|---|
| ဦးအောင်မြင့်ထွန်း(LL.B) | ဦးရာဇာဝင်း (LL.B) | ဦးအောင်ပြည့်ဖြိုးလွင်(LL.B)WIPO (Switzerland) |
| တရားလွှတ်တော်ရှေ့နေ (စဥ်- ၇၄၇၁) | အထက်တန်းရှေ့နေ (စဥ်- ၃၉၆၀၃) | အထက်တန်းရှေ့နေ (စဥ်- ၃၉၂၆၇) |

အမှတ် (၆၀)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၅၂၈၂၄

---

ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများ ဦးစီးကုသပေးသော

**ဒီဝကာ**

**"အကြောအဆစ်နှင့် ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး အထူးကုဆေးခန်းကြီး"ကို**

**အမှတ်(၈၂)၊ (၈)လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၂၈၄၆၈ တွင် ၉-၈-၂၀၁၄ ရက်မှစတင်၍ ဖွင့်လှစ်ကုသပေးနေပါသည်။**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၊ မြေကွက်အမှတ်(FMI City Fontanar Lot 97)၊ ဧရိယာ(၇၁၈၃)စတုရန်းပေရှိ စီမံကိန်းပါမစ်မြေ (ဂရန်လျှောက်ထားဆဲ) မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အမှတ်-FG-97၊ ချင်းတွင်းလမ်း၊ (FMI City Fontanar Lot 97)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော (၂)ထပ်တိုက်နေအိမ်နှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို စီမံကိန်းစာရင်းတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးစိုးပိုင်[၁၂/ပဘတ(နိုင်)၀၀၅၁၇၈] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်၍ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ကြော်ငြာပါသည့် ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်သည့် ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးအေးအောင်(LL.B)** | **ဒေါ်ဖြူဖြူမျိုးအောင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဥ်-၄၃၂၂)** | **တရားလွှတ်တော်ရှေ့နေ (စဥ်-၄၆၁၈)** |

**အမှတ်-၁၂၁၊ ဒုထပ်၊ ဘုန်းကြီးလမ်းနှင့် ဂရိတ်ဝေါကွန်ဒိုစီ၊ အခန်းအမှတ်(၁၀၁)၊ ၄-လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၁-၂၂၅၆၉၄၊ ၀၉-၅၁၆၉၁၅၉၊ ၀၉-၇၃၀၄၅၆၈၇၊ ၀၉-၇၃၂၁၇၅၉၀**

---

## ဦးထွန်းလင်း[၁၀/မလမ(နိုင်)၁၈၉၇၂၉]၊ (ဘ)ဦးသိန်းညွန့်၊ အမှတ်(၁၀၇၃-ဘီ)၊ ပိတောက်လမ်း၊ (၃၄)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ (ပိုင်ဖြိုးသီဟကုမ္ပဏီလီမိတက်၏ အထွေထွေမန်နေဂျာဟောင်း) ဦးမင်းမင်း(ခ)ဦးမြင့်ဇော်(ဘ)ဦးသိန်းဆွေ [၁၂/လမန(နိုင်)၁၂၈၅၆၇]၊ အမှတ်-၄၇၁၊ (၁၃)ရပ်ကွက်၊ ကန်လမ်း၊ တောင်ကြီးမြို့ (အရောင်းကိုယ်စားလှယ်)နှင့် အများသိစေရန်

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်မေကြည် (ခ)ဒေါ်ယု[၉/မရတ(နိုင်)၀၆၇၈၅၇]၊ ပိုင်ဖြိုးသီဟ ကုမ္ပဏီလီမိတက်၏ မန်နေးဂျင်းဒါရိုက်တာ အမှတ်-၁၃၃၊ ရတနာဘုမ္မိအရှေ့၊ အကွက်အမှတ် (၅၁၁)၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။ ဦးထွန်းလင်းအား ပိုင်ဖြိုးသီဟကုမ္ပဏီလီမိတက်၏ အထွေထွေမန်နေဂျာအဖြစ်မှ ၃၁-၇-၂၀၁၄ရက်မှစ၍ ကုမ္ပဏီမှ ထုတ်ပယ်ပြီးဖြစ်ပါသည်။ ဦးထွန်းလင်းနှင့် ဦးမင်းမင်း(ခ)ဦးမြင့်ဇော် အပါအဝင် မည်သူမဆို ပိုင်ဖြိုးသီဟကုမ္ပဏီလီမိတက်၏ အကျိုးစီးပွားကိုသော်လည်းကောင်း၊ ကုမ္ပဏီ၏ ဂုဏ်သိက္ခာကိုသော်လည်းကောင်း၊ ကုမ္ပဏီပိုင်ရှင်မိသားစု၏ ဂုဏ်သိက္ခာကိုသော်လည်းကောင်း ထိခိုက်စေသည့် အပြောအဆို အပြုအမူများကို ယနေ့မှစ၍ လုံးဝဆက်လက်မပြုလုပ်ရန် သတိပေးတားမြစ်လိုက်သည်။ နောက်နောင် ပိုင်ဖြိုးသီဟကုမ္ပဏီလီမိတက်၏ အကျိုးစီးပွားနှင့် ကုမ္ပဏီပိုင်ရှင်မိသားစုဝင်များ၏ ဂုဏ်သိက္ခာကို ထိခိုက်စေသည့် အပြောအဆိုအပြုအမူများကို ပြုလုပ်ပါက မည်သူ့ကိုမဆို တည်ဆဲဥပဒေအရ ထိရောက်စွာ တရားစွဲအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမင်းလွင်** | **ဦးကျော်ဝင်း** |
| **H.G.P, LL.B (Advocate)** | **B.A,R.L.D.B.L (Advocate)** |
| **တရားလွှတ်တော်ရှေ့နေ(စဥ်-၄၆၇၇)** | **တရားလွှတ်တော်ရှေ့နေ (စဥ်-၅၀၀၀)** |
| **အမှတ်(၆၈)၊ ရတနာလမ်း၊ မင်းရပ်၊** | **တိုက်-၁၃၆/၁၃၈၊ အခန်းအမှတ်(၄၀၁)၊** |
| **မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်၊** | **၃၉-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊** |
| **ဖုန်း-၀၇၄-၂၂၈၁၀၊** | **ရန်ကုန်မြို့။** |
| **၀၉-၄၇၀၀၀၇၀၃၊ ၀၉-၂၄၀၁၉၀၀** | **ဖုန်း-၀၁-၃၉၈၁၈၆၊ ၀၉-၄၉၂၈၀၆၂၅** |

---

## ငြင်းချက်ထုတ်ရန်သမ္မာန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀)

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်တရားရုံး

၂၀၁၄ - ခုနှစ်၊ တရားမကြီးမှုအမှတ် - ၅

| | | |
|---|---|---|
| Thein Oo Services Co.,Ltd. | နှင့် | ဒေါ်ငွေး |
| (၎င်း၏ကိုယ်စား အခွင့်ရကိုယ်စားလှယ် - ဦးနိုင်ဝင်းစိုး) | | |
| တရားလို | | တရားပြိုင် |

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနဉယျာဉ်မြို့တော်၊ စစ်တောင်းအိမ်ရာ၊ ရတနာလမ်း၊ တိုက်အမှတ် (၀၀၁)၊ အခန်းအမှတ် (၂၉) တွင်နေထိုင်သူ ဒေါ်ငွေး (ယခုလိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"ငွေကျပ် - ၅၂၆၄၀၀၀/- (ကျပ်ငါးဆယ့်နှစ်သိန်း ခြောက်သောင်း လေးထောင်တိတိ) ရလိုမှု"** စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၄ - ခုနှစ်၊ စက်တင်ဘာလ (၃)ရက် (၁၃၇၆-ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်) နေမွန်းမတည့်မီ (၁၀)နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ် ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်က ထုချေတင်ပြ အဆိုပြုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၁၄ - ခုနှစ်၊ သြဂုတ်လ ( ၇ )ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးပေးလိုက်သည်။

အောင်နိုင်စိုး

တွံ့ဖက်မြို့နယ်တရားသူကြီး၊

ကျောက်တံတားမြို့နယ်တရားရုံး

---

## ၅-၈-၂၀၁၄ရက်စွဲပါ တုံ့ပြန်ရှင်းလင်းကြေညာခြင်း ကြေညာချက်ပါ ဒေါ်မြင့်မြင့်လှ၏ ညွှန်ကြားချက်အရ ဆင်ခြင်တုံတရားမရှိဘဲ ဖြစ်ရပ်မှန်ကို မသိရှိသည့်ရှေ့နေများ ကြေညာချက်ကို ဦးမောင်မောင်နှင့်ဦးကျော်ဇောလင်းတို့ဘက်က ရှင်းလင်းခြင်း

ဦးမောင်မောင်နှင့် ဦးကျော်ဇောလင်း ကြယ်စင်ထင်ရှားကုမ္ပဏီ MD နှင့် ဒါရိုက်တာတို့၏ ညွှန်ကြားချက်အရ ဖြစ်ရပ်မှန်ကို ရှင်းလင်းကြေညာပါသည်။

မြေပိုလက်တွေ့ဆောက်လုပ်ခွင့်ရှိမရှိ စာချုပ်သည့်အချိန်ကဖြစ်ရပ်ကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကိုယ်တိုင်သွားရောက် စုံစမ်းပါက ဌာနတွင် အမှန်တရားရှိနေခြင်းအပေါ် ရပ်သိရွာသိ လူတကာသိဟု ပြောဆိုရုံဖြင့် မလုံလောက်ပါ။ ဌာနဆိုင်ရာကသာလျှင် မြေပိုအမှန်တကယ်ရှိမရှိ အသိအမှတ်ပြုခြင်းကို မျက်စိမှိတ်ငြင်းဆန်နေခြင်းသာ ဖြစ်ပါသည်။

ဦးကျော်ဇောလင်းနှင့် ဦးမောင်မောင်တို့သည် ဒေါ်မြင့်မြင့်လှအပေါ် ၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၃၇၅အရလည်းကောင်း၊ တရားမကြီးမှုအမှတ်-၃၇၆အရလည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်တွင် တရားစွဲဆိုထားပြီးသည့်နောက်ပိုင်းမှ ပါရှိလာသောကြေညာချက် ဖြစ်ပါသည်။ တရားရုံးတော်တွင်ရှိနေသော အမှုအား ဦးမောင်မောင်နှင့် ဦးကျော်ဇောလင်းတို့ဘက်က အမှန်အတိုင်း ဖော်ပြစွဲဆိုထားပြီးသည့် နောက်ပိုင်းတွင် ပါရှိလာသောကြေညာချက်မှာ သိလျက်နှင့်ကြေညာသည်ဖြစ်စေ၊ မသိလိုက်ပါဟု အကြောင်းပြ၍ ကြေညာသည်ဖြစ်စေ ညွှန်ကြားချက်ပေးသူနှင့် ကြေညာသူရှေ့နေကြီးများအပေါ် တာဝန်ရှိလာမည်ဖြစ်ပါသည်။ မိမိအပေါ် စွဲဆိုသောအမှုအား ရင်ဆိုင်ဖြေရှင်းခြင်းမရှိဘဲ သတင်းစာကြေညာချက်ဖြင့် ရည်ရွယ်ချက် အမျိုးမျိုးထားရှိကြေညာခြင်းအား ကျွန်ုပ်တို့၏ မိတ်ဆွေများက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ဖြစ်ရပ်မှန်ရှင်းလင်းပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးမြင့်သောင်း** | **ဒေါ်ကျော့ကျော့ဝေ** | **ဒေါ်မိုးမိုးခိုင်** |
| **(စဥ်-၄၀၄၄)** | **(စဥ်-၇၈၉၂)** | **(စဥ်-၈၇၂၃)** |

**တရားလွှတ်တော်ရှေ့နေများ**

| | |
|---|---|
| **ဒေါ်နီနီရည်ဝေ(စဥ်-၃၅၈၀၁)** | **ဒေါ်တင်ဇာကျော်(စဥ်-၄၄၁၁၆)** |

**အထက်တန်းရှေ့နေများ**

**အမှတ်(၂၀၃)၊ (၃)လွှာ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၀)၊ မြေကွက်အမှတ်(၁၁၅)၊ အလျား ပေ၆၀×အနံ ပေ၂၀ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးနေဝင်း[၁၂/သကတ(နိုင်)၀၇၆၄၃၅]၊(TTA-၁၁၀၉၀)က တရားဝင်အမည်ပေါက်ပိုင်ဆိုင်ခဲ့ပြီး ၎င်းထံမှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူလက်ရှိပိုင်ဆိုင်သူ ဦးမောင်မောင်အောင်[၁၂/ဒဂန(နိုင်)၀၀၂၆၈၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ ယင်းအိမ်မြေအကျိုးခံစားခွင့်များနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စ ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခိုင်ခိုင်ဦး (LL.B,LL.M)** | **ဒေါ်ဖြိုးပြည့်ပြည့်ဟန်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၅၅)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၁-၃၈၃၈၂၉**

---

## အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ ရွှေလောင်းလမ်း၊ တိုက်အမှတ် (၅၂)၊ ၄-လွှာ၊ ခေါင်းရင်းခြမ်း (အလျား ၁၂. ၅ ပေ×အနံ ၄၅ပေ) အကျယ်အဝန်းရှိ တိုက်ခန်းအား ရောင်းချခွင့်ရှိသူ ဒေါ်စန်းအေး[၁၂/စခန(နိုင်)၀၀၆၃၃၇]ထံမှ ဝယ်ယူရန်အလို့ငှာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ယုသော်[၆/ထဝန(နိုင်)၀၀၇၀၁၅]မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။ သို့ပါ၍ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဇော်ဇော်ဟန်** | **ဦးရဲမင်းထွဋ်** |
| **တရားလွှတ်တော်ရှေ့နေ (စဥ်-၈၅၄၀)** | **အထက်တန်းရှေ့နေ(စဥ်-၃၀၉၉၀)** |
| **LL.B, D.B.L,D.I.L** | **LL.B,D.B.L** |

**အမှတ်(၁၄၈၂)၊ မြင်တော်သာလမ်း၊ ၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၀၆၄၄၉၀၊ ၀၉-၇၃၁၃၄၅၃၇**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၁၂

| | | |
|---|---|---|
| ဒေါ်ချိုချိုလင်း | နှင့် | ဦးစိုးဝင်းပါ(၂) |
| **တရားလို** | | **တရားပြိုင်** |

ဦးစိုးဝင်း၊ ဒေါ်မြင့်မြင့်သိန်း မ-၆၄၉၊ ထွန်းသီရိလမ်း၊ (၃၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆို မှတ်ပုံတင်ပေးစေလိုမှု စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့် အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်အလက်များကို ချေပ ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၄ခုနှစ် သြဂုတ်လ ၁၈ရက် (၁၃၇၆ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသား ပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ပျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်က ထုချေတင်ပြအဆိုပြုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာ ရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ်၊ သြဂုတ်လ ၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

**(အောင်သန်းဝင်း)**

**မြို့နယ်တရားသူကြီး**

**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရွှေပြည်သာမြို့နယ်တရားရုံး

၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၈၆

| | | |
|---|---|---|
| ဒေါ်ချိုချိုထွေး | နှင့် | ၁။ ဦးထွန်းတင် |
| | | ၂။ ဦးထွန်းရီ |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ်(၁၄) ဈေးလမ်း၊ မူလလိပ်စာပါ သိရှိပြီး ယခုနေရပ်လိပ်စာအားမသိရှိ၍ ငြင်းချက်ထုတ်ဆင့်ရန် အတည်ဖြစ်နိုင်ရေးအတွက် အခြားနည်းဖြစ်သော ဥပဒေပြဋ္ဌာန်းချက်အရ သတင်းစာတွင် ထည့်သွင်းကြော်ငြာ၍ ၁။ တရားပြိုင်ဦးထွန်းတင် သိစေရမည်။ သင့်အပေါ် တရားလိုကမြေကွက်အား တရားလိုတစ်ဦးတည်းသာ လက်ရှိထားပိုင် ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွပ်စွဲချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်ရပ်တို့ကို ချေပ ပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှု နှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၄ ခုနှစ် သြဂုတ်လ ၂၇ ရက် (၁၃၇၆ ခုနှစ်၊ တော်သလင်းလဆန်း ၃ရက်) မွန်းမတည့်မီ ၁၁ နာရီတွင် အထက်ကအမည် ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းစေရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာ မရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ ၄ ရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ်၊ သြဂုတ်လ ၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(မောင်မောင်ခင်)**

**ဒုတိယမြို့နယ်တရားသူကြီး(၂)**

**ရွှေပြည်သာမြို့နယ်တရားရုံး**

## ကုမ္ပဏီအမှတ်တံဆိပ်အမည်အမှတ်အသား တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း အသိပေးကြေညာချက်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အင်းယားရိပ်သာလမ်း၊ အမှတ်(၁၂ /ဒ) တွင်ကုမ္ပဏီရုံးခန်းဖွင့်လှစ်ထားသော ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ မြန်မာပိတောက် ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်၊ ကုမ္ပဏီမှတ်ပုံတင်အမှတ် (၃၈ / ၂၀၀၂-၂၀၀၃) ဒါရိုက်တာအဖွဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

တံဆိပ်အမည်အမှတ်အသား

Mp

မှတ်ပုံတင်အမှတ် - ( ၄၉၀၈ / ၂၀၁၄ )

မြန်မာပိတောက် ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်သည် အောက်ဖော်ပြပါ Mp ကုမ္ပဏီအမှတ်တံဆိပ်အမည်ကို ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် (၄၉၀၈ /၁၄)ဖြင့် မှတ်ပုံတင်စာချုပ် ချုပ်ဆိုတင်သွင်းထားပြီး ဖြစ်ပါသည်။

မြန်မာပိတောက် ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်သည် Mp တံဆိပ်အမည် အမှတ်အသားဖြင့် ကုမ္ပဏီမှ တင်သွင်းမှာယူထုတ်လုပ်ရောင်းချသော လူသုံးကုန်ပစ္စည်းအမျိုးမျိုးတို့ပေါ်တွင် ကပ်နှိပ်၍ ဖြန့်ဖြူးရောင်းချသွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုမ္ပဏီအမှတ်တံဆိပ်အမည်အမှတ်အသားကို ကျွန်ုပ်တို့၏ မိတ်ဆွေကုမ္ပဏီမှလွဲ၍ အခြားတစ်ဦးတစ်ယောက်မှ ဖြစ်စေ၊ အများမှဖြစ်စေ၊ အသင်း/အဖွဲ့အစည်းများမှဖြစ်စေ၊ တံဆိပ်အမည်အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ထပ်တူဖြစ်စေ၊ အရောင်အသွေးပုံစံတူဖြစ်စေ၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား ပြုလုပ်သုံးစွဲပါက ဖြစ်မှုကြောင်း၊ တရားမကြောင်းအရ ဥပဒေနှင့်အညီ တရားစွဲဆိုမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ - ဦးချစ်ကိုကို (စဉ် - ၂၈၀၃)**
**LL.B,H.G.P,Dip in Business Law, Dip in Applied Psychology, Dip in Maritime Law, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေကြီးနှင့် စီးပွားရေးလုပ်ငန်း ဥပဒေဆိုင်ရာအကြံပေးပုဂ္ဂိုလ်**

**ဦးအောင်မြင့်ထွန်း(LL.B)** တရားလွှတ်တော်ရှေ့နေ (စဉ်- ၇၄၇၁)
**ဦးရာဇာဝင်း (LL.B)** အထက်တန်းရှေ့နေ (စဉ်- ၃၉၆၀၃)
**ဦးအောင်ပြည့်ဖြိုးလွင်(LL.B)WIPO (Switzerland)** အထက်တန်းရှေ့နေ (စဉ်- ၃၉၂၆၇)

**အမှတ် (၆၀)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၅၂၈၂၄**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဆင်ဖုန်းရွာနေ ဦးတင်စိုး[၁၂/လကန(နိုင်) ၀၄၁၇၉၇]ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဆင်ဖုန်းရွာရှိ ကွင်းအမှတ်-၄၈၅-အေ၊ ဦးပိုင်အမှတ်(၆/၄) ဧရိယာ(၀. ၁၅၈ကေ) ပေ(၄၀×၆၀) မြေကွက်(၃)ကွက်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နန်းမြခင်[၁၃/မရတ(နိုင်) ၀၀၀၅၃၂]က သတ်မှတ်တန်ဖိုးငွေ အပြေအကျေပေးချေဝယ်ယူပြီးဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဥပဒေအရခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက တရားဝင်ပိုင်ဆိုင်မှုဖြစ်စေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိန်ဝင်း (LL.B) အထက်တန်းရှေ့နေ(စဉ်-၁၅၂၇၄)**
**အမှတ်(၁၁)၊ ဘိုးရာဇာလမ်း၊ (၉)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၃၁၂၉၄၁၀၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၇/အရှေ့ရပ်ကွက်၊ အောင်သပြေအနောက်(၃)လမ်း၊ မြေကွက်အမှတ်(၂၇၀)၊ ဦးစံလှအမည်ပေါက် နှစ်(၆၀)ဂရန် ပေ(၄၀×၆၀)မြေကွက်၏ ခြေရင်းပေ(၁၀×၆၀)မြေကွက်နှင့်အိမ်ကို တရားဝင်ပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြုသူ ဦးအောင်ဝင်း [၈/မမန(နိုင်) ၁၀၉၂၀၁]ထံမှ ကျွန်မဒေါ်ခင်ခင်မြင့်[၁၂/သကတ(နိုင်)၁၀၄၇၀၂]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်မထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အဆိုပါရက်ကျော်လွန်ပါက အရောင်းအဝယ်ကို တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူအများအားသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ခင်မြင့်**
**ဖုန်း-၀၉-၄၂၀၀၈၂၄၂၄**
**အမှတ်(၂၈)၊ အောင်သပြေအရှေ့(၁)လမ်း၊ ၇/အရှေ့ရပ်ကွက်။**
**သာကေတမြို့နယ်။**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်း/တောင်ရပ်ကွက်၊ ဆီဆုံလမ်း၊ အမှတ်(၂၃) မှ ဒေါ်တင်တင်အေး[၁၂/စခန(နိုင်)၀၀၅၀၀၈]၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ မြေကွက်အမှတ်(၈၄)၊ အကျယ်အဝန်း ပေ(၈၀×၆၀)ရှိ မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၌ ဒေါက်တာရဲထွဋ် အမည်ပေါက်သည့် ပါမစ်မြေမူရင်းပျောက်ဆုံး၍ ကျမ်းကျိန်လွှာ၊ ထပ်ဆင့် ကျမ်းကျိန်လွှာများ၊ လိုအပ်သောစာရွက်စာတမ်းထောက်ခံစာများဖြင့် မြေယာဌာနသို့ မြေပိုင်ရှင် ဒေါ်တင်တင်အေးမှ မည်သူကိုမျှ ဂရန်သစ် ထုတ်မပေးပါရန် မြို့တော်စည်ပင်(မြေယာဌာန)သို့ ၃၀-၇-၂၀၁၄ ရက်စွဲပါ ဝင်စာအမှတ်(၁၃၄၇၉)ဖြင့် တရားဝင်တင်ပြတားမြစ်ထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်အား အထက်ဖော်ပြပါ ကျွန်ုပ်၏အမှုသည်မှလွဲ၍ အခြားမည်သူတစ်ဦးတစ်ယောက်မျှ ဂရန်သစ်လျှောက်ထားခြင်း၊ ထုတ်ယူခြင်းမပြုလုပ်ပါရန် တားမြစ်ကြော်ငြာအပ်ပါသည်။

ဤသို့ အဘက်ဘက်မှ တားမြစ်၊ ပိတ်ပင်၊ ကြော်ငြာထားသည်ကိုလိုက်နာခြင်းမပြုဘဲ စွန့်စားဆောင်ရွက်မှုပြုခဲ့လျှင် ပြုလုပ်သူအား တရားဥပဒေအရ ထိရောက်စွာ အရေးယူပေးပါရန် ညွှန်ကြားထားပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းမြင့် (စဉ်-၂၂၃၃၃) B.A (Eco), D.A, H.G.P**
**အထက်တန်းရှေ့နေ**
**အမှတ်(၄၈)၊ ပထမထပ်၊ (A)၊ လမ်း(၉၀)၊**
**ကန်/နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**

## ဦးဂျန်တူး(ခ)ဂျာရတ်မစ္စရာ(PBDN-03893)မှ ငွေများပေးဆပ်ရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆) ရပ်ကွက်၊ ပြည်တော်အေးလမ်း၊ အမှတ်(၁၆)နေ ဒေါ်ခင်ညိုညို[၁၂/ရကန(နိုင်) ၀၅၄၆၄၅]နှင့် မောင်ကျော်ရည်မွန်ထူး [၁၂/ရကန(နိုင်)၀၆၂၄၅၈]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာပါသည်။

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၆)ရပ်ကွက်၊ (၂၉)လမ်း၊ အမှတ်(၅၀)၊ ဒုတိယထပ်တွင် နေထိုင်သည့် ဦးဂျန်တူး(ခ) ဂျာရတ်မစ္စရာသည် ကျွန်ုပ်တို့၏ မိတ်ဆွေများထံမှ ၃၁-၈-၂၀၁၁ ရက်စွဲပါ နှစ်ဦးသဘောတူ ငွေယုံကြည်အပ်နှံခြင်း ကတိစာချုပ်အရ ငွေကျပ်၃၀၀၀၀၀၀၀ိ/-(ကျပ်သိန်းသုံးရာတိတိ) အား ၂၈-၉-၂၀၁၁ ရက်တွင် ပြန်လည်ပေးဆပ်ရန်ဖြစ်သော်လည်း ယနေ့တိုင် ပြန်လည်ပေးဆပ်ခြင်း မရှိကြောင်းကို သိရှိရပါသည်။

သို့ဖြစ်ရာ ဤကြေညာချက်ပါရှိသည့်ရက်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံဖြစ်စေ၊ ကျွန်ုပ်တို့၏မိတ်ဆွေများထံသို့ဖြစ်စေ အမြန်ပြန်လည်ပေးဆပ်ပါရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်မိုးအောင် (စဉ်-၉၇၂၀)** LL.B,D.B.L,DML,DIL
**ဦးသန်းစိုးထွန်း(စဉ်-၈၁၇၀)** LL.B, D.B.L, WIPO, D.L.P (Switzerland)

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၂၆)၊ ပထမထပ်၊ အခန်း(၁၇)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၈၁၇၅၈၊ ၀၉-၅၁၇၃၉၆၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ လူနေရပ်ကွက်အမှတ်-စက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်- ဇုန်(၄)၊ မြေကွက်အမှတ်-၉၃ဟုခေါ်တွင်သော ဧရိယာ (၁. ၀၀၂)ဧက (အလျား ၂၆၁'×အနံ ၁၆၆'၉" / ၁၆၇'၉" ) အကျယ်အဝန်းရှိမြေကွက်ကြီးနှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြသော ဒေါ်အေးမြင့်[၁၂/မရက(နိုင်)၀၆၉၇၅၇](ISN-၀၅၆၅၁၀)နှင့် ဦးကြည်ဝင်း [၁၂/ဗဟန(နိုင်)၀၄၅၃၈၁](T/RGN-၀၀၄၅၃၂) တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သီဂီစိုး(LL.B,D.M.L,D.B.L)** အထက်တန်းရှေ့နေ(စဉ်-၂၃၁၉၆)
**ဒေါ်စန်းစန်းဝင်း(LL.B,D.B.L)** တရားလွှတ်တော်ရှေ့နေ(စဉ်-၆၉၄၈)

**တိုက်-၉/၁၁၊ အခန်း-၃(ဘီ)၊ မြေညီထပ်၊ (၃၆)လမ်း(လမ်းတို)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၁၀၇၈၂၅၅၊ ၀၉-၄၉၅၉၄၇၇၄၇**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**လှိုင်သာယာမြို့နယ် တရားမရုံး၌**
**၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၉၃**

| | | |
|---|---|---|
| ဦးအေးမင်း<br>အမှတ် (၈၅၇/ခ)၊ ဦးပေါ်ဦး(၄)လမ်း၊<br>(၁၈)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး။<br>**တရားလို** | နှင့် | ဒေါ်လေးလေးနွယ်<br>အမှတ်(၈၅၇/ခ)၊ ဦးပေါ်ဦး(၄)လမ်း၊<br>(၁၈)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး။<br>**တရားပြိုင်(ယခင်လိပ်စာ)** |

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၈)ရပ်ကွက်၊ ဦးပေါ်ဦး (၄)လမ်း၊ အမှတ်(၈၅၇/ခ)နေ ဒေါ်လေးလေးနွယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု" ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်၊ (၁၃၇၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ရက်) နံနက် ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝင်းထွဋ်အောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၄)**
**လှိုင်သာယာမြို့နယ်တရားရုံး**

## ဒေါ်စန်းစန်းသီ၏ ၃-၈-၂၀၁၄ ရက်စွဲပါ အများသိစေရန် ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

အထက်ကြေညာချက်ပါကိစ္စနှင့်ပတ်သက်၍ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၂)ရပ်ကွက်၊ ပြည်လမ်း၊ အမှတ်-၆၀၃/ခ၊ (၂)ခန်းတွဲ၊ (၉)ထပ်တိုက် နေအိမ်နှင့်ပတ်သက်၍ ဒေါ်စန်းစန်းသီ [၁၂/စခန(နိုင်)၀၄၄၀၆၃]ကြေညာချက်ပါ (၈)ထပ်တိုက်ဆိုသည်မှာမမှန်ပါ။ (၉) ထပ်တိုက်သာဖြစ်ပါသည်။ ထို့ပြင် ဒေါ်စန်းစန်းသီ ကြော်ငြာချက်ပါ အပေါ်ဆုံး(အေ)ဟုခေါ်တွင်သည့်အခန်းသည် မိသားစုမြေပိုင်ရှင် (၆)ဦးပိုင်ဖြစ်ပါသည်။ မမှန်ပါ။ မြေပိုင်ရှင် (၆)ဦးဆိုသည်မှာ မှန်သော်လည်း အဆိုပါ အပေါ်ဆုံးထပ်၊ အခန်းအမှတ်(အေ)နှင့်ပတ်သက်၍ မြေပိုင်ရှင်တစ်ဦးဖြစ်သူ ဒေါ်ယုယုဌေးသိရှိခြင်းမရှိဘဲ ကျန်မောင်နှမ (၅)ဦးမှ ၂၆-၂-၂၀၁၃ရက်စွဲပါ နောက်ဆက်တွဲ စာချုပ်ချုပ်ဆိုခဲ့ခြင်းသာဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ယုယုဌေး**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထိုက်ထိုက်စိုး**
**အထက်တန်းရှေ့နေ (စဉ်-၃၃၆၁၈)**

## အိပ်မက်ပွင့်
## အမျိုးသမီးအလှပြင်သင်တန်းကျောင်း

ခေတ်ပေါ်ဆံပင်၊ မိတ်ကပ်၊ ဆံထုံးအမျိုးမျိုး၊ ခြေလက်၊ Body Spaနှင့် ပန်းအလှပြင်သင်တန်းများကို အခြေခံ၊ အဆင့်မြင့် အပြီးစီး ဘာသာစုံ ၃၅၀၀၀၀ ကျပ်ဖြင့် မတတ်မချင်း သင်ကြားပေးသည်။

**အမှတ်(၄၂)၊ ဇဂ်မလမ်း၊ အနောက် ၂/မြောက်ရပ်ကွက်၊ အနော်မာလမ်းဆုံမှတ်တိုင်၊ သာကေတ။ ဖုန်း-၀၉-၅၀၈၂၁၈၅**

## ဖောင်းကြွပျောက်
## လျှောက်ထားခြင်း

ယာဉ်အမှတ်-၄ဃ/၆၉၃၉ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## စာအုပ်စာပေလူ့မိတ်ဆွေ

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀**
**ရွှေပြည်သာမြို့နယ်တရားရုံး**
**၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၈၆**

| | | |
|---|---|---|
| ဒေါ်ချိုချိုထွေး | နှင့် | ၁။ ဦးထွန်းတင်<br>၂။ ဦးထွန်းရီ |
| တရားလို | | တရားပြိုင် |

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၇)ရပ်ကွက်၊ အမှတ်(၁၈)၊ (၁၅)လမ်း၊ မူလလိပ်စာပါသိရှိပြီး ယခုနေရပ်လိပ်စာအားမသိရှိ၍ ငြင်းချက်ထုတ်ဆင့်ရန် အတည်ဖြစ်နိုင်ရေးအတွက် အခြားနည်းဖြစ်သောဥပဒေပြဋ္ဌာန်းချက်အရ သတင်းစာတွင်ထည့်သွင်းကြော်ငြာ၍ ၂။ တရားပြိုင်ဦးထွန်းရီ သိစေရမည်။

သင့်အပေါ်တရားလိုက မြေကွက်အား တရားလိုတစ်ဦးတည်းသာ လက်ရှိထားပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွပ်စွဲချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၄ခုနှစ်၊ ဩဂုတ်လ ၂၇ရက် (၁၃၇၆ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်) မွန်းမတည့်မီ ၁၁ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းစေရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၁၄ခုနှစ်၊ ဩဂုတ်လ ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မောင်မောင်ခင်)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)၊ ရွှေပြည်သာမြို့နယ်တရားရုံး**

## ဦးနိုင်ဝင်း[၁၂/မဂတ(နိုင်)၀၄၉၄၇၂] "Naing Brother Construction Group" သိသာရန်

ကျွန်ုပ်အမှုသည်ဖြစ်သော တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရာဇာဓိရာဇ်လမ်း၊ အမှတ်(၄၀၆)နေ ဦးမင်းစိုး(S/OKA-၁၁၂၃၁၃)နှင့် ဒေါ်ရင်ညွန့်(BQ-၀၂၇၃၈၉)တို့၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်အမှုသည်ပိုင်ဆိုင်သော တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရာဇာဓိရာဇ်လမ်း၊ အမှတ်(၄၀၆)၊ ပေ(၂၀×၆၀)ရှိ မြေပေါ်တွင် (၆)ထပ်တိုက်(၁)လုံး၊ အကျိုးတူဆောက်လုပ်ရန်အတွက် ၁၆-၉-၂၀၁၃ရက်တွင် လူကြီးမင်းနှင့် ကျွန်ုပ်အမှုသည်တို့ အသိသက်သေများရှေ့မှောက်တွင် "(၆)ထပ်တိုက်သစ်ဆောက်လုပ်ရန်အတွက် မြေရှင်/အိမ်ရှင်နှင့် ကန်ထရိုက်တာတို့ နှစ်ဦးသဘောတူကတိစာချုပ် လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ပါသည်။ ၎င်းနောက် လူကြီးမင်းက ကျွန်ုပ်အမှုသည်ထံမှ ကန်ထရိုက်တိုက်ဆောက်လုပ်ရန်အတွက် ၁၈-၉-၂၀၁၃ရက်တွင် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အထွေထွေကိုယ်စားလှယ်လွှဲစာ ပေးအပ်ခဲ့ပါသည်။ ၎င်းအပြင် မြေဂရန်စာချုပ်မူရင်းနှင့်မူလဂရန်အမည်ပေါက် ဦးကျော်ညွှန့်၏ဇနီးထံမှ ကျွန်ုပ်၏အမှုသည် ရယူထားသော အထွေထွေကိုယ်စားလှယ်လွှဲစာမူရင်းကိုလည်း လူကြီးမင်းမှ ယူဆောင်သွားခဲ့ပါသည်။

လူကြီးမင်းသည် ကျွန်ုပ်အမှုသည် မြေပေါ်တွင် (၆)ထပ်တိုက်သစ်ဆောက်လုပ်ရန်အတွက် ၁၆-၉-၂၀၁၃ရက်မှ နှစ်ဦးသဘောတူလုပ်ငန်းလုပ်ကိုင်ရန် စာချုပ်ချုပ်ဆိုခဲ့သော်လည်း ယနေ့ထိဆိုလျှင် (၁၀)လကျော်ကြာမြင့်သည့်တိုင်အောင် လူကြီးမင်းမှ ကျွန်ုပ်အမှုသည်ပိုင်မြေကွက်နှင့် ပတ်သက်၍ မည်သည့်လုပ်ငန်းကိုမျှ အကောင်အထည်ဖော်နိုင်ခြင်း မရှိသေးပါ။

ဦးမင်းစိုး၏ မူလတရားလွှတ်တော်ရှေ့နေ ဒေါ်ရီရီသန့်က လူကြီးမင်းထံ ၇-၇-၂၀၁၄ရက်နှင့် ၂၄-၇-၂၀၁၄ရက်စွဲပါ နို့တစ်စာများပေးပို့ခဲ့သော်လည်း လူကြီးမင်းက မည်သို့မျှ အကြောင်းပြန်ကြားခဲ့ခြင်းမရှိပါ။ လူကြီးမင်းသည် ကျွန်ုပ်အမှုသည်နှင့်ချုပ်ဆိုခဲ့သော ၁၆-၉-၂၀၁၃ပါ (၆)ထပ်တိုက်သစ်ဆောက်လုပ်ရန်အတွက် မြေရှင်/အိမ်ရှင်နှင့် ကန်ထရိုက်တာတို့ နှစ်ဦးသဘောတူချုပ်ဆိုခဲ့သောပဋိညာဉ်ကို လူကြီးမင်းက စတင်ဖောက်ဖျက်ခဲ့သဖြင့် လူကြီးမင်းမှ ကျွန်ုပ်အမှုသည်သို့ ပေးအပ်ခဲ့သော ငွေကျပ်သိန်း-၅၀၀၀၀၀၀ိ/-(ကျပ်သိန်းငါးဆယ်တိတိ)ကို ဆုံးရှုံးသွားပြီဖြစ်ကြောင်း သိစေအပ်ပါသည်။

၎င်းနောက် လူကြီးမင်းက ကျွန်ုပ်အမှုသည်ထံမှရယူခဲ့သော အမှတ်(၄၀၆)၊ ရာဇာဓိရာဇ်လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ရှိ ပေ(၂၀×၆၀)မြေကွက်ရှိ နှစ်(၆၀)မြေငှားဂရန်မူရင်း၊ ဂရန်အမည်ပေါက် ဦးကျော်ညွှန့်၏ဇနီး ဒေါ်ရင်ညွန့်မှ ကျွန်ုပ်အမှုသည် ဦးမင်းစိုးသို့ လွှဲအပ်ခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာမူရင်း ဒေါ်ရင်ညွန့်မှ လူကြီးမင်းသို့ လွှဲအပ်ပေးထားသော အထွေထွေကိုယ်စားလှယ်လွှဲစာမူရင်းအပြင် လွှဲအပ်ထားသော စာရွက်စာတမ်းမူရင်းများအားလုံးကို ဤကြေညာပါသည့်နေ့မှ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်အမှုသည်ထံသို့ဖြစ်စေ မပျက်မကွက် ပြန်လည်ပေးအပ်ပါရန် တောင်းဆိုအပ်ပါသည်။

ထို့ပြင် လူကြီးမင်းအား လွှဲအပ်ခဲ့သည့် ဦးမင်းစိုးနှင့်ဒေါ်ရင်ညွန့်တို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာများကို ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်းနှင့် တရားလွှတ်တော်ရှေ့နေ ဒေါ်ရီရီသန့်မှ လူကြီးမင်းထံပေးပို့သော နို့တစ်စာ(၂)စောင်ကိုလည်း ပြန်လည်ရုပ်သိမ်းကြောင်း အသိပေးကြေညာအပ်ပါသည်။

အကယ်၍လူကြီးမင်းထံမှ ဤကြေညာချက်ပါအတိုင်းလိုက်နာရန် ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုတော့မည်ဖြစ်ကြောင်း ထပ်မံအသိပေးကြေညာအပ်ပါသည်။

ဦးမင်းစိုးနှင့်ဒေါ်ရင်ညွန့်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ

**ဦးမောင်မောင်တင် LL.B.,D.B.L**
**တရားလွှတ်တော်ရှေ့နေ(၃၃၃၆/၈၅)**
**အမှတ်-၅၀၊ ပထမထပ်၊ အခန်း(A-7)၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

သာကေတမြို့နယ်၊ ၄/မြောက်ရပ်ကွက်၊ မြို့မ(၁၀)လမ်း၊ အမှတ်(၃၃၈)နေ ဦးကျော်သူရ-ဒေါ်လှလှမော်၏သားဖြစ်သူ မောင်ကျော်ဇင်ဝင့်သည် မိဘ၏ဆိုဆုံးမမှုကို နားမထောင်ပါသဖြင့်သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စမှန်သမျှကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးကျော်သူရ[၉/ မနမ(နိုင်) ၀၉၄၀၉၈]**
**ဒေါ်လှလှမော်[၁၂/သကတ(နိုင်)၀၁၀၈၂၇]**

